Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

MAI
Myanmar Airways International

Vol. 5 / No. 145 Established in 2004 ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ( ၈ ) ရက်၊ (Thursday, September 28, 2017)

# ဘင်္ဂလားဒေ့ရှ်သို့ ဖမ်းသွားသည့် အမျိုးသမီးရှစ်ဦး ပြန်ခေါ်ရန် မြန်မာအစိုးရ ကြိုးပမ်း

ရန်ကုန်၊ စက်တင်ဘာ ၂၇

အကြမ်းဖက်သမားများက မွတ်ဆလင် ဘာသာဝင်အဖြစ် အတင်းအကျပ်သွတ်သွင်း၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ခေါ်ဆောင်သွားသော ဟိန္ဒူဘာသာဝင် အမျိုးသမီး ၈ ဦး ပြန်လည်ခေါ်ယူရေးကို ရဲချုပ်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့က လုပ်ဆောင်နေကြောင်း မောင်တောခရိုင် အုပ်ချုပ်ရေးမှူးက ပြောဆိုသည်။

လတ်တလောတွင် အကြမ်းဖက်သမားများက ဘင်္ဂလားဒေ့ရှ် စာ 2

## ရခိုင်အရေးအတွက် ကုလအကြီးအကဲ ယနေ့မိန့်ခွန်းပြောမည်၊ အောက်တိုဘာလအတွင်း လုံခြုံရေးကောင်စီသို့ လာရောက်ပြီး အလွတ်သဘောဆွေးနွေးရန် ကိုဖီအာနန်ကို ပြင်သစ်ဖိတ်ကြား စာ 3



ဓာတ်ပုံ – ရဲပြည့်စာနည်

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး ၁၀ နှစ်ပြည့်အခမ်းအနားကို ရန်ကုန်မြို့ မွေ့ပီယကျောင်းတိုက်တွင်ကျင်းပခဲ့ရာ တော်လှန်ရေးကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်နှိမ်နင်းမှုကြောင့် သေဆုံးခဲ့သည့် ဂျပန်သတင်းထောက် ကန်ဂျီနာဂါအိ အမှတ်တရအနေနှင့် ချိတ်ဆွဲထားသည့် ဗီနိုင်းပေါ်တွင် လက်မှတ်ရေးထိုးနေသူတစ်ဦးကို စက်တင်ဘာလ ၂၅ ရက်နေ့က တွေ့ရစဉ်

## မဘသနှင့် ရန်ကုန်တိုင်း ဝန်ကြီးချုပ်တို့ သင်ပုန်းချေရန် နှစ်ဖက်သဘောတူ

ရန်ကုန်၊ စက်တင်ဘာ ၂၇

မဘသအဖွဲ့နှင့် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ယခင်ကာလများ၌ တစ်ဖက်နှင့်တစ်ဖက် ပြောဆိုမှုများကိုသင်ပုန်းချေရန် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း မဘသအဖွဲ့ စာ 3

## ပျောက်ဆုံး တပ်မတော်လေယာဉ် ရှာဖွေပေးရန် ဆုငွေထုတ် စာ 5

## အကြမ်းဖက် သောင်းကျန်းမှုများရှုတ်ချပွဲ ဘူးလက်လှဆွေနှင့် ဒေါ်ခင်ဝိုင်းကြည် မိတ္ထီလာတွင် ယနေ့ဟောပြောမည် စာ 11




ဓာတ်ပုံ – အောင်နိုင် စာ 9

## မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ မောင်တောဒေသတွေ့ရှိချက်များ ရက်ပိုင်းအတွင်း ထုတ်ပြန်မည် စာ 2

## မှတ်ပုံတင်၊ သန်းခေါင်စာရင်းအတုဖြင့် ပတ်စ်ပို့လာလျှောက်သည့် တရုတ်နိုင်ငံသားတစ်ဦးကို ဖမ်းမိ စာ 24

## ကြက်သွန်တစ်ပိဿာ ကျပ် ၂၀၀ နီးပါး ဈေးတက် စာ 7




No.60, Daw Thein Tin Road, Mingalar Taung Nyunt Township,Yangon, Myanmar. 951-252213, 09-425330754, 09-976923094 Email: omarwinkoko@gmail.com

# မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ မောင်တောဒေသ တွေ့ရှိချက်များ ရက်ပိုင်းအတွင်း ထုတ်ပြန်မည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး တွေ့ရှိချက်များကို ရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း ယင်းကော်မရှင်ထံမှ သိရသည်။

စက်တင်ဘာလ ၂၅ရက်နေ့က မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များသည်ရခိုင်ပြည်နယ်မောင်တောသို့သွားရောက်ခဲ့ပြီး ဒေသခံများထံ တွေ့ဆုံမေးမြန်းမှုများ စတင်ပြုလုပ်လျက်ရှိသည်။

မောင်တောဒေသတွင် မျိုးတုံးသတ်ဖြတ်မှုများ ရှိနေသည်ဟု စွပ်စွဲမှုများ နိုင်ငံတကာတွင် ပျံ့နှံ့နေမှုများနှင့် ပတ်သက်၍ အဓိက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပြီး ဘင်္ဂါလီရွာ၊ ဟိန္ဒူရွာနှင့် တိုင်းရင်းသား ရွာများသို့လည်း စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်ဦးယုလွင်အောင်က ပြောကြားသည်။

ထို့ပြင် လက်ရှိတွင် ဟိန္ဒူဘာသာဝင် အလောင်းများ အစုလိုက် တွေ့ရှိမှုများနှင့်ပတ်သက်၍လည်း စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပြီး လာမည့် အောက်တိုဘာလ ဆန်းပိုင်းတွင် အစီရင်ခံစာထွက်ပေါ်လာမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"လက်ရှိတော့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေတုန်းဆိုတော့ မှတ်ချက်ပေးဖို့တော့ စောနေသေးတာပေါ့။ ဒေသခံအားလုံးကို စစ်ဆေးမေးမြန်းနေတယ်" ဟု ၎င်းကဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ARSA အကြမ်းဖက်အဖွဲ့ သတ်ဖြတ်ခံရသည့် ဟိန္ဒူဘာသာဝင် ရုပ်အလောင်း ၁၇ လောင်း ထပ်မံတူးဖော်တွေ့ရှိခဲ့ပြီး အလောင်းစုစုပေါင်း ၄၅ လောင်းထိတွေ့ရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။ ■ J-08

## ရခိုင်တွင် ဆူပူမှုဖြစ်ရေး လှုံ့ဆော်ရန် မကွေးတိုင်းသို့ လာရောက်စည်းရုံးဟု ဝန်ကြီးချုပ်ပြော

**မကွေး၊ စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဆူပူမှုဖြစ်စေရေးအတွက် လှုံ့ဆော်ရန် ကျပ်ငါးသိန်းပေးကာ မကွေးတိုင်းဘက်သို့ လာရောက် စည်းရုံးမှုရှိကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားသည်။

စည်းရုံးသူတစ်ဦးကို သိရှိထားပြီးဖြစ်ကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် စီစဉ်နေကြောင်း စက်တင်ဘာလ ၂၆ရက် ညနေပိုင်းက မကွေးအခြေစိုက် သတင်းထောက်များကို ရုံးခန်းတွင် တွေ့ဆုံပြီး ဝန်ကြီးချုပ်က ပြောကြားသည်။

မကွေးတိုင်းတွင် လူတစ်ဦးကို အဖွဲ့အစည်းတစ်ခုက စည်းရုံးနေပြီး ယင်းအဖွဲ့အစည်းတွင် ငွေ၊ လက်နက် ရှိသည်ဟု ပြောဆိုကာစည်းရုံးခဲ့သူကိုအထောက်အထားခိုင်မာစွာ ရရှိထားကြောင်း၊ ငွေငါးသိန်းကို အမ်းမြို့တွင် ဆူပူအုံကြွမှု ဖြစ်စေအောင် လုပ်ပေးရမည်ဖြစ်ပြီး မကွေးပြန်ရောက်မှသာ ငွေပေးမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

သို့ရာတွင် မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်နေသည် မည်သို့အရေးယူရန် စီစဉ်သည်ဆိုသည်နှင့် ပတ်သက်၍ ဝန်ကြီးချုပ်က အသေးစိတ်ပြောကြားခဲ့ခြင်းမရှိပေ။

"လူတစ်ဦးကို ကျပ်ငါးသိန်းပေးမယ် အမ်းကိုလိုက်ခဲ့။ လမ်းမှာ စားချင်တာစား၊ သောက်ချင်တာသောက် အားလုံးအပြည့်အစုံပေးမယ်။ ဒါမျိုးတွေဖြစ်နေတယ်" ဟု မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုကပြောသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ကို စက်တင်ဘာလ ၂၅ရက်က ပြုလုပ်သည့် လုံခြုံရေးနှင့် သတင်းပေါင်းစပ် အစည်းအဝေးတွင် တိုင်းအစိုးရအဖွဲ့ဝင်များ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဥပဒေရုံး၊ တရားရုံးမှ တာဝန်ရှိသူတို့နှင့်တွေ့ဆုံကာ လိုအပ်သည်များကို တာဝန်ရှိသူများအား ညွှန်ကြားထားပြီးကြောင်း ၎င်းက ပြောဆိုသည်။ ■

### မျက်နှာဖုံး - ဘင်္ဂလားဒေ့ရှ်သို့ ဖမ်းသွားသည့် မှ အဆက်

နိုင်ငံသို့ဖမ်းဆီးသွားသည့်ဟိန္ဒူဘာသာဝင် အမျိုးသမီး ၈ ဦးကို ဟိန္ဒူလူမှုရေး အဖွဲ့အစည်းများက ဒုက္ခသည်စခန်းမှ ခေါ်ဆောင်ထားလိုက်ပြီဖြစ်ကြောင်း အဆိုပါ အဖွဲ့အစည်းများတွင် ပါဝင်သူ ဟိန္ဒူဘာသာဝင် ဦးနီမောလ်က သတင်းမီဒီယာများသို့ ပြောကြားသည်။

မောင်တောဒေသတွင် ဟိန္ဒူဘာသာဝင်များ၏ အလောင်းများတွေ့ရှိမှုနှင့် ပတ်သက်၍ သတင်းမီဒီယာများကို သတင်းလာရောက်ယူခွင့်ပြုစဉ် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ARSA အကြမ်းဖက်အဖွဲ့ သတ်ဖြတ်ခံရသည့် ဟိန္ဒူဘာသာဝင် ရုပ်အလောင်း ၁၇ လောင်း ထပ်မံတူးဖော်တွေ့ရှိခဲ့ပြီး အလောင်းစုစုပေါင်း ၄၅ လောင်းထိတွေ့ရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

ARSA အကြမ်းဖက်အဖွဲ့များသည် ဩဂုတ်လ ၂၅ ရက်နေ့၌ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော မြို့နယ်များရှိ နယ်ခြားစောင့် ရဲကင်းများ၊ ရဲစခန်းများ ဝင်ရောက်တိုက်ခိုက်မှုနောက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ်ရှိ ခမောင်းဆိပ်ကျေးရွာအုပ်စု ရဲဘော်ကျားကျေးရွာနှင့် ခမောင်းဆိပ်တောင်ရွာ၌ နေထိုင်ကြသော ဟိန္ဒူဘာသာဝင် ၁၀၂ ဦး သတ်ဖြတ်ခံခဲ့ရကြောင်း ဒေသခံ ဟိန္ဒူဘာသာရေးခေါင်းဆောင်များက အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။

■ J-08


ဓာတ်ပုံ - ခိုင်စိုးလင်း

## ငွေသုံးရာကျပ် ခိုးမှုဖြင့် အမှုဖွင့်ခံရသည့် ကျောင်းသားသုံးဦးအမှု မကျေနပ်၍ ပြည်သူများဆန္ဒထုတ်ဖော်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

အောင်ဇေယျဘုရားရှိ အလှူခံပုံးထဲမှ ငွေသုံးရာကျပ်အား ခိုးယူခဲ့သည်ဟုဆိုသော ကျောင်းသူသုံးဦးကို ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်အရေးယူထားခြင်းကို မကျေနပ်သည့် ယင်းမြို့နယ်နေပြည်သူများက စက်တင်ဘာလ ၂၇ ရက် မွန်းလွဲ ၃ နာရီက မြို့အတွင်း စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။

လူအင်အား နှစ်ရာနီးပါးဖြင့် ဆန္ဒထုတ်ဖော်ခဲ့ရာတွင် ကျောင်းသားသုံးဦးကို အမှုဖွင့်အရေးယူခဲ့သည့် အောင်ဇေယျဘုရားမှ ဂေါပကအဖွဲ့ကို ဖျက်ချပေးရေးနှင့် ဂေါပကအသစ် ပြန်လည်ဖွဲ့စည်းပေးရေးအပြင် လှော်ကားလမ်းရှိ ရပ်ကွက်နှစ်ခုကြား သိမ်းဆည်းခံထားရသည့် မီးတားမြေကို အများပိုင်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးရေး အော်ဟစ်ကြွေးကြော်ခဲ့သည်။

"လူထုက သူတို့ရင်ထဲမှာ ခံစားနေရတာတွေ မခံနိုင်တဲ့အဆုံး လမ်းပေါ်ထွက်ဆန္ဒပြလာကြတာပါ။ သူတို့ ကြွေးကြော်တောင်းဆိုခဲ့တာတွေကို လာမယ့်လွှတ်တော်မှာ ကျွန်တော်တင်ပြသွားမယ်" ဟု ဒဂုံတောင်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးညီညီက ဆိုသည်။

ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်အရေးယူခံရသည့် ကျောင်းသားသုံးဦးမှာ အသက် ၁၀ နှစ် ၁၃ နှစ် ကြားအရွယ်များဖြစ်ပြီး စက်တင်ဘာလ ၁၃ ရက် ညနေပိုင်းက အောင်ဇေယျ ဘုရားဝင်းရှိ မြနန်းနွယ် နတ်နန်းဆောင်တွင် ထားရှိသော အလှူခံပုံး၏အဝတွင် ရှိနေသော ငွေကျပ် သုံးရာကို အမွှေးတိုင်တုတ်ဖြင့် ကလော်ထုတ်ယူခဲ့သောကြောင့် ယင်းဘုရားရှိ ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညွန့်လှိုင်က တရားလိုပြုအမှုဖွင့်တိုင်ကြားခဲ့သည်။

"ကလေးသူငယ်ဥပဒေနဲ့ပဲ အမှန်ဆို အရေးယူသင့်တာ၊ အခုဟာက အရွယ်နဲ့မမျှတဲ့ ရာဇသတ်ကြီးပုဒ်မနဲ့ အမှုဖွင့်ထားတယ်။ ခါးသီးတဲ့ဒဏ်တွေကို ကလေးတွေခမျာ ခံစားနေရရှာတယ်။ လက်ရှိအမှုက ကျေအေးပေးမယ်ဆိုပြီး ပြောနေလို့ မရဘူး၊ တရားရုံးရောက်မှ ကျေအေးပေးလို့ ရတာပါ" ဟု ဦးညီညီက ပြောသည်။

ခိုးမှုပုဒ်မဖြင့် အရေးယူခံရသည့် ကလေးသုံးဦးမှာ ရဲစခန်းအချုပ်တွင် ထိန်းသိမ်း၍ သန်လျင်မြို့နယ် လူငယ်သင်တန်းကျောင်းသို့ ပို့အပ်ခံရပြီး ယင်းမြို့နယ်ရှိ တာဝန်ရှိသူများ၏ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုကြောင့် လက်ရှိတွင် ၎င်းတို့ကို စာမေးပွဲဖြေဆိုခွင့် လူငယ်သင်တန်းကျောင်းက ခွင့်ပြုပေးထားသည်။

လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ခဲ့ရသည့် ကျောင်းသားသုံးဦး၏ အမှုကို ပြန်လည်ရုပ်သိမ်းပေးသွားမည်ဖြစ်ကြောင်း အောင်ဇေယျ ဘုရားဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညွန့်တင်က ဆိုသည်။

■ S-03

# သတင်းမီဒီယာကောင်စီသို့ ၂ နှစ်ခန့်အတွင်း တိုင်ကြားစာ ၁၃၀ ကျော်ရောက်

**တောင်ငူ၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ အတည်ပြုဖွဲ့စည်းသည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၇ရက်အထိ ၂ နှစ်ခန့်အကြာတွင် သတင်းမီဒီယာများနှင့်ပတ်သက်သည့် တိုင်ကြားစာ ၁၃၄စောင် ရှိကြောင်း အဆိုပါကောင်စီထံမှ သိရသည်။

"တိုင်ကြားတဲ့ သူတွေကတော့ ပုဂ္ဂလိက အဖွဲ့အစည်းတွေ၊ ပြန်ကြားရေးဌာနနဲ့ နိုင်ငံရေး နယ်ပယ်အသီးသီးက ဖြစ်ပြီး အများဆုံး တိုင်ကြားခဲ့တဲ့အဖွဲ့အစည်းက ပုဂ္ဂလိက အဖွဲ့အစည်းတွေက ဖြစ်ပါတယ်။ လက်ရှိအချိန်ထိ တိုင်ကြားထားတဲ့ အမှုတွေထဲက ၄၈ မှုကိုဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောက ပြောကြားသည်။

မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ (ယာယီ)ကို ၂၀၁၂ ခုနှစ်ခန့်ဦးသိန်းစိန် အစိုးရ လက်ထက်က စတင် ဖွဲ့စည်းခဲ့ပြီး လက်ရှိ သမ္မတဦးထင်ကျော်လက်ထက် ၂၀၁၅ ခုနှစ်နိုဝင်ဘာလခန့်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ လက်ရှိဥက္ကဋ္ဌတစ် ဦး၊ ဒုဥက္ကဋ္ဌနှစ်ဦးနှင့် အတွင်းရေးမှူးတစ်ဦး အပါအဝင် ၂၄ ဦးဖြင့် အသစ်ထပ်မံ အတည်ပြုဖွဲ့စည်းခဲ့သည်။

"သတင်းမီဒီယာကောင်စီက သတင်းသမားတွေအပေါ် အကာအကွယ်ပေးနိုင်တာ နည်းတာကို အပြစ်မပြောချင်ပေမယ့် သတင်းသမား အမည်ခံတရားရုံးတွေမှာ ကျင်လည်ကျက်စားပြီး အမှုပွဲစား လုပ်နေသူတွေနဲ့မြေသိမ်း ယာသိမ်းပြဿနာတွေမှာ ငွေကြေး တံစိုးလက်ဆောင်ရယူသူတွေကိုတော့ အရေးယူစေချင်တယ်" ဟု ပဲခူးမြို့အခြေစိုက် သတင်းဂျာနယ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၂ ခုနှစ်မှ လက်ရှိ ၂၀၁၇ခုနှစ် စတင်ဘာလ ၂၇ရက်အထိ သတင်းမီဒီယာ သမားများနှင့်ပတ်သက်သည့် တိုင်ကြားစာ ၃၀၂ ခုရှိကြောင်း၊ ယင်းအနက် ၁၅၀ ခန့်ကို ဖြေရှင်းပေးခဲ့ကြောင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ အချက်အလက်များအရ သိရသည်။ ■ **R-15**

# ရခိုင်အရေးအတွက် ကုလအကြီးအကဲ ယနေ့မိန့်ခွန်းပြောမည်၊ အောက်တိုဘာလအတွင်း လုံခြုံရေးကောင်စီသို့ လာရောက်ပြီး အလွတ်သဘောဆွေးနွေးရန် ကိုဖီအာနန်ကို ပြင်သစ် ဖိတ်ကြား

**ကုလသမဂ္ဂ-ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ ဘင်္ဂါလီ ဒုက္ခသည်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ယနေ့ တွေ့ဆုံဆွေးနွေးကြကာ ရခိုင်ကိစ္စအပေါ် ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်၏ ရှင်းလင်းပြောဆိုမှုများကို နားထောင်ကြမည်ဖြစ်ကြောင်းနှင့် လုံခြုံရေး ကောင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ပြင်သစ်နိုင်ငံက ရခိုင်ရေးရာ ကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်ကို လာမည့် အောက်တိုဘာလ တွင် ကောင်စီသို့ လာရောက်ပြီး အဆိုပါကော်မရှင်၏ အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပေးရန် ဖိတ်ကြားလိုက်ကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

လုံခြုံရေးကောင်စီသည် ယမန်နေ့ (အင်္ဂါနေ့)က ရခိုင်ပြည်နယ်တွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ် ကျင်းပပြီး နောက်ဆုံးအခြေအနေ အရပ်ရပ်ကို သိရှိရန် ကြိုးပမ်းခဲ့ကြသည်ဟု သံတမန်ကြီးများက ပြောကြားသည်။

အဆိုပါ တံခါးပိတ်ဆွေးနွေးပွဲမှာ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် အီဂျစ်၊ ကာဇက်စတန်၊ ဆီနီဂေါနှင့် ဆွီဒင်နိုင်ငံတို့၏ အဆိုပြုမှုကြောင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ယင်းဆွေးနွေးပွဲတွင် ကြာသပတေးနေ့(ယနေ့)တွင် ကုလသမဂ္ဂ အကြီးအကဲ ဂူတူရီစ် ရခိုင်အရေးကိစ္စအပေါ် ရှင်းလင်းသုံးသပ်မှုများပြုလုပ်ရန် စီစဉ်ခဲ့ကြပြီး ဂူတာရက်စ်နှင့်လုံခြုံရေးကောင်စီဝင်များ ဆွေးနွေးမှုကို တံခါးပိတ်ပုံစံမဟုတ်ဘဲ လူသိရှင်ကြားဆွေးနွေးမည့်ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်သည်။

လက်ရှိအနေအထားတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်တွင်း အကြမ်းဖက်တိုက်ခိုက်မှုများ အမြန်ဆုံးရပ်ဆိုင်းသွားစေရေးအတွက် မြန်မာအစိုးရအာဏာပိုင်များကို တွန်းအားပေးလျက် ရှိသည်။ ထို့ပြင် ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များ အားလုံးထံသို့ လူသားချင်းစာနာ ထောက်ထားသော အကူအညီများ အမြန်ဆုံးရောက်ရှိရေးကိုမဖြစ်မနေအကောင်အထည်ဖော်ရမည်ဟု လုံခြုံရေးကောင်စီအဖွဲ့ဝင်များက တိုက်တွန်းထားသည်။

ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး ဖရန်စစ်ဒယ်တာရီက ရခိုင်ရေးရာ ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန် အနေနှင့် လာမည့် အောက်တိုဘာလအတွင်း ရခိုင်အရေးအစီရင်ခံစာကို လုံခြုံရေး ကောင်စီသို့ လာရောက်ရှင်းလင်းပြောကြားရန် ဖိတ်ကြားထားသည်။ ■**F-01**

**မျက်နှာဖုံး - မဘသနှင့် ရန်ကုန်တိုင်းဝန်ကြီးချုပ်တို့ သင်ပုန်းချေရန် နှစ်ဖက်သဘောတူ မှ အဆက်**

(ယခု ဗုဒ္ဓဓမ္မ ပရဟိတဖောင်ဒေးရှင်း) ဦးဆောင်ဆရာတော်များထံမှ သိရသည်။

စက်တင်ဘာလ ၂၆ ရက်နေ့ညနေ ပိုင်း ၄ နာရီ မိနစ် ၄၀အချိန်ခန့်၌ ဗုဒ္ဓဓမ္မ ပရဟိတ ဖောင်ဒေးရှင်းနှင့် မန္တလေး မဘသအဖွဲ့တို့သည် ရခိုင်ပြည်နယ်ပဋိပက္ခ ဖြစ်စဉ်အတွင်း၌ နစ်နာဆုံးရှုံးခဲ့သော တိုင်းရင်းသားများကို ကူညီထောက်ပံ့ရန် ကျပ်သိန်း ၅၀၀ ကိုရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သွားရောက်လှူဒါန်းခဲ့သည်။

ယင်းလှူဒါန်းသည့် အခမ်းအနားတွင် အထက်ပါအတိုင်း နှစ်ဘက်ဆွေးနွေးသဘောတူခဲ့ခြင်းဖြစ်သည်။

"လက်ရှိ ရခိုင်ပြည်နယ် အရေးကိစ္စဖြစ်စဉ်အပေါ် ဆရာတော်တို့ အစိုးရအဖွဲ့နဲ့ တစ်သားတည်းရှိတယ်ဆိုတဲ့ ကိစ္စတွေကို ဝန်ကြီးချုပ်ကိုပြောခဲ့တယ်။ ပြီးတော့ ယခင်က တိုင်းဝန်ကြီးချုပ်က မဘသ အလိုမရှိဘူး။ ပြီးတော့ တစ်ဖက်နှင့်တစ်ဖက် ပြောဆိုခဲ့တာတွေကို သင်ပုန်းချေပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောဆိုဆွေးနွေးခဲ့ကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလှူငွေသွားရောက်လှူဒါန်းခဲ့သော ဗုဒ္ဓဓမ္မပရဟိတ ဦးဆောင်ဆရာတော် တစ်ပါးက The Voice သတင်းစာသို့မိန့်ကြားသည်။

အဆိုပါ အလှူငွေလှူဒါန်းပွဲကို ဗုဒ္ဓဓမ္မ ပရဟိတဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌဖြစ်တော်မူသည့် ကျေးဇူးတော်ရှင် အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးကိုယ်စား ရွှေရတု တိပိဋကဓရ မော်ကျွန်း ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒ၊ သိမ်ဇရပ်ဆရာတော် အရှင်ပညာဝရ၊ အထက်မြန်မာပြည် မန္တလေးမြို့ မဘသအဖွဲ့အတွင်းရေးမှူးချုပ်ဆရာတော် ဘဒ္ဒန္တကုသလ (ပါဠိပါရဂူ)၊ တွဲဖက်အတွင်းရေးမှူးဆရာတော် ဘဒ္ဒန္တဝဏ္ဏိတနှင့် ဆရာတော် ဒေါက်တာ အရှင်တေဇနိယတို့ကြွရောက်တော်မူခဲ့ပြီး ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ အလှူငွေကျပ် သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ဆရာတော်တို့ လှူဒါန်းတဲ့ငွေက ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်းပါမယ်။ အထက်မြန်မာပြည် မဘသ အဖွဲ့ပါမယ်။ ဒီလိုလှူဒါန်းငွေနဲ့ လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်နဲ့လည်း အချိန်အတော်ကြာ ဆွေးနွေးခဲ့ကြတယ်" ဟု ဗုဒ္ဓဓမ္မ ပရဟိတ ဦးဆောင် ဆရာတော်တစ်ပါးက ဆက်လက်မိန့်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တိုင်းအစိုးရအဖွဲ့ကို ဆက်သွယ်မေးမြန်းသော်လည်း ဆက်သွယ်၍ မရခဲ့ပေ။

ထို့အတူ ဗုဒ္ဓဓမ္မ ပရဟိတ ဖောင်ဒေးရှင်း ဆရာတော်များသည် စက်တင်ဘာလအတွင်း၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ဆက်လက်ကာရန်ကျန်ရှိသည့် စီမံကိန်းကို ဆောင်ရွက်နိုင်ရန်နှင့် တည်ဆောက်ပြီး စီမံကိန်းကို အဆင့်မြှင့်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကျပ်သိန်း ၂၀၀၀ လှူဒါန်းခဲ့သည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၂၀၁၆ ခုနှစ် စင်ကာပူနိုင်ငံခရီးစဉ်အတွင်း၌ စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ရှိနေခြင်းကြောင့် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးမဘသအဖွဲ့ မလိုအပ်တော့ဘူးလို့ မှတ်ချက်ပြု ပြောဆိုခဲ့သည်။

ထိုသို့ပြောဆိုပြီးနောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ဦးဖြိုးမင်းသိန်း၏ ပြောဆိုမှုကို ဆန့်ကျင်ကြောင်း ကန့်ကွက်ဆန္ဒပြပွဲများလည်း ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ နှစ်ဖက်သဘောထားတင်းမာမှုဖြစ်ပေါ်ပြီးနောက် ၂၀၁၇ ခုနှစ် မေလ ၂၃ ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယက (မဟန) ဆရာတော်ကြီးများက မဘသအဖွဲ့လေးနှစ်ပြည့်ညီလာခံကို ကျင်းပခွင့်မပြုဘဲ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအမည်ခံ ပုဂ္ဂိုလ်များသည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ (မဘသ) အမည်ကို သုံးစွဲလျက် မည်သည့်ကိစ္စမျိုးကိုမှ ဆောင်ရွက်ခြင်း မပြုရန် မဟနက ဆုံးဖြတ်ခဲ့သည်။ ■

# သီတင်းကျွတ်ကာလ ထားဝယ်တွင် လျှပ်စစ်မီးမပြတ်ရန် ကြိုပြင်ထားဟုဆို

**ထားဝယ်၊ စက်တင်ဘာ ၂၇**

လာမည့် သီတင်းကျွတ်ပွဲတော်ရာသီတွင် ထားဝယ်ဒေသ၌ မီးပျက်ခြင်းမရှိစေရန် ဌာနပိုင် ဒီဇယ်မီးစက်များ အရန်သင့်ပြင်ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက ပြောကြားသည်။

ပွဲတော်ရာသီတွင် လျှပ်စစ်သုံးစွဲအား ပိုလာမည်ဖြစ်သည့်အတွက် အားဖြည့်ပေးနိုင်ရန် ဒီဇယ်စက်များကို ကြိုတင်ပြင်ဆင်ထားကြောင်း တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်က ဆိုသည်။

လက်ရှိထားဝယ်ဒေသတွင် အမြင့်ဆုံး လျှပ်စစ်သုံးစွဲအားမှာ ညနေ ၆ နာရီမှ ည ၇နာရီခန့်အကြား ၁၀ မဂ္ဂါဝပ်ရှိပြီး GGS ကုမ္ပဏီ၏ လျှပ်စစ်ထုတ်လုပ်အားမှာလည်း ၁၀ မဂ္ဂါဝပ်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးထံမှ သိရသည်။

ထားဝယ်ခရိုင်တွင် ပြီးခဲ့သည့် သီတင်းကျွတ်ပွဲတော်ကဲ့သို့ မီးပျက်မှုမရှိစေရန် လျှပ်စစ်ထုတ်လုပ်သည့် ကုမ္ပဏီနှင့် ဖြန့်ဖြူးရေးကုမ္ပဏီတို့ကို တရားဝင်ညွှန်ကြားထားကြောင်း တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယတိုင်းလျှပ်စစ် အင်ဂျင်နီယာ အင်ဂျင်နီယာမှူးကြီး ဦးထွန်းဝဏ္ဏာကဆိုသည်။

ယင်းအပြင် ရာသီဥတု ဒဏ်၊ သဘာဝဘေးဒဏ်များကြောင့် မီးပျက်မှုများမဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားပြီး ရွေ့လျားမီးစက်များကိုလည်း သပိတ်မျှောပွဲ ကျင်းပမည့်နေရာနှင့် ပွဲလမ်းသဘင်ရှိသည့်နေရာများတွင် ချထားရန် စီစဉ်ထားကြောင်း ၎င်းကပြောသည်။

"၁၀၀ ရာခိုင်နှုန်းအပြင် ဒီဟာကို အထူးကိစ္စရပ်အနေနဲ့ ကြိုတင်ပြင်ဆင်ပြီးတော့မှ ဆောင်ရွက်နေတယ်။ မီးမပျက်အောင်၊ ပျက်ခဲ့ရင်လည်း ဘာလုပ်မယ်ဆိုတာကို ကြိုတင်ပြင်ဆင်ထားတယ်" ဟု ဦးထွန်းဝဏ္ဏာက ဆိုသည်။

လက်ရှိအချိန်တွင် ထားဝယ်ခရိုင် လျှပ်စစ်အတွက် GGS ထုတ်လုပ်ရေးကုမ္ပဏီ၏ စက်တပ်ဆင်အားမှာ ၁၂ မဂ္ဂါဝပ်ရှိပြီး လျှပ်စစ်ဌာနပိုင် ဒီဇယ်မီးစက် ၁၁ လုံးမှ ၅ မဂ္ဂါဝပ်အပြင် ရွေ့လျားမီးစက် ၆ လုံးရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးထံမှ သိရသည်။

ပြီးခဲ့သည့် သီတင်းကျွတ်ပွဲတော်ရာသီတွင် ထားဝယ်ခရိုင်အတွင်း မီးပျက်မှုများကြောင့် ဝေဖန်မှုများရှိခဲ့သည်။

ထားဝယ်ဒေသတွင် ထိုင်းနိုင်ငံမှ လျှပ်စစ်ဝယ်ယူကာ ပုဂ္ဂလိက ကုမ္ပဏီများက ဝန်ဆောင်မှုပေးနေပြီး လျှပ်စစ် တစ်ယူနစ် ကျပ် ၂၀၀ ကျသင့်သည်။

■ **Dawei Watch**

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၃)ဦး
အဆောင်စီစဉ်ပေးမည်။

ရွှေပေါ်ကြို
မိုးကုတ်တွင်းထွက် ကျောက်မျက်ပညာ အခြေခံသင်တန်း
✓ တွင်းထွက်ကျောက်မျက်ရတနာများဖြင့် လက်တွေ့သင်ကြားပေးပါမည်။ ✓ စိန်နှင့် ကျောက်စိမ်းရတနာများကိုလည်း မိတ်ဆက်သင်ကြားပေးပါမည်။ ✓ တွေ့ထက်လက်တွေ့ကို ဦးစားပေးသင်ကြားမည်။
✓ အတွေ့အကြုံရင့် ကျောက်ကုန်သည် ပညာရှင်မှ ဦးစီးသင်ကြားပေးမည်။
သင်တန်းကြေး - ၁၃၀၀၀၀ကျပ်
09-2002696,09-782002696,09-762002696

# E D I T O R I A L

## ရင်းနှီးမြှုပ်နှံသူများအတွက် ကစားကွင်းသစ် ဖန်တီးပေးမှုကို ကြိုဆို

ရခိုင်ပြည်နယ်နှင့် ဘင်္ဂါလီပြဿနာကြောင့် မြန်မာနိုင်ငံကို ဒဏ်ခတ်အရေးယူမှုများပြုလုပ်ရန်အထိ ဖိအားပေးကြိုးပမ်းမှုများ ရှိလာချိန်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တစ်ရပ် ထွက်ပေါ်လာသည်မှာ များစွာကြိုဆိုရမည့်ကိစ္စပင်ဖြစ်ပေသည်။ အကြောင်းမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အရေးပါသော အပိုင်းတစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရေးကိစ္စတွင် မကြာသေးခင်က လွှတ်တော်ကအတည်ပြုလိုက်သော အဆိုပါ ရင်းနှီးမြှုပ်နှံမှုဥပဒေကများစွာအခရာကျနေခြင်းကြောင့် ဖြစ်ပေသည်။ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု ခြေလှမ်းသစ်များကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းကအံ့အားသင့်ခဲ့ရသည့် ယခင်သမ္မတဦးသိန်းစိန်လက်ထက်တွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အက်ဥပဒေနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအက်ဥပဒေဟူ၍ ရင်းနှီး မြှုပ်နှံမှုနှင့် ပတ်သက်၍ ဥပဒေနှစ်ရပ်ပြဋ္ဌာန်းခဲ့ရာမှ ယခု နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ NLD အစိုးရလက်ထက်တွင် 'မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ဥပဒေ' အဖြစ် အသစ်ရေးဆွဲလိုက်ခြင်းဖြစ်ပေသည်။ ယခင်ဥပဒေနှစ်ရပ်ကို ပေါင်းစပ်ကာ အကောင်းဆုံးဖြစ်အောင် ပြုပြင်ရေးဆွဲလိုက်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေဟု ဆိုလျှင်လည်း ရမည်ဖြစ်သည်။

စာဖတ်သူများ၊ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များ သိနှင့်ထားသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော NLD အစိုးရ နိုင်ငံတာဝန်ကို လွှဲပြောင်းရယူလိုက်သည့် လက်ထက်တွင် ဝေဖန်စရာထက်လည်ပင်းရှည်အောင် စောင့်ဆိုင်းခဲ့ရသည့် အရေးကိစ္စတစ်ခုမှာ မြန်မာ့စီးပွားရေး အလားအလာနှင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုဥပဒေကိစ္စလည်းအပါအဝင်ဖြစ်သည်။ စီးပွားရေးပညာရှင်အချို့နှင့် လေ့လာစောင့်ကြည့်သူအများစုက ယခုအစိုးရလက်ထက်တွင် စီးပွားရေးတိုးတက်မှု နှေးကွေးလာသည်ဟုပင် မှတ်ချက်ပေးလာခဲ့ကြသည်။ မှန်လည်းမှန်ပါသည်။ NLD အစိုးရ တက်လာပြီးနောက် ပြည်ပရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်မှုကိစ္စကို အသာထားပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အနေအထားတစ်ခုတည်းကို ကြည့်မည်ဆိုလျှင် အေးတိအေးစက်သဘောမျိုး ဦးစွာဖြစ်လာခဲ့သည်ကိုတွေ့ရပေသည်။ အကြောင်းမှာ အရင်းအနှီးအမြောက်အမြားရှိသူများမှာ တစ်ချိန်က ခရိုနီကြီးများပင်ဖြစ်ရာ ၎င်းတို့က လုပ်ငန်းသစ်တစ်ခုအတွက် စွန့်စားရမည့်အခြေအနေများကိုလက်ရှောင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ တစ်နည်းဆိုပါက အစိုးရသစ်က ထုတ်ပြန်မည့် မူဝါဒသစ်များနှင့် နိုင်ငံရေးအာဃာတတရားများကြားတွင် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ကြားညပ်သွားမည်ကို စိုးရိမ်ကြီးလွန်းခဲ့ခြင်းကြောင့် လုပ်ငန်းသစ်များစတင်ရန်လက်တွန့်ကာ အခြေအနေအရပ်ရပ်ကိုသာ စောင့်ကြည့်ရုံစောင့်ကြည့်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အတူ မြန်မာပြည်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားကုမ္ပဏီကြီးများကလည်း တိကျရေရာသော ရင်းနှီးမြှုပ်နှံမှုဥပဒေ မထွက်ရှိသေးသည်ကတစ်ကြောင်း၊ ခေါင်းဆောင်ပိုင်းများအပြောင်းအလဲဖြစ်တိုင်း မူဝါဒများ မကြာခဏဆိုသလို လိုက်ပါပြောင်းလဲတတ်သည့် သမိုင်းကြောင်းရှိသည်ကတစ်ကြောင်း၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး အစရှိသော အခြေခံအဆောက်အဦများ အားနည်းချက်ရှိသည်ကတစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုများ မလုပ်သေးဘဲ လာရောက်လေ့လာရုံ၊ စောင့်ကြည့်ရုံသာ လုပ်ခဲ့ကြပေသည်။ သို့သော် ယခုထွက်ရှိလာသည့် ဥပဒေတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအနေနှင့် ပြည်တွင်းကုမ္ပဏီတွင် အစုရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ရယူပိုင်ဆိုင်ခွင့်ပြုထားသည်ကို တွေ့ရှိရုံမျှမက ပြည်ပနိုင်ငံသားများအနေနှင့် ပြည်တွင်းကုမ္ပဏီများတွင် တိုက်ရိုက်ရှယ်ယာပါဝင်နိုင်ပြီး ရန်ကုန် စတော့ဈေးကွက်၌ ရှယ်ယာဝယ်နိုင်မည့် အနေအထားမျိုး ဖန်တီးပေးထားရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ လုပ်ငန်းကြီးများသာမက ပြည်ပမှ လူပုဂ္ဂိုလ်တစ်ဦးချင်းစီဒလဟော ဝင်ရောက်လာနိုင်ရန် တံခါးကြီးကြီး ဖွင့်ပေးလိုက်ရာရောက်သည်ဟုပင် ဆိုရပေမည်။ တစ်နည်းဆိုရလျှင် ယခုရင်းနှီးမြှုပ်နှံမှုဥပဒေသစ်သည် ရခိုင်ပဋိပက္ခကြောင့် မြန်မာအပေါ် အထင်အမြင်တစ်မျိုးဖြစ်ကာ စီးပွားရေးလုပ်ရန်တုဏှိဘာဝေဖြစ်နေသော ကော်ပိုရေးရှင်းကြီးများနှင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် ကစားကွင်းသစ် ဖောက်ပေးလိုက်သည့်အရာပင်ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအား ယုံကြည်စိတ်ချမှုပိုမိုတိုးမြင့်လာအောင်သာ အစွမ်းကုန်လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း ဖော်ပြလိုရင်း ဖြစ်ပေသည်။

**အယ်ဒီတာ ( ၂၇ - ၉ - ၂၀၁၇ )**

# မြို့တွင်း ၆ မြို့နယ်တွင် ယာဉ်ရပ်နားခ ပြန်ကောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့တွင်း ၆ မြို့နယ်တွင်ရပ်နားသည့် ကားများထံမှ ယာဉ်ရပ်နားခ(ကားပါကင်ကြေး)ကို ဒီဇင်ဘာလမတိုင်မီ ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ မြို့တွင်း ၆ မြို့နယ်တွင် မျဉ်းဝါကပ်သတ်မှတ်ထားသည့် နေရာများတွင်သာ ရပ်နားခွင့်ပြုမည်ဖြစ်ပြီး ရပ်နားခ ကောက်ခံမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"ယာဉ်ရပ်နားခကို ဒီနှစ်မကုန်မီမှာ ကောက်ဖို့ စီစဉ်နေတယ်။ အခုလက်ရှိဘယ်သူ့ကိုမှ ကားပါကင်ကြေး ကောက်ခံတာ လုပ်ခွင့်မပေးထားဘူး။ ကောက်တဲ့သူတွေရှိရင်လည်း အရေးယူဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိအထပ်မြင့်အဆောက်အအုံ တည်ဆောက်ထားသည့်နေရာများနှင့် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ယာဉ်ရပ်နားခ ကောက်ခံခွင့် တရားဝင်ခွင့်ပြုထားပြီး အခြားသောနေရာများကို ကောက်ခံမှုရပ်ဆိုင်းထားသည်မှာ ၂ နှစ်ကျော်ရှိပြီဖြစ်ကြောင်းနှင့် ယာဉ်ရပ်နားရန်နေရာများ ပြန်လည်သတ်မှတ်ကာ ရပ်နားခများ စနစ်တကျ ကောက်ခံမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့ရှိ လူစည်ကားရာ လမ်းဘေးကားပါကင်နေရာများတွင် ရပ်နားသော မော်တော်ယာဉ်များကို တစ်စီးလျှင် ကျပ် ၂၀၀ မှ ကျပ် ၅၀၀ အထိ ငွေကြေးကောက်ခံခြင်းများရှိနေပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် မည်သည့်ပုဂ္ဂလိကလုပ်ငန်းကိုမျှ ကားပါကင်ရပ်နားခ ကောက်ခံခွင့် မပြုထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"အခုလက်ရှိ မြို့တွင်းနေရာအချို့မှာ ယာဉ်ရပ်နားရင် ကားပါကင်ကြေး တစ်စီးကို ကျပ် ၂၀၀ ပေးနေရတယ်။ သီးသန့်နေရာ တစ်ခုသတ်မှတ်ပြီး ကားပါကင်ကြေးကောက်မယ်ဆိုရင် ကားပါကင်နေရာ လုတာတွေ၊ လမ်းကို ကျူးကျော်တာတွေ လျော့နည်းလာမယ်" ဟု လသာမြို့နယ်တွင် နေထိုင်သူ ကိုသန်းရွှေက ဆိုသည်။

■ J-10

The VOICE Daily

# CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.



ဓာတ်ပုံ- စောကျော်ဌေး

## ကရင်ပြည်နယ်တွင် ဥပဒေအကျိုးဆောင်လိုအပ်နေသူများကို အခမဲ့ ကူညီမည်

**ဘားအံ၊ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ်တွင် ရာဇဝတ်မှု အဖြစ်အစွပ်စွဲခံရသည့် ဆင်းရဲနွမ်းပါးသူများ တန်းတူညီမျှရှိစေရေး၊ ဥပဒေ အကာအကွယ်ရရှိရေးအတွက် အခမဲ့ဥပဒေ အကျိုးဆောင်ပေးမည်ဖြစ်ကြောင်း ဘားအံ တရားမျှတမှုစင်တာထံမှ သိရသည်။

အသက် ၁၈ နှစ်အောက်ကလေးသူငယ် လူငယ်လူရွယ်များ၊ လိင်တူချစ်သူများ၊ လူမျိုးကိုးကွယ်ယုံကြည်မှု လူနည်းစုများအတွက် ဥပဒေအကျိုးဆောင်ပေးရန်နှင့်မြန်မာနိုင်ငံ၏ တရားမျှတမှုကဏ္ဍကို ပိုမို တိုးတက် ကောင်းမွန်လာစေရန် ရည်ရွယ်ကာ စက်တင်ဘာလ ၂၇ရက်က ဘားအံမြို့တွင် တရားမျှတမှုစင်တာကို ဖွင့်ပွဲ ပြုလုပ်ကာ ဖွင့်လှစ်ခဲ့သည်။

"ရာဇဝတ်မှုအဖြစ် မတရားစွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ရာကနေ တရားဆွဲဆိုတဲ့အဆင့်၊ စစ်ဆေးစီရင်တဲ့အဆင့်၊ ပြစ်ဒဏ်ကျခံတဲ့အဆင့် အမှုရင်ဆိုင်မယ့်သူတွေအတွက် အခမဲ့ ဥပဒေအကျိုးဆောင်ပေးသွားဖို့ဖြစ်ပါတယ်၊ ဒေသတွင်းပြည်သူတွေအတွက် ဥပဒေအသိပညာများကိုဖြန့်ဝေခြင်းတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ဘားအံတရားမျှတမှုစင်တာမှ အကြီးတန်းရှေ့နေ ဦးစံကြည်က ပြောဆိုသည်။

တရားမျှတမှုစင်တာများကို တောင်ကြီး၊ မန္တလေးတို့တွင် ဖွင့်လှစ်ခဲ့ပြီး ဘားအံမြို့တွင် တတိယမြောက် တရားမျှတမှုစင်တာအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီး တောင်ငူမြို့တွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ၎င်းထံမှ သိရသည်။

"တရားမျှတမှုစင်တာနဲ့International Bridges to Justice (IBJ)အဖွဲ့တွေပေါ်ပေါက်လာလို့အထူးပဲဝမ်းမြောက်ပါတယ်၊ ဥပဒေရည်ရွယ်ချက်ကိုက ကြီးနိုင်ငယ်ညှဉ်းစနစ်ကို ဖျောက်ဖျက်ပစ်ဖို့ဖြစ်ပါတယ်၊ တရားစီရင်ရာမှာလည်း Rule of Natural Justice ကို ကျင့်သုံးပါတယ်၊ အဲ့ဒီစည်းကမ်းချက်ကတော့ ဘက်လိုက်ခြင်းကင်းရမယ်၊ မိမိစိတ်ဝင်စားတဲ့အမှုကို လိုက်ခွင့်ရှိတယ်၊ တစ်ဖက်သတ်ကြားနာတာ မဟုတ်ပဲ နှစ်ဖက်ကြားနာပြီးအမှုကို ယှဉ်ပြီး ဆုံးဖြတ်တဲ့စနစ်ဖြစ်ပါတယ်" ဟုကရင်ပြည်နယ်ဥပဒေချုပ် ဦးချစ်မြတ်လေးက ပြောကြားသည်။

ဘားအံ တရားမျှတမှု စင်တာကို British Council၊ European Union၊ International Bridges to Justice (IBJ) တို့နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယင်းစင်တာကို ၂၀၁၇ခုနှစ် ဧပြီလက အကောင်အထည်ဖော်ခဲ့ပြီး တိုင်ကြားထားမှု ၃ မှု ကို လက်ခံဆောင်ရွက်နေကြောင်း ယင်းစင်တာထံမှ သိရသည်။

■ R-17

## ဗန်းမော်မြို့ရှိ အမိုးအကာဖြင့် ကျူးကျော်သူများကို ယခုလကုန်တွင် အပြီးဖယ်ရှားမည်

**ဗန်းမော်၊ စက်တင်ဘာ ၂၇**

ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့တွင်း လမ်းဘေးပလက်ဖောင်းများတွင် ဈေးဆိုင်အမိုးအကာဖြင့် ကျူးကျော်သူများကို ယခုလကုန်တွင် အပြီဖယ်ရှားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိဦးလှမိုးက ပြောကြားသည်။

ဗန်းမော်မြို့မှာ ခရိုင်မြို့ဖြစ်နေခြင်းကြောင့် စနစ်တကျ သပ်ရပ်လှပစေရန် ရည်ရွယ်ချက်ဖြင့် အမိုးအကာဖြင့် အခိုင်အမာဆောက်လုပ်ကာ ကျူးကျော်ဈေးရောင်းချသူများကိုဖယ်ရှားရခြင်း ဖြစ်ကြောင်း၊ ကျူးကျော် ဈေးရောင်းချသူများကြောင့် လူသွားလမ်းများပျောက်ကာ ယာဉ်ကြောပိတ်ဆို့မှု မရှိရေးအတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

လမ်းဘေးကျူး၊ ပလက်ဖောင်းကျူးများကို ဇွန်လ ၃၀ ရက်၊ ဇူလိုင် ၂၀ ရက်တို့ကို နောက်ဆုံးထား ဖယ်ရှားပေးရန် စာထုတ်ထားသော်လည်း မဖယ်ရှားသေးဘဲ ကျန်ရှိနေသည့် ဆိုင်များကို စက်တင်ဘာလကုန် နောက်ဆုံးထားဖယ်ရှားရန် အသိပေးထားကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေက ပြောဆိုသည်။

R-14

## ညစောင့်ဝန်ထမ်းတစ်ဦး လစာ လေးနှစ်မရဘဲ ခိုင်းစေခံရမှု တိုင်ကြား

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြောင်းမြမြို့ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးရှိ ရိပ်သာညစောင့်ဝန်ထမ်းတစ်ဦး လစာမရဘဲ လေးနှစ်ခန့် ခိုင်းစေခံရမှုနှင့်ပတ်သက်၍ အဆိုပါရုံးမှ ဒုတိယဦးစီးမှူးကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသို့ စက်တင်ဘာလ ၂၅ ရက်က တိုင်ကြားထားကြောင်း ကာယကံရှင် ညစောင့်ဝန်ထမ်း ဦးမြင့်လွင်ဦးက ပြောကြားသည်။

"လေးနှစ်လုံး လစာ လုံးဝမရဘူး။ ကျွန်တော့်မိသားစုက ရုံးအောက်မှာ ဆိုင်ငှားပြီး ထမင်းဆိုင်ဖွင့်ထားတော့ အခုလိုတိုင်လိုက်ရင် ဖယ်ခိုင်းမှာစိုးလို့ မတိုင်ခဲ့ဘူး။ အခု လေးနှစ်ဖြစ်နေတော့ မတိုင်လို့ကို မရတော့ဘူး။ ဥပဒေမှာ တိုင်လို့ရတယ်ဆိုတာကို သိလာလို့ တိုင်လိုက်တာပါ" ဟု ၎င်းက ဆိုသည်။

လတိုင်း လုပ်ခလစာမရဘဲ နှစ်ကုန်တိုင်းတွင် ကရုဏာကြေးအဖြစ် ကျပ် ၂၇,၆၀၀ ကို လေးနှစ်အထိ ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါအမှုကို စက်တင်ဘာလ ၂၆ ရက်တွင် စတင်စစ်ဆေးရန် ညွှန်ကြားထားကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

"အဲဒါ စိစစ်ဖို့ လုပ်နေပြီ။ မှန်ကန်မှုရှိ၊ မရှိပေါ့။ လုပ်ခ ဥပဒေမှာရှိတယ်။ တကယ်လို့ မှန်ခဲ့ရင် ဘယ်လောက်ထိ နောက်ပြန်ကာလမှာ တောင်းခွင့်ရှိမလဲဆိုတာ ဥပဒေမှာပါပါတယ်" ဟု ၎င်းက ဆိုသည်။

ညစောင့်ဝန်ထမ်း ဦးမြင့်လွင်ဦးကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြောင်းမြမြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး၊ ဒုတိယဦးစီးမှူး ဦးသင်းဇော်ဦးက အလုပ်ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးမြင့်လွင်ဦးက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ The Voice က မြောင်းမြမြို့နယ် ပြည်တွင်းကုန်တင်၊ ကုန်ချကော်မတီရုံးဖုန်း ၀၉ ၃၆၁၁၅၂၀၀သို့ အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းသော်လည်း ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပေ။

အဆိုပါ ကုန်တင်၊ ကုန်ချကော်မတီရုံးတွင် လုပ်သား ၁၈ ဦး၊ လုပ်သားမှူးတစ်ဦး၊ စာရေးတစ်ဦး၊ ညစောင့်ဝန်ထမ်းတစ်ဦးအပါအဝင် စုစုပေါင်း ၂၁ ဦး ရှိသည်။

■ J-18

## ပျောက်ဆုံး တပ်မတော်လေယာဉ် ရှာဖွေပေးရန် ဆုငွေထုတ်

**ပုသိမ်၊ စက်တင်ဘာ ၂၇**

ရက် ၂၀ကျော်ကြာ ပျောက်ဆုံးနေသော G-4(SUPER GALB) တပ်မတော်ဂျက်လေယာဉ်ကို ရှာဖွေပေးနိုင်ရေးအတွက် တွေ့ရှိသူကို ဆုငွေ ကျပ် ၁၀ သိန်းချီးမြှင့်မည်ဖြစ်ကြောင်း ပုသိမ် လေတပ်စခန်းဌာနချုပ်ထံမှ သိရသည်။

ချောက်များနှင့် လျှိုမြောင်များစွာရှိနေပြီး တောတောင်ထူထပ်သော ဒေသဖြစ်သောကြောင့် ဝေဟင်မှ လေယာဉ်များဖြင့် ရှာဖွေမှုမှာ အခက်အခဲရှိကြောင်း၊ မြေပြင်မှ ရှာဖွေသူများမှာလည်း သစ်ဝါးမျိုးစုံ ထူထပ်ပေါက်ရောက်နေသော တောဖြစ်သောကြောင့် ရှာဖွေရာတွင် အချိန်ကြန့်ကြာမှုများ ရှိနေကြောင်း၊ ထို့ကြောင့် ဒေသခံများထံမှ သတင်းရရှိပြီး ပျောက်ဆုံးနေသည့် ဂျက်လေယာဉ်နှင့် အရာရှိနှစ်ဦးကို ပြန်လည်တွေ့ရှိနိုင်ရန်အတွက် ယခုကဲ့သို့ ဆုကြေးငွေထုတ်ရခြင်းဖြစ်ကြောင်း ပုသိမ် လေတပ်စခန်းဌာနချုပ်မှ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်စိုး က ပြောကြားသည်။

အဆိုပါ ဂျက်လေယာဉ်နှင့် ရေဒါမှ နောက်ဆုံးအဆက်အသွယ် ရရှိသည့် ဧရာဝတီနှင့် ရခိုင်ပြည်နယ်အစပ်ရှိ ဘောမိ၊ မကြီးဇင် ကျေးရွာနှင့် ရခိုင်ရိုးမအစပ်ရှိ သစ်ဖြူကျေးရွာအနီးရှိ တောတောင်များတွင် ဒေသခံများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့များ ပါဝင်သောမြေပြင်ရှာဖွေရေးအဖွဲ့က ၁၀မိုင်ပတ်လည်ကို တောနင်း ရှာဖွေနေကြောင်း၊ ယင်းအပြင် ပုသိမ်လေတပ်စခန်းဌာနချုပ်မှလည်း ဝေဟင်မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရှာဖွေသော်လည်း ရက် ၂၀ကျော်ကြာသည် အထိမတွေ့ကြောင်း၊ ယင်းကြောင့် လေယာဉ်ပျံသန်းမှုလမ်းကြောင်း တစ်လျှောက်ရှိ ဘယ်ညာ နှစ်ဖက် ၁၀ မိုင်ကို စက်တင်ဘာလ ၂၆ရက်က တိုးချဲ့ရှာဖွေနေကြောင်း ၎င်းက ပြောကြားသည်။

"တွေ့အောင် ရှာဖွေကြမှာပါ၊ အခုဆိုရင် ရဟတ်ယာဉ်ပေါ်ကနေ ပုံရိပ်ဖော်ကင်မရာတွေနဲ့ရှာနေပါတယ်၊ မြေပြင်ကလည်း ရှာနေကြတယ်၊ ရှာဖွေမှုကိုလက်လျှော့မှာ မဟုတ်ပါဘူး" ဟု ၎င်းက ရှင်းပြသည်။

စက်တင်ဘာ လ ၅ ရက်က ပုသိမ် လေဆိပ်မှ စတင်ကာ G-4 (SUPER GALB) လေယာဉ် ၃ စီး လေ့ကျင့်ပျံသန်းနေသည့်အနက် လေယာဉ်မှူး ဗိုလ်မှူးကောင်းထိုက် မောင်းနှင်ပြီး ဗိုလ်ကြီးသော်ဇင်ဖြိုး ပါဝင်သော G-4 ဂျက်လေယာဉ်တစ်စီးမှာ ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၃၅၀ ဒီဂရီ၊ အကွာအဝေးအားဖြင့် ပုသိမ်မြို့မှ ၃၆ မိုင်ခန့်အကွာ နံနက် ၉ နာရီ ၁၈ မိနစ်တွင် ပုသိမ်လေဆိပ်နှင့် နောက်ဆုံးအဆက်အသွယ်ရရှိပြီးနောက်ပိုင်း ပျောက်ဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးက ထုတ်ပြန်သည်။

G-4 (SUPER GALB) လေယာဉ်များသည် အမောင်းသင် ဂျက်လေ ယာဉ်အမျိုးအစားဖြစ်ပြီး ၊ ယခင်က ယူဂိုဆလပ်ဗီးယားနိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး ၁၉၈၄ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ၈၅ စီးထုတ်လုပ်ခဲ့ကြောင်း အဆိုပါရုံးထံမှ သိရသည်။

လေယာဉ်မောင်းနှင်သူ ဗိုလ်မှူးကောင်းထိုက်သည် ရှမ်းပြည်နယ်ရှိ နမ့်ဆန်လေယာဉ်မောင်း သင်တန်းအမှတ်စဉ် ၆၄ ဆင်းဖြစ်ကာ အတွေ့အကြုံရှိသော လေယာဉ်မောင်း နည်းပြကောင်း ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်စိုး က ပြောကြားသည်။

■ R-12

## ကျောက်တံတားမြို့နယ်တွင် ခွေးမျိုးပွားမှုထိန်းချုပ်ရန် ရပ်ကွက် သုံးခု ကျန်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင်ပါဝင်သော ကျောက်တံတားမြို့နယ်ကို ခွေးရူးရောဂါကင်းစင်နယ်မြေအဖြစ် ကြေညာရန်ရှိသော်လည်း ရပ်ကွက်သုံးခုတွင် ခွေးအကောင် ၁၀၀ ခန့် မျိုးပွားမှုထိန်းချုပ်ရန် ကျန်ရှိနေသေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံးများဌာနထံမှ သိရသည်။

လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်များကို သုံးလလျှင် တစ်မြို့နယ်နှုန်းဖြင့် လေလွင့်မျိုးပွားမှု စီမံချက်ပြုလုပ်ခဲ့ရာ ကျောက်တံတားမြို့နယ်တွင် ရပ်ကွက်ပေါင်း ၉ ခုအနက်မှ ရပ်ကွက် ၆ ခုသာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ရပ်ကွက် ၃ ခုမှာ ကျန်ရှိနေခြင်းကြောင့် ယခုနှစ် အောက်တိုဘာလကုန်တွင် ခွေးရူးကင်းစင်နယ်မြေအဖြစ် ကြေညာရန် စီစဉ်ထားကြောင်း အဆိုပါဌာနအကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဌာနက ရှိတဲ့ဝန်ထမ်းအင်အားလုပ်နေရတော့ တစ်မြို့နယ်ကို ခွေးကောင်ရေ ပေါရင်ပေါသလို အချိန်ပေးဆောင်ရွက်ရတယ်။ ခွေးမျိုးပွားမှုထိန်းချုပ်နည်းလမ်းက ရှုပ်ထွေးတယ်။ မေ့ဆေးသုံး ဖမ်းရတယ်။ ရောဂါကာကွယ်ဆေးထိုးရတယ်။ သန္ဓေတားဆေးထိုးရတယ်။ ခွေးထီးဆိုသင်းကွပ်ခွဲစိတ်ရတယ်။ ကျောက်တံတားလည်း မကြာခင် သတ်မှတ်နိုင်တော့မှာပါ" ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် အောက်တိုဘာလအမီ ကျောက်တံတားမြို့နယ်ရှိ လေလွင့်ခွေးများကို မျိုးပွားမှုထိန်းချုပ်သည့်လုပ်ငန်းအရှိန်မြှင့်ဆောင်ရွက်နေပြီး ခွေးရူးကင်းရောဂါကင်းနယ်မြေအဖြစ် ကြေညာနိုင်ခဲ့သော လမ်းမတော်၊ ပန်းဘဲတန်းနှင့် လသာမြို့နယ်များတွင် ခွေးကောင်ရေ ၈၀၀ ကျော်ကို မျိုးပွားမှု ထိန်းချုပ်ပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ရန်ကုန်မြို့တွင် တစ်နှစ်လျှင် လေလွင့် ခွေးကောင်ရေ သုံးသောင်းနှင့် ငါးသောင်းကြား တိုးပွားနေပြီး စစ်တမ်းကောက်ယူမှုအရ ခွေးကောင်ရေ တစ်သိန်းရှစ်သောင်းနီးပါးရှိသည်။

■ J - 17



ဓာတ်ပုံ - Dawei Watch

မော်လမြိုင်မြို့ ရပ်ကွက်တစ်ခုတွင် အမှိုက်သိမ်းနေသည်ကို တွေ့ရစဉ်

# မော်လမြိုင်တွင် စွန့်ပစ်အမှိုက်မီးရှို့စက်ရုံ ဆောက်မည်

**မော်လမြိုင်၊ စက်တင်ဘာ ၂၇**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် အမှိုက်မီးရှို့စက်ရုံတည်ဆောက်ရန် ပြည်နယ်အစိုးရအဖွဲ့က စီစဉ်လျက်ရှိသည်ဟု မွန်ပြည်နယ်အစိုးရထံမှ သိရသည်။

လက်ရှိတွင် မော်လမြိုင်မြို့မှ ထွက်သည့် အမှိုက်များစွန့်ပစ်ရာနေရာတွင် ဆိုးဝါးသည့် အနံ့အသက်များ ထွက်ပေါ်နေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မြို့မှထွက်သည့် အမှိုက်များကို မီးရှို့ဖျက်ဆီးသည့်စနစ်ဖြင့် အသုံးပြုရန် စီစဉ်နေခြင်းဖြစ်သည်။

"အမှိုက်မီးရှို့စက်ရုံ တည်ဆောက်ဖို့အတွက် ဖင်လန်နိုင်ငံက ကုမ္ပဏီ နှစ်ခုက လာရောက်ဆွေးနွေးထားတယ်။ ဘယ်တော့လောက် စနိုင်မယ်ဆိုတာ အတိအကျ ပြောလို့မရသေးဘူး" ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က ပြောသည်။

အမှိုက်မီးရှို့စက်ရုံ တည်ဆောက်ပြီးပါက အမှိုက်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသွားမည့် အစီအစဉ်လည်း ရှိသည်ဟု ဦးမင်းကျော်လွင်က ဆက်ပြောသည်။

အမှိုက်မီးရှို့စက်ရုံ တည်ဆောက်ပြီးပါက အကယ်၍ မော်လမြိုင်မှ ထွက်ရှိသည့်အမှိုက်များ မီးရှို့ရန်လုံလောက်မှု မရှိပါက မုဒုံ၊ ကျိုက်မရော၊ ချောင်းဆုံနှင့် ပေါင် စသည့်မြို့တို့မှထွက်ရှိသည့် အမှိုက်များကိုပါ သယ်ယူမီးရှို့ဖျက်ဆီးသွားမည်ဟု ပြည်နယ်အစိုးရအဖွဲ့က ပြောသည်။

မော်လမြိုင်မြို့ပေါ်ရပ်ကွက်များမှ နေ့စဉ် အမှိုက်စွန့်ပစ်မှုသည် ၁၁၉ ဒသမ ၈ တန်ရှိနေသည်ဟု မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးခင်မောင်လတ်က ပြောသည်။

မော်လမြိုင်မြို့ရှိ ရပ်ကွက် ၂၉ ခုမှ အမှိုက်များကို အမှိုက်သယ်ယာဉ် ၂၅ စီးဖြင့် စည်ပင်မှ ရပ်ကွက်အလိုက် သိမ်းဆည်းပြီး ကျိုက်မရောသွားရာလမ်းရှိ ခြောက်မိုင်ကျေးရွာနေရာတွင် စွန့်ပစ်ကြသည်။

ပြည်နယ်အစိုးရအနေနှင့် မော်လမြိုင်မြို့၏ အမှိုက်ပြဿနာကို အဓိကဦးစားပေးလုပ်ငန်းတစ်ခုအနေနှင့် လုပ်ဆောင်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်အတွက်လိုအပ်သည့် အမှိုက်သိမ်းယာဉ်များကိုလည်း ဖြည့်ဆည်းပေးထားကာ အမှိုက်သိမ်းခြင်း၊ အမှိုက်စွန့်ပစ်ခြင်းတို့ကို စနစ်တကျရှိစေရန် ဖော်ဆောင်လျက်ရှိသည်။

■ Dawei Watch

# မလေးရှားနိုင်ငံသို့ လုပ်သား အစားထိုး စေလွှတ်ခွင့်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မလေးရှားနိုင်ငံသို့ လုပ်သားစေလွှတ်ခွင့်ကျထားပြီး အကြောင်းအမျိုးမျိုးကြောင့် မသွားနိုင်သည့် အလုပ်သမားများနေရာတွင် အစားထိုးလုပ်သား စေလွှတ်ခွင့်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စက်တင်ဘာလ ၂၆ ရက်တွင် ပြန်လည်ခွင့်ပြုလိုက်ကြောင်း ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။

လုပ်သားအစားထိုး စေလွှတ်ခွင့်မရပါက မလေးရှားနိုင်ငံသို့ သီးသန့်စေလွှတ်နေသည့် အေဂျင်စီ ၅၀ ခန့် လုပ်ငန်းရပ်ဆိုင်းဖွယ်ရာ ကြုံတွေ့နေရခြင်းကိစ္စကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံ စက်တင်ဘာဒုတိယအပတ်တွင် တင်ပြခဲ့ပြီးနောက် ထိုသို့ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"မနေ့က လက်ခံတယ်။ ထွက်မယ့် အလုပ်သမားတွေကို တင်ပေးပါတယ်။ သူတို့ဘက်က စိစစ်ပြီး လွှတ်ပေးမယ်။ အေဂျင်စီတွေက တိုက်ရိုက်တင်ရမယ်။ Cancelation မှန်၊ မမှန်ကို အလုပ်သမားဝန်ကြီးဌာနက ပြန်စစ်ပေးမယ်၊ Calling ကျပြီး မသွားတော့တဲ့ အလုပ်သမားနေရာကို အစားထိုးလွှတ်ရမှာပါ။ ဘယ်ကုမ္ပဏီတွေက ဘယ်လောက်ပို့မယ်ဆိုတာကို တင်ကြပေါ့" ဟု အဆိုပါအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ထင်ကျော်က ပြောကြားသည်။

မလေးရှားသို့ပို့ဆောင်နေသည့် အေဂျင်စီများအနေနှင့် တစ်နှစ်တစ်ကြိမ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးရာတွင် တစ်နှစ်ကို အလုပ်သမား အနည်းဆုံး ၇၅ ဦးကို ပို့ဆောင်နိုင်မှသာလျှင် အလုပ်သမားဝန်ကြီးဌာနက လုပ်ငန်းလိုင်စင် သက်တမ်းတိုးပေးခြင်း ဖြစ်သည်။

ထိုသို့ အစားထိုးလုပ်သားစေလွှတ်ခွင့်ပြုမည့် အလုပ်သမားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စိစစ်ပြီးမှသာ ခွင့်ပြုသွားမည် ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ပြီးခဲ့သောနှစ်က ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့် ဆူပူမှုများကြောင့် လုပ်သားစေလွှတ်ခွင့်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ စတင်ရပ်နားထားခဲ့သည်။

လက်ရှိတွင် မလေးရှားသို့ လုပ်သားစေလွှတ်မှု မပိတ်စဉ်က အလုပ်ခေါ်စာ ရရှိထားသူ ၈၀၀၀ ခန့်ရှိသည့်အနက် ဇူလိုင်လက လုပ်သား ၂၉၀၀ ခန့်ကို စေလွှတ်ထားပြီးဖြစ်ကြောင်း ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုများ လုပ်ငန်းရှင်များအသင်းချုပ်အဖွဲ့ဝင် မလေးရှားကော်မတီ ဒုတိယခေါင်းဆောင် ဦးသန်းထွဋ်ဦးက ပြောကြားထားသည်။

မလေးရှားနိုင်ငံသို့ လုပ်သားစေလွှတ်နေသည့်အေဂျင်စီ ၁၀၀ ဝန်းကျင်ခန့်ရှိပြီး ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များသည် ယခင်က တစ်လလျှင် လုပ်သား လေးထောင်ခန့် တင်ပို့စေလွှတ်နေသည်။ ■ j-18

## NEWS IN BRIEF

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကို ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်တွင် စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပကြောင်း အဆိုပါပြပွဲစီစဉ်သည့် VEAS ကုမ္ပဏီထံမှ သိရသည်။

အဆိုပါပြပွဲကို အင်္ဂလန်၊ အီတလီ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်ဝမ်၊ ကိုရီးယား၊ ဂျပန်နှင့် ဗီယက်နမ်တို့မှ ကုမ္ပဏီပေါင်း ၄၀ ကျော်နှင့် ပြည်တွင်းမှ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာအသင်းများ၏ ပြခန်းများလည်းပြသကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ယင်းပြပွဲ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာကဏ္ဍအတွက် သုံးသပ်ချက်များ၊ နိုင်ငံခြားပညာရှင်များ၏ တိရစ္ဆာန်အစာများ ထုတ်လုပ်ခြင်းနှင့် အစားအစာကျွေးမွေးခြင်း ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများပါဝင်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။ ■ J-01

# သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ပြည်ပပို့ရန် ထောက်ခံချက်မလို

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

သနပ်ခါး၊ ဖာလာနှင့် ဝဥ စသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ပြည်ပတင်ပို့ရောင်းချရန် (ကူးသန်းရောင်းဝယ်ရန်) သယ်ယူပို့ဆောင်ခြင်းတို့အတွက် သစ်တောဦးစီးဌာန၏ ထောက်ခံချက်ရယူရန် မလိုတော့ကြောင်း ယင်းဌာနက ထုတ်ပြန်သည်။

စက်တင်ဘာလ ၁၃ ရက်နေ့က ပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစည်းအဝေးတွင် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများမှ သစ်တောခွန် ကောက်ခံခြင်းနှင့်ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ချက်ချထားခြင်းကို သစ်တောဦးစီးဌာနက စက်တင်ဘာ ၂၅ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

သစ်တောနယ်မြေပြင်ပရှိ ပုဂ္ဂလိကပိုင်မြေနှင့် ကိုယ်တိုင်ခြံမြေဥယျာဉ်များတွင် စိုက်ပျိုးထုတ်လုပ်သည့် ယင်းသစ်တောထွက်ပစ္စည်းများကို ပြည်ပတင်ပို့ခွင့်ထောက်ခံချက်နှင့် မှတ်ပုံတင်ခြင်းတို့ကို ပယ်ဖျက်ပေးခဲ့သော်လည်း သစ်တောခွန်ကောက်ခံခြင်းအပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကိုမူ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် အစိုးရအဖွဲ့များက ဆက်လက်ဆုံးဖြတ်လုပ်ကိုင်ရမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဒါတွေက သစ်တောနဲ့ တိုက်ရိုက်မဆိုင်ပါဘူး။ သူတို့ဆီမှာ ထောက်ခံချက်ယူစရာမလိုပါဘူး။ သူတို့ဆီသွားနေရတော့ လုပ်ရကိုင်ရ ခက်တာပေါ့။ ဒီလိုထောက်ခံချက် မလုပ်ခိုင်းတော့တာ ကောင်းပါတယ်" ဟု မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းက မှတ်ချက်ပြုပြောဆိုသည်။

ကုက္ကိုပင်မှာလည်း သစ်တောထွက်မဟုတ်ဘဲ လမ်းဘေးအရိပ်ရရန်အတွက်သာ အလေ့ကျစိုက်ပျိုး ပေါက်ရောက်ခဲ့ခြင်းဖြစ်သည့်အတွက် သစ်တောထွက်မဟုတ်သည့် ပစ္စည်းများတွင်ပါဝင်သော်လည်း အိမ်ထောင်ပရိဘောဂများအဖြစ် ပြုလုပ်၍ ပြည်ပတင်ပို့ရန် လုပ်ဆောင်ရာတွင် ယခင်သမဝါယမဝန်ကြီးဌာနက ထောက်ခံပါက ပြည်ပတင်ပို့ခွင့်ရခဲ့သော်လည်း ယခုအခါ မည်သည့်ဌာနကမျှ ထောက်ခံချက်ပေးအပ်ခြင်း မရှိတော့သည့်အတွက် ကုန်သွယ်ရေး ဦးစီးဌာနကလည်း ပြည်ပတင်ပို့ခွင့်လိုင်စင်ထုတ်ပေးခြင်းမရှိကြောင်း ၎င်းက ဆိုသည်။ ■ S-04


ဓာတ်ပုံ - အောင်နိုင်

# ကြက်သွန်တစ်ပိဿာ ကျပ် ၂၀၀ နီးပါး ဈေးတက်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ကြက်သွန်လက်ကျန်နည်းပါးပြီး နယ်ကြက်သွန်ဈေးနှုန်းများ တက်လာသည့်အတွက် ဘုရင့်နောင်ကြက်သွန်ဈေးကွက်တွင် စက်တင်ဘာလ ၂၂ ရက်နေ့ကထက် ကြက်သွန်တစ်ပိဿာလျှင် ၁၇၅ ကျပ်ဈေးတက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

ကြက်သွန်ဈေးနှုန်းများသည် ကျဆင်းခြင်းမရှိဘဲ ဆက်တက်လာခြင်းဖြစ်ပြီး အခြားကြက်သွန်အမျိုးအစားများသည်လည်း တစ်ပိဿာလျှင် ကျပ် ၁၅၀ ထိမြင့်တက်လာကာ ထပ်မံမြင့်တက်လာနိုင်ခြေရှိကြောင်း ကြက်သွန်ကုန်သည်များက သုံးသပ်ပြောကြားသည်။

"တုံးခါနီးပြီး လှောင်လက်တွေက ထိန်းရောင်းနေလို့ပါ။ နောက်လထဲ လောက် အသစ်လာမယ်" ဟု ဘုရင့်နောင်ကြက်သွန်ဈေးကွက်အတွင်းမှ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောဆိုသည်။

ထိုသို့ ဈေးနှုန်းများမြင့်တက်ခြင်းမှာ ကြက်သွန်တုံးခါနီးအချိန်များတွင် နှစ်စဉ်ဖြစ်ပေါ်လေ့ရှိပြီး ကြက်သွန်သစ်ပေါ်ချိန်တွင် ဈေးပြန်ကျလေ့ရှိကြောင်း၊ ကြက်သွန်သစ်များသည် မြင်းခြံနှင့် မြစ်သားတို့မှ အောက်တိုဘာလလယ်ခန့်တွင် ထွက်ပေါ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအသင်းထံမှ သိရသည်။

လက်ရှိကြက်သွန်ဈေးနှုန်းသည် နယ်ဈေးကွက်အတွင်း ဆိပ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ခန့်ထိ ဈေးရှိပြီး ရန်ကုန်ကြက်သွန်ဈေးကွက်အတွင်း၌ ဆိပ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ ဆိပ်ဖြူ (လတ်ကြီး) တစ်ပိဿာလျှင် ၂၁၇၅ ကျပ်၊ ဆိပ်ဖြူ (လတ်သန့်) တစ်ပိဿာလျှင် ၂၀၇၅ ကျပ်နှင့် ဆိပ်ဖြူ (လတ်ချော) တစ်ပိဿာလျှင် ၁၈၅၀ ကျပ်ဈေးရှိကြောင်း ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

■ S-04

# ရွှေဗဟိုဈေးကွက် ၂ နှစ်အတွင်း အကောင်အထည်ဖော်ရန် လုပ်ဆောင်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရွှေဗဟိုဈေးကွက်ကို တစ်နှစ်မှ ၂ နှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာရဲသူအောင်က ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါဈေးကွက်ထူထောင်နိုင်ရန်အတွက် ဥပဒေရေးရာကော်မတီ၊ ကုန်ပစ္စည်းအရည်အသွေးနှင့် ပတ်သက်သည့်ကော်မတီများ ဖွဲ့စည်းထားကာ အဆင့်ဆင့်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကပြောဆိုသည်။

"ဒီဈေးကွက် အကောင်အထည်ဖော်ဖို့အတွက် အခုဆိုရင် အစိုးရဘက်ကလည်း လိုလိုလားလားရှိတယ်။ ဒီဈေးကွက် ပြည်တွင်းအတွက်ပဲ အရင်စမယ်။ ရွှေကို အရောင်းအဝယ်စလုပ်သွားမယ်" ဟု ၎င်းကဆိုသည်။

အဆိုပါဈေးကွက်တွင် ရောင်းသူနှင့် ဝယ်သူ တိုက်ရိုက်တွေ့ဆုံနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ရွှေအပြင် ကျောက်မျက်ရတနာများကိုပါ အရောင်းအဝယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ယင်းဈေးကွက် အကောင်အထည်ဖော်ဆောင်နိုင်ရန်နှင့်ပတ်သက်ပြီး စက်တင်ဘာ ၂၆ ရက်နေ့က ရန်ကုန်မြို့ Summit Parkview ဟိုတယ်တွင် ရှန်ဟိုင်း ရွှေအိတ်ချိန်းမှ တာဝန်ရှိသူများ၊ ဟောင်ကောင် မြန်မာ ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာရွှေကျောက်မျက်သတ္တုဗဟိုဈေးကွက်ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက နိုင်ငံတကာအဆင့်မီ ရွှေ၊ ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာနှင့် ပစ္စည်း၊ ကျောက်မျက်ရတနာအချောထည်များနှင့် မြန်မာ့တွင်းထွက်သတ္တု သယံဇာတများ ရောင်းဝယ်ရေး ဗဟိုဈေးကွက် အကောင်အထည်ဖော်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ■ J-01

# SME လုပ်ငန်းများကို ချေးငွေထုတ်ချေးရန် မြို့တော်ဘဏ်အဆင့်မြှင့်မည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

အသေးစား အလတ်စားလုပ်ငန်း (SME) များကို ချေးငွေတိုက်ရိုက်ကူညီနိုင်ရန်အတွက် ရန်ကုန်မြို့တော်ဘဏ်ကို ယခုနှစ်ကုန်ပိုင်းတွင် လုပ်ငန်းလည်ပတ်မှုများ အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တည်ထောင်ထားသည့် မြို့တော်ဘဏ်သည် လုပ်ငန်းလည်ပတ်မှု အားနည်းလျက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာဥပဒေ အသစ်ပြဋ္ဌာန်းပြီး ဘဏ်ကိုအဆင့်မြှင့်၍ SME လုပ်ငန်းများကို ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"လာမယ့် ဒီဇင်ဘာလအကုန်လောက်မှာ ရန်ကုန်စည်ပင်သာယာဥပဒေ အသစ်နဲ့ မြို့တော်စီးတီးဘဏ်ကို အဆင့်မြှင့်တင်သွားပြီး SME လုပ်ငန်းတွေကို တိုက်ရိုက်ကူညီသွားမယ်" ဟု ဦးဖြိုးမင်းသိန်းက ဆိုသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အသေးစား အလတ်စားလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများကို အောက်တိုဘာလတွင် စတင်စာရင်းကောက်ယူနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်ပုံတင်ထားသည့် SME လုပ်ငန်းပေါင်း ခြောက်သောင်းသုံးရာကျော်ရှိပြီး စက်မှုလုပ်ငန်းပေါင်း လေးသောင်းခုနစ်ထောင်ကျော်ရှိကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။

■ J-01

## NEWS IN BRIEF

### Shop.com တွင် Visa ကတ်ဖြင့် ငွေပေးချေပါက ငါးရာခိုင်နှုန်း လျှော့ဈေးရမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

အွန်လိုင်းအရောင်းအဝယ်ကုမ္ပဏီ Shop.com.mm ၏ ပစ္စည်းများ ဝယ်ယူရာတွင် Visa Card ဖြင့် ငွေပေးချေပါက ငါးရာခိုင်နှုန်း လျှော့ဈေးရရှိမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ယင်းအစီအစဉ်ကို AYA ဘဏ်၊ CB ဘဏ်၊ KBZ ဘဏ်နှင့် MAB ဘဏ်များအပါအဝင် သက်ဆိုင်ရာဘဏ်များက ထုတ်လုပ်ထားသော Visa Card ကိုင်ဆောင်သူများအနေနှင့် Shop.com.mm တွင် ကြိုက်နှစ်သက်ရာ အမှတ်တံဆိပ်ပစ္စည်းမျိုးစုံကို ဝယ်ယူရာတွင် အပိုလျှော့ဈေးများ ရရှိနိုင်မည်ဖြစ်သည်။

■ J-01

### စက်တင်ဘာလ ၂၇ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 13000 | 13000 | 13000 | - | 600 | 7,800,000 |
| MTSH | 3550 | 3400 | 3500 | +100 | 6000 | 20,500,000 |
| MCB | 8700 | 8700 | 8500 | -200 | 690 | 5,865,000 |
| FPB | 24500 | 24500 | 24000 | -500 | 591 | 14,184,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 27.9.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၄၉ | ၁၅၉၁ | ၉၉၆ |
| ရောင်းဈေး (ကျပ်) | ၁၃၅၁ | ၁၆၀၀ | ၁၀၀၁ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 27.9.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၄၃,၀၀၀ (ဖွင့်) | ၉၄၁,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၁၀ (ဖွင့်) | ၁၃၀၅ (ပိတ်) |

# ခိုးဝင်ဘင်္ဂါလီနှစ်ဦးကို မင်္ဂလာတောင်ညွန့်တွင် ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ်မှ ရန်ကုန်သို့ ခိုးဝင်လာသည့် ဘင်္ဂါလီအမျိုးသားနှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖမ်းမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၇ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်တွင် ဘင်္ဂါလီတစ်ဦး ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် စက်တင်ဘာ ၂၅ ရက် ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ယင်းရပ်ကွက်ရှိ အကြော်ဆိုင်တစ်ဆိုင်တွင် ရခိုင်ပြည်နယ် မင်းပြားမှ ရောက်ရှိလာသော အသက် ၂၂ နှစ် ဆာတေဟူဆောင်(ခ)ရွှေမောင်ကို တွေ့ရှိခဲ့သည်။

၎င်းကို စစ်ဆေးရာ ဆာတေဟူဆောင်(ခ)ရွှေမောင် အပါအဝင် အမျိုးသားငါးဦးမှာ ရခိုင်ပြည်နယ်မှ ရန်ကုန်သို့ ပို့ဆောင်ခ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းစီဖြင့် မင်းပြားမြို့နယ်မှ ပွဲစားတစ်ဦးကို ပေးခဲ့ရပြီး ရန်ကုန်အရောက်တွင် ၎င်းနှင့်အတူ အသက် ၁၃ နှစ် အန်ဒါဒူလာ(ခ) အောင်မင်းစိုးကို လူတစ်ဦးက မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ခေါ်ဆောင်လာခဲ့ကြောင်း ထွက်ဆိုခဲ့သည်ဟု ရဲတပ်ဖွဲ့စခန်းထံမှ သိရသည်။

ကျန်သုံးဦးကို ပွဲစားကခေါ်ဆောင်သွားကြောင်း စစ်ဆေးချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၇ လမ်းရှိ နေအိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ အန်ဒါဒူလာ(ခ)အောင်မင်းစိုးနှင့် အိမ်ပိုင်ရှင် အသက် ၅၇ နှစ်ခန့်အရွယ် ဦးမိုဟာမတ်နုအီဆလာမ်(ခ) စန်းမောင်(ခ) စောမောင်တို့နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆာတေဟူဆောင်(ခ) ရွှေမောင်နှင့် အန်ဒါဒူလာ(ခ)အောင်မင်းစိုးတို့နှစ်ဦးကို ၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ အက်ဥပဒေပုဒ်မ ၆(၁)(၂)၊ အိမ်ရှင်ပွဲစားဖြစ်သူ ဦးမိုဟာမတ်နုအီဆလာမ်(ခ)စန်းမောင်(ခ)စောမောင်ကို ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၇၀ ဖြင့် အမှုဖွင့်စစ်ဆေး ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနထံမှ သိရှိရသည်။

■ S-03

The VOICE Daily

CARTOON




အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၇

| | | | | | |
|---|---|---|---|---|---|
| Ph:09-791623534,09-44570708 | No.14, Ph: 09-5001497,09-795001497 | Air-con, Ph:09-420270566 | THREE STAR Ph:09-73069511 | Aung (Mobile) GSM,CDMA,HANDSET& Accessories Sales No.A 10,First Floor, Near Escalator, Yuzana Plaza Ph: 09-73062340,09-420033264, 09-974522377 | |
| Ph:09-43028761,09-799399370 | Ph: 09-79526069 www.facebook.com/ | Jack Body Tattoo Ph:09-784611400 Facebook-Jack Bodytattoo | Thadar Htun Fashion & Garment Ph: 09-421117824 | No.304, Ph:09-402565495,09-256155355 | Shock Absorbar Ph:09-5174962,09-421008152 |
| Ph:09-791164700,09-972222576 | Mobile Sale & Service Ph:01-688903,09-448008522 | Ph:09-73121271,09-43083508 | GE Air Con Sale & Service Ph: 09-420104811, 09-252543388 | 09-255811650,09-783637233 09-783705020,09-775377300, 09-775377331 | Air-con Express |
| Shwe Pyi San No.15, Thudama Road, Near The Circle of Township Ph: 09-7301080 | Ph:09-5160363,09-8612294 | Ph:09-8612477 | Ph:09-5123959 | A | Yume Yuki |
| Moe Makha Art Gallery Ph: 09-43157851 | Breeze Fashion and Design School Ph:09-788221500 | Sakura Ph:09-250137118,09-254954018 | First Choice | Smart & Style Export Fashion | Forever (Stainless Steel & Steel Structure) Ph:09-781184318, 09-451074409 |

# ကားဈေးကွက် မူဝါဒတစ္ဆေ

## ဟိန်းမြတ်စိုး

အစိုးရက မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်ရန်ရှိသည့် ကားမူဝါဒသည် မြန်မာနိုင်ငံကားလောကကို ခြောက်လှန့်နေသည်။

ဒီနှစ်မူဝါဒနှင့် ပတ်သက်သော အထူးခြားဆုံး ကောလာဟလမှာ ဘယ်မောင်းများသာ သွင်းခွင့်ပြုတော့မည်ဆိုခြင်း ဖြစ်သည်။

ဘယ်မောင်းများသာ တင်သွင်းခွင့်ပြုပါက ဂျပန်ညာမောင်းကားများသွင်းနေသော တစ်ပိုင်တစ်နိုင်လုပ်ငန်းများ၊ ဂျပန်ကား အရောင်းစင်တာများ၊ တစ်ပတ်ရစ်ပွဲစား၊ ဂျပန်လေလံဈေးကွက်တို့အတွက် အကြီးအကျယ် ထိခိုက်သွားနိုင်သည်။


ဓာတ်ပုံ-အောင်နိုင်

အစိုးရကတော့ ယခင်နှစ်များကကဲ့သို့ မူဝါဒထုတ်ပြန်မှု နောက်ကျမည်မဟုတ်ဘဲ ယခင်နှစ်များကထက် နှစ်လစော၍ စက်တင်ဘာလကုန်ပိုင်း (သို့မဟုတ်) အောက်တိုဘာလဆန်းပိုင်းတွင် ထုတ်ပြန်ပေးမည်ဟု မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက ဆိုသည်။

လာမည့်နှစ် မော်တော်ယာဉ်မူဝါဒတွင် ဘယ်မောင်းများသာ တင်သွင်းခွင့်ပြုမည်ဆိုသည့် သတင်းများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေခြင်းကြောင့်လည်း ယခင်နှစ်များကထက် မော်တော်ယာဉ်လုပ်ငန်းရှင်များက ပိုမိုစိတ်ဝင်တစား စောင့်ကြည့်လျက်ရှိသည်။

KL Seven မော်တော်ယာဉ် အရောင်းစင်တာ ပိုင်ရှင် ဦးကြည်သာဟန်က "ဘယ်မောင်းပဲ သွင်းခွင့်ပြုမယ်ဆို ရုတ်တရက်ကားဈေးမြင့်တာကို ရင်ဆိုင်ရနိုင်တယ်" ဟု ပြောဆိုသည်။

ထိုသို့ ဘယ်မောင်းမော်တော်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဆိုပါက မြန်မာနိုင်ငံတွင် လူကြိုက်များသည့် ဂျပန်နိုင်ငံထုတ် ညာမောင်း မော်တော်ယာဉ်များ ဈေးတက်သွားနိုင်သည်။

အထူးသဖြင့် လက်ရှိရောင်းဈေး ကျပ်သိန်း ၁၀၀ နှင့် ၂၀၀ ခန့်ဈေးရှိ လုပ်ငန်းသုံးမော်တော်ယာဉ်များ နှင့် လူစီး ကျပ်သိန်း ၄၀၀ နှင့် ၅၀၀ တန် မော်တော်ယာဉ်ဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု ဦးကြည်သာဟန်က သုံးသပ်ပြောကြားသည်။

ထို့ပြင် ကိုရီးယားနှင့် တရုတ်ကားများသာ တင်သွင်းခွင့်ရှိတော့မည်ဖြစ်သည့်အတွက် အသုံးပြုပြီး ဂျပန်ကားများ ပျောက်ကွယ်သွားနိုင်ကြောင်း၊ ယင်းအပြင် ကိုရီးယားနှင့် တရုတ်ကားများမှာ ဂျပန်ကားများကဲ့သို့ ကြံ့ခိုင်မှု၊ လုံခြုံရေးပိုင်းနှင့် အပိုပစ္စည်းမပေါများခြင်း ဆိုသည့် အားနည်းချက်များစွာရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ဆိုသည်။

လက်ရှိပြည်တွင်းကားဈေးကွက်တွင် အပြင်လူများက ကားဝယ်ယူခြင်းမရှိသော်လည်း ထွက်ပေါ်နေသောသတင်းများကြောင့် ကားဈေးနှုန်း အနည်းငယ်တက်လာသဖြင့် ကားဝယ်ရောင်းများက ဂျပန်ကားများကို လိုက်လံဝယ်ယူ စုဆောင်းလျက်ရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များထံမှ သိရသည်။

အဘယ့်ကြောင့်ဆိုသော် ယခုသတင်းထွက်ပေါ်နေသည့်အတိုင်း ဘယ်မောင်းမော်တော်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဆိုပါက ဂျပန်ကားများ ရှားပါးသွားမည့်အရေးနှင့် ရင်ဆိုင်လာရပါက ဈေးပိုရလာနိုင်ခြင်းကြောင့်ဖြစ်သည်။

ထို့ပြင် ဂျပန်မှ တစ်ပတ်ရစ် ကားတင်သွင်းခွင့်ရှိသည် စလစ်ဈေးနှုန်းများမှာလည်း ယာဉ်အိုယာဉ်ဟောင်း အပ်ကားရှားပါးခြင်းနှင့် ယခုကဲ့သို့ ကားမူဝါဒအပြောင်းအလဲဖြစ်နိုင်ခြင်းကြောင့် စလစ်ထုတ်ရောင်းသူမရှိဘဲ လိုက်လံစုဆောင်းနေသည့်အတွက် ဈေးနှုန်းများမြင့်တက်လျက်ရှိသည်။

စလစ်ဈေးသည် တစ်လအတွင်း အမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၁၅ သိန်းခန့်၊ အမည်မပေါက်သည့် နှစ် ၂၀ စလစ်တစ်စောင်လျှင် ကျပ် ၁၂ သိန်းခန့်၊ နှစ် ၂၀ အပ်ကားတစ်စီးလျှင် ကျပ် ၁၅ သိန်းခန့်ထိ မြင့်တက်လျက်ရှိပြီး တိုက်ကြေစလစ်ဈေးနှုန်းများမှာလည်း ကျပ် ၁၀ သိန်းခန့်ထိမြင့်တက်လျက်ရှိသည်။

ဘယ်မောင်းများကိုသာ အမှန်တကယ်တင်သွင်းခွင့်ပြုမည်ဆိုပါက မြန်မာပြည်သူများအကြိုက်ဂျပန်နိုင်ငံထုတ် မော်တော်ယာဉ်များကို ထာဝရနှုတ်ဆက်လိုက်ရမည့်အခြေအနေ ဖြစ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ မော်တော်ယာဉ် အရောင်းစင်တာများသည် ဂျပန်နိုင်ငံထုတ် အသုံးပြုပြီးမော်တော်ယာဉ်များကိုသာ အဓိက တင်သွင်းရောင်းချသည့်အတွက် ထိုသို့ဘယ်မောင်း မော်တော်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဆိုပါက ထိခိုက်မှုအများဆုံးဖြစ်သွားနိုင်သည့် အခြေအနေဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၎င်းတို့၏ အရောင်းစင်တာ ပါမစ်ဖြင့် အသုံးပြုပြီး မော်တော်ယာဉ်များသာ တင်သွင်းရောင်းချခွင့်ပြုထားခြင်းကြောင့်ဖြစ်သည်။

တစ်ပိုင်တစ်နိုင် ကားဝယ်ရောင်းများမှလည်း ဂျပန်နိုင်ငံထုတ် ညာမောင်းအသုံးပြုပြီးကားများကိုသာ တင်သွင်းရောင်းချနေသည့်အတွက် ထိုကားများ တင်သွင်းခွင့် ပိတ်ပင်လိုက်ပါက ဒုတိယထိခိုက်နိုင်သည့်သူများဖြစ်ပြီး နောက်တစ်ဦးမှာ တစ်ပတ်ရစ်ကား ဝယ်ရောင်းသမားများဖြစ်သည်။

၎င်းတို့သည်လည်း ဂျပန်ကားများကိုသာ ရောင်းချခြင်းဖြစ်သည့်အတွက် ယင်းကားများတင်သွင်းခွင့်မပြုတော့ပါက ယင်းကားများ ရှားပါး၍ ကားသစ်များသာ အရောင်းအဝယ်ပြုလုပ်လာမည်ဖြစ်သည့်အတွက် ၎င်းတို့ကိုလည်း အနည်းနှင့်အများ ထိခိုက်လာမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ မော်တော်ယာဉ်ဈေးကွက်ကို အားကိုးနေရသည့် ဂျပန်လေလံဈေးကွက်အခြေအနေသည်လည်း ထိခိုက်မည်ဖြစ်ပြီး ယခုအခြေအနေတွင်ပင် ကားအရောင်းအဝယ်အေးနေခြင်းကြောင့် ဂျပန်လေလံဈေးကွက်တွင် လေလံဆွဲသူ နည်းပါးလျက်ရှိလေသည်။

"ဘာပဲဖြစ်ဖြစ် ပွင့်လင်းရာသီက ရောက်စပြုလာပြီဆိုတော့ ကားအရောင်းအဝယ်က ပြန်ကောင်းလာပါစေပဲ ဆုတောင်းတယ်။ ဒါကလည်း အခုထုတ်မယ့် ကားမူဝါဒပေါ်ပဲမူတည်ပါတယ်။ အခုတော့ အရောင်းအဝယ် မကောင်းဘူး" ဟု လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

ဘယ်မောင်းများသာ တင်သွင်းခွင့်ပြုမည် ဆိုသည့် မူဝါဒမှာ အတိအကျထုတ်ပြန်ခြင်း မရှိသေးသော်လည်း မူဝါဒထုတ်ပြန်မည့် အစိုးရပိုင်းနှင့်နီးစပ်သည့် မော်တော်ယာဉ်လုပ်ငန်းရှင်များထံမှလာသည့် သတင်းတစ်ရပ်ဖြစ်သည့်အတွက် မှန်နိုင်သည့် ရာခိုင်နှုန်းများသည့်ဘက်တွင်တော့ ရှိနေလေသည်။

မည်သို့ပြောင်းလဲလာမည် ဆိုသည်ကိုတော့ မသိနိုင်ပေ။ အမှန်တကယ်ဖြစ်ပေါ်လာပါက အထက်က ဆိုခဲ့သကဲ့သို့ ဂျပန်ကားများ ဈေးတက်နိုင်သကဲ့သို့ ယခုကဲ့သို့လည်း ဖြစ်လာနိုင်ကြောင်း ဦးကြည်သာဟန်က မှတ်ချက်ပြုသည်။

"ဘယ်မောင်းသာ သွင်းခွင့်ပြုမယ်ဆိုရင် ဂျပန်ကားဈေးကွက် မာသွားနိုင်တယ်။ ပြီးတော့ ပြည်တွင်းထုတ်တွေဖြစ်တဲ့ နစ်ဆန်းတို့၊ ဆူဇူကီးတို့ဘက် အဝယ်လိုက်သွားနိုင်တယ်" ဟု ဆိုသည်။ ■

ဟိန်းမြတ်စိုး

"ဘယ်မောင်းများကိုသာ အမှန်တကယ်တင်သွင်းခွင့်ပြုမည်ဆိုပါက မြန်မာပြည်သူများအကြိုက် ဂျပန်နိုင်ငံထုတ်မော်တော်ယာဉ်များကို ထာဝရနှုတ်ဆက်လိုက်ရမည့်အခြေအနေ ဖြစ်သွားမည်ဖြစ်သည်"

MANDALAY VOICE




မန္တလေးမြို့တော်အတွင်း ညအချိန်များတွင် ရဲတပ်ဖွဲ့က စစ်ဆေးရှာဖွေမှုများ ပြုလုပ်နေစဉ်

# မန္တလေးမြို့ သီတင်းကျွတ်ပွဲတော်ကာလ လုံခြုံရေးတိုးမြှင့်ရန်စီစဉ်

**မန္တလေး၊ စက်တင်ဘာ ၂၇**

မန္တလေးမြို့တော်ရှိ လူစည်ကားရာဘုရားစေတီပုထိုးများတွင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း လုံခြုံရေးအင်အားတိုးမြှင့်ချထားရန် စီစဉ်နေကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်က ပြောကြားသည်။

မန္တလေးမြို့တော်အတွင်း၌ လက်ရှိတွင်လည်း ၂၄ နာရီပတ်လုံး နေ့စဉ် လုံခြုံရေးဆောင်ရွက်လျက်ရှိကာ သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဘုရားစေတီများ၌ ရဲတပ်ဖွဲ့ဝင်များက အရပ်ဝတ်များဖြင့် တာဝန်ထမ်းဆောင်ကြမည်ဟု ၎င်းက ပြောဆိုသည်။

“နေ့စဉ်ဆောင်ရွက်နေတဲ့ လှည့်ကင်း၊ ပတ်ကင်းတွေကတော့ ပုံမှန်လုပ်နေမှာဖြစ်ပါတယ်။ သီတင်းကျွတ်ပွဲတော်ကာလ လူစည်ကားတဲ့ဘုရားတွေမှာတော့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ အရပ်ဝတ်နဲ့ လုံခြုံရေး တာဝန်ထမ်းဆောင်ရမှာပါ” ဟု ၎င်းက ရှင်းပြသည်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံမြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် စီစဉ်မှုများရှိနေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်၌ မန္တလေးမြို့တော်အတွင်း ရဲတပ်ဖွဲ့ဝင် အင်အား ၄၀၀၀ ခန့်ဖြင့် ၂၄ နာရီအပြည့် လုံခြုံရေးဆောင်ရွက်နေကြောင်း မန္တလေးခရိုင် ရဲတပ်ဖွဲ့ထံမှ သိရသည်။

မန္တလေးမြို့၏ ပုံရိပ်တစ်ခုဖြစ်သည့် မန္တလေးတောင်တော်တွင် သီတင်းကျွတ်ပွဲတော် (အဘိဓမ္မာအခါတော်နေ့) တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေနိုင်သော ပြောက်အိုး၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်းအပါအဝင် မလိုလားအပ်သည့် ပြဿနာများမဖြစ်စေရန် လုံခြုံရေး အထူးတင်းကျပ်မည်ဖြစ်ကြောင်း ယင်းတောင်တော် ဂေါပကအဖွဲ့ထံမှ သိရသည်။

“အရင်နှစ်တွေကတော့ ရင်ပြင်တော်အတွင်းမှာ ပြောက်မဖောက်ဖို့ ကန့်သတ်ခဲ့တာ။ ဒီနှစ်တော့ တောင်တစ်ခုလုံးမှာ ပြောက်မဖောက်ဖို့၊ မီးရှူးမီးပန်းမဖောက်ဖို့ တားမြစ်သွားမယ်။ လုံခြုံရေးဂရုစိုက်နေရတဲ့အချိန်မှာ မန္တလေးရဲ့ အထင်ကရနေရာမှာ မလိုလားအပ်တာတွေ ဖြစ်မလာအောင် လုံခြုံရေးတင်းကျပ်ပါမယ်” ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းကပြောကြားသည်။

မကြာမီရက်ပိုင်းအတွင်း သီတင်းကျွတ်ပွဲတော် ရောက်တော့မည်ဖြစ်ရာ ပြည်သူများအနေနှင့် ဘုရားကျောင်းကန်များတွင်လည်း ညအချိန်များတွင် ဆီမီးပူဇော်မှုများပြုလုပ်ကြမည်ဖြစ်သည့်အတွက် ရဲတပ်ဖွဲ့က လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် စီစဉ်နေခြင်းဖြစ်သည်။ ■ M-04

# သီလရှင်တစ်ပါးကို လူကုန်ကူးဥပဒေဖြင့် ရဲတပ်ဖွဲ့ကဖမ်းဆီး

**မိတ္ထီလာ၊ စက်တင်ဘာ ၂၇**

မလှိုင်မြို့နယ်ရဲတပ်ဖွဲ့က အသက် ၄၉ နှစ်အရွယ်ရှိ သီလရှင်တစ်ပါးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် စက်တင်ဘာလ ၂၆ ရက်နေ့ ညနေပိုင်းက ဖမ်းဆီးခဲ့ကြောင်း ယင်းမြို့၏ နယ်မြေခံရဲစခန်းထံမှ သိရသည်။

မလှိုင်မြို့နယ် ရွှေပေါက်ကျွန်းကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မိန်းကလေးကို တရုတ်အမျိုးသားတစ်ဦးနှင့် လက်ထပ်ကာ တရုတ်နိုင်ငံသို့ လိုက်သွားရန် သီလရှင် ဒေါ်ဝိဇ္ဇေတီ(ခ) ဒေါ်မာမာအေးနှင့် ဒေါ်မြင့်ခိုင် (ခ) ဒေါ်ခင်နီတို့က စည်းရုံးခဲ့သည်ကို မိန်းကလေး၏ဦးလေးဖြစ်သူက တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ နွားကန်ရဲစခန်းက (ပ) ၁၈/၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄/၃၂ ဖြင့် အမှုဖွင့်ထားပြီး ဒေါ်ဝိဇ္ဇေတီ (ခ) ဒေါ်မာမာအေးကို စက်တင်ဘာလ ၂၆ ရက်နေ့ညနေ ၆ နာရီခွဲခန့်အချိန်က ဖမ်းဆီးထားကာ ဒေါ်မြင့်ခိုင်(ခ) ဒေါ်ခင်နီကိုလည်း ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

R-01

# ပြင်ဦးလွင် ညဈေးဖွင့်ရန်စီစဉ်

**မန္တလေး၊ စက်တင်ဘာ ၂၇**

ပြင်ဦးလွင်မြို့ပေါ်တွင် ညဈေးတစ်ခုဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း မန္တလေးတိုင်း စည်ပင်သာယာရေးဝန်ကြီးဌာနထံမှ သိရသည်။

ညဈေးဖော်ဆောင်နိုင်ရန် မန္တလေးတိုင်းအစိုးရအဖွဲ့ထံသို့ လုပ်ငန်းစီမံချက်အသေးစိတ်အချက်အလက်များ စက်တင်ဘာလ ၂၆ ရက်နေ့က တင်ပြခဲ့ရာ အစိုးရအဖွဲ့က ခွင့်ပြုသည်နှင့် နှစ်လအတွင်း အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်း မန္တလေးတိုင်း စည်ပင်သာယာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက ပြောကြားသည်။

“ပြင်ဦးလွင်ကိုလာတဲ့ ခရီးသွားတွေက နေ့ဘက်ဆိုရင် လည်စရာတွေများတယ်။ ညဘက်ဆို လည်စရာမရှိတော့ဘူး။ ညဈေးပြီးသွားရင် ဒီနေရာက လည်ပတ်စရာနေရာတစ်ခု ဖြစ်လာမယ်။ နောက်ပြီး ဒေသခံတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ရလာမယ်” ဟု ၎င်းက ပြောဆိုသည်။

ယင်းစီမံကိန်းကို ပြင်ဦးလွင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းအစိုးရအဖွဲ့အနေနှင့် မူအားဖြင့် သဘောတူခဲ့ကြောင်း၊ ညဈေးတွင် ကားပါကင်များ၊ ရိုးရာပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အသီးအနှံအရောင်းဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

အဆိုပါညဈေးကိုပြင်ဦးလွင်- လားရှိုးလမ်းမကြီးဘေးရှိ ကျောက်တိုင်ကွင်းအတွင်း ဖွင့်လှစ်ရန် ရည်မှန်းထားပြီး ဆိုင်ခန်းများကို ယာယီဆိုင်ခန်းများအဖြစ် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း မန္တလေးတိုင်း စည်ပင်သာယာရေးဝန်ကြီးဌာနထံမှ သိရသည်။ ■

M-05

# ကုန်တင်ကုန်ချဆိပ်ကမ်းစီမံကိန်းက ဆီသိုလှောင်ကန်တစ်ခု စတင်တည်ဆောက်

**မန္တလေး၊ စက်တင်ဘာ ၂၇**

ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံရာနေရာတွင် တည်ဆောက်မည့် စက်သုံးဆီကုန်တင်ကုန်ချဆိပ်ကမ်းနှင့် ဆီသိုလှောင်ကန် တည်ဆောက်ရေး စီမံကိန်း၌ ဆီသိုလှောင်ကန်တစ်ခု စတင်တည်ဆောက်နေပြီဖြစ်ကြောင်း မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MESDP) ထံမှ သိရသည်။

မန္တလေးတိုင်းအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စက်တင်ဘာလဆန်းပိုင်းက စ၍ ရွှေ့ပြောင်းစီမံချက်အနေနှင့် ဆီသိုလှောင်ကန်တစ်ခု စတင်ဆောက်လုပ်နေခြင်းဖြစ်ကြောင်း MESDP ၏ စီမံကိန်းဒါရိုက်တာ ဦးသန်းထွန်းက ပြောကြားသည်။

စက်သုံးဆီကုန်တင်ကုန်ချ ဆိပ်ကမ်းနှင့် ဆီသိုလှောင်ကန်တည်ဆောက်ရေးစီမံကိန်းကို ယခင်အစိုးရလက်ထက်က လုပ်ပိုင်ခွင့် ချထားပေးခဲ့ခြင်း ဖြစ်သော်လည်း ပြန်လည်စိစစ်ရန်လိုအပ်သဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် မန္တလေးတိုင်းအစိုးရအဖွဲ့က ခေတ္တဆိုင်းငံ့ထားရန် ညွှန်ကြားခဲ့ရာမှ ရွှေ့ပြောင်းစီမံချက်အနေနှင့် လုပ်ဆောင်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းသည် မန္တလေးတိုင်း အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး အိုးတုံတွန်းလမ်းနှင့် ဧရာဝတီမြစ်အကြား၊ ဒုဋ္ဌဝတီမြစ်နှင့် သပြေတန်းခံတပ်အကြားရှိ မြေ ၃၅ ဧကပေါ်တွင် တည်ရှိပြီး ဆိပ်ခံတံတားအပြင် ဂါလန်နှစ်သန်းဆံ့ စက်သုံးဆီ သိုလှောင်ကန် ၃၂ ကန်ပါဝင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

စက်သုံးဆီကုန်တင်ကုန်ချ ဆိပ်ကမ်းနှင့် ဆီသိုလှောင်ကန်တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော အစီရင်ခံစာယခုနှစ်ကုန်ပိုင်းတွင် ထွက်ရှိလာမည်ဖြစ်ကြောင်း MESDP ၏ စီမံကိန်းဒါရိုက်တာ ဦးသန်းထွန်းက ပြောဆိုသည်။ ■

M-05




မြန်မာနိုင်ငံဆိုင်းဂီတအသင်း သီးခြားဖွဲ့စည်းရန်ပြင်ဆင်နေခြင်းနှင့်ပတ်သက်၍ ဆိုင်ပညာရှင်များ ရှင်းလင်းနေစဉ်

# မြန်မာနိုင်ငံ ဆိုင်းဂီတအသင်း သီးခြားဖွဲ့စည်းရန်ပြင်ဆင်

**မန္တလေး၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးမှခွဲထွက်၍ မြန်မာနိုင်ငံဆိုင်းဂီတအသင်းအဖြစ် တရားဝင်ဖွဲ့စည်းနိုင်ရန် ဥပဒေလမ်းကြောင်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းအသင်း၏ကိစ္စများကို ဆောင်ရွက်ပေးမည့် တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးက ပြောကြားသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ သတင်းစာရှင်းလင်းပွဲလည်းလုပ်ပြီးပြီ။ သတင်းစာထဲလည်းပါပြီးပြီ။ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း တင်ပြပြီးဆိုရင် နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အထိဆက်တင်မယ်။ ဥပဒေလမ်းကြောင်းအတိုင်း နည်းမျိုးစုံနဲ့ ဆက်လုပ်သွားပါ့မယ်' ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ မြန်မာနိုင်ငံဆိုင်းဂီတအသင်း (Myanmar Orchestra Music Association) အနေနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဂီတအနုပညာနှင့် သက်ဆိုင်သော လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့်အတွက် မှတ်ပုံတင်ခွင့်ပြုရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ဇူလိုင်လ ၁၄ ရက်နေ့က လျှောက်ထားခဲ့သည်ဟု ယင်းအသင်းဥက္ကဋ္ဌ ဦးတင့်လွင်က ပြောကြားသည်။

လက်ရှိဖွဲ့စည်းထားသော မြန်မာနိုင်ငံ ဆိုင်းဂီတအသင်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၇၀ ကျော်မှ ဆိုင်းဂီတပညာရှင်များနှင့် ဆိုင်းဂီတဆိုင်ရာ အနုပညာရှင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အသင်းဝင်အရေအတွက် သုံးသောင်းကျော်ရှိကြောင်း အဆိုပါအသင်း အတွင်းရေးမှူး ဦးဇော်သူဟိန်းက ဖြည့်စွက်ပြောဆိုသည်။

"ဒီလိုအဖွဲ့ကိုတရားဝင်အသင်းတစ်ခုအဖြစ်ဖွဲ့စည်းမယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ပဲ ပြောချင်ပါတယ်။ တကယ်လို့ဖြစ်မယ်ဆိုရင်လည်း တိုင်းနဲ့ပြည်နယ် ၁၄ ခုမှာရှိတဲ့ သဘင်အစည်းအရုံးမှာ တာဝန်ယူထားတဲ့သူတွေ အကုန်နုတ်ထွက်မှာပါ။ ဘာလို့ဆိုရင် ပါမစ် (ပွဲမိန့်) တွေ ဖောင်းပွမယ်။ လူလိမ်တွေ ပေါလာမယ်။ ဒီကိစ္စက ဥက္ကဋ္ဌဖြစ်ချင်တဲ့သူက မြှောက်ပေးလို့ဖြစ်တာပါ" ဟု မြန်မာနိုင်ငံသဘင်ပညာရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဇာတိမာန်မောင်မော်က ပြောကြားသည်။

မြန်မာနိုင်ငံ ဆိုင်းဂီတအသင်း ဖွဲ့စည်းရန် စီစဉ်နေခြင်းကို ကန့်ကွက်ကြောင်းနှင့် ယင်းအသင်းအဖွဲ့ကို ဖျက်သိမ်းအရေးယူပေးရန် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို) က ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြထားသည်။

သဘင်အနုပညာအဝန်းအဝိုင်း၏ ညီညွတ်မှုပြိုကွဲနိုင်ခြင်း၊ တရားဝင်ဖွဲ့စည်းခွင့်မရှိသေးဘဲ လှည့်လည်စည်းရုံးခြင်း၊ အသင်းတံဆိပ်တုံးများ၊ လက်မှတ်များဖြင့် တရားဝင်အသင်းအဖြစ် ပြောဆိုလုပ်ဆောင်ခြင်း၊ မြန်မာ့သဘင်ပုံရိပ်ကျဆင်းနိုင်ခြင်း တို့ကြောင့် ကန့်ကွက်ရခြင်းဖြစ်သည်ဟု အဆိုပါတင်ပြစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) အနေနှင့် စည်းကမ်းချက်များ တင်းကျပ်လိုက်ပြီးနောက် ဆိုင်းဝိုင်းများအနေနှင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု မြန်မာနိုင်ငံဆိုင်းဂီတအသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်သစ်က ပြောဆိုသည်။

"ကျွန်တော်တို့အနေနဲ့ အလှူပွဲတွေလောက်ပဲ ဆိုင်တီးရတာ။ ဒါကို ပွဲမိန့်မပေးဖို့ တင်းကျပ်လိုက်တော့ သက်ဆိုင်ရာမြို့နယ်ကလည်း ခွင့်မပြုပေးရဲဘူး။ သဘင်ပညာရှင်များအစည်းအရုံးဆိုတာကလည်း NGO အဖွဲ့အစည်းတစ်ခုပါ။ ဒီလိုမျိုး လုပ်ပိုင်ခွင့်မရှိဘူး" ဟု ၎င်းက ထပ်မံပြောကြားသည်။ ■

**ဝင်းရွှေရည်ဦး**

**သတင်းကိစ္စ** ဆက်သွယ်လိုပါက . . .
**ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁**

# အကြမ်းဖက်သောင်းကျန်းမှုများရှုတ်ချပွဲ ဘူးလက်လှဆွေနှင့် ဒေါ်ခင်ဝိုင်းကြည် မိတ္ထီလာတွင် ယနေ့ဟောပြောမည်

**မိတ္ထီလာ၊ စက်တင်ဘာ ၂၇**

မိတ္ထီလာမြို့၌ စက်တင်ဘာလ ၂၈ ရက်နေ့တွင်ကျင်းပမည့် အကြမ်းဖက်သောင်းကျန်းမှုများ ဆန့်ကျင်ရှုတ်ချပွဲတွင် လွှတ်တော် ကိုယ်စားလှယ်ဟောင်းများဖြစ်သည့် ဦးလှဆွေ (ဘူးလက်) နှင့် ဒေါ်ခင်ဝိုင်းကြည်တို့ ဟောပြောမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

အဆိုပါပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကာ စည်းခုံကြီးကန်ဘောင်တွင် ဟောပြောမှုများပြုလုပ်မည်ဖြစ်ကြောင်း ဦးဆောင်ဟောပြောမှုတွင်ပါဝင်မည့် ဦးဝင်းဇော် (အမျိုးသားနိုင်ငံရေး) က ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများသည် လူမျိုးရေး/ဘာသာရေး ပြဿနာမဟုတ်ဘဲ အစွန်းရောက် အကြမ်းဖက် သောင်းကျန်းသူ ARSA များအနေနှင့် နယ်မြေသိမ်းရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော အကြမ်းဖက်မှုဖြစ်ကြောင်း၊ အဆိုပါလုပ်ရပ်များကို ကန့်ကွက်ရှုတ်ချကြောင်း၊ သတင်းမှားများကို အခြေခံ၍ မြန်မာနိုင်ငံအပေါ် အကျပ်ကိုင်စွက်ဖက်သောပြည်ပနိုင်ငံများကိုလည်း ကန့်ကွက်ရှုတ်ချကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါပွဲတွင် ဦးဝင်းဇော် (အမျိုးသားနိုင်ငံရေး)၊ အမတ်ဒိန် (စာရေးဆရာ) နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်းများဖြစ်သည့် ဘူးလက်လှဆွေနှင့် ဒေါ်ခင်ဝိုင်းကြည်တို့ ဦးဆောင်ဟောပြောမည်ဖြစ်ကြောင်း၊ မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ ခွင့်ပြုမိန့် ၄/၂၀၁၇ ဖြင့် လူဦးရေ ၁၀၀၀ ခန့်သည် မိတ္ထီလာမြို့ပေါ်တွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။ ■

**R-01**

# နွားအကောင် ၅၀၀ ကသာတွင်တားဆီးစစ်ဆေး

**သပိတ်ကျင်း၊ စက်တင်ဘာ ၂၇**

ဧရာဝတီမြစ်ကြောင်းအတိုင်း နွားအကောင် ၅၀၀ သယ်ဆောင်လာသော ကုန်တင်ရေယာဉ်နှစ်စင်းကို ဌာနပေါင်းစုံပါဝင်သောအဖွဲ့က ကသာမြို့နယ် အောင်ချမ်းသာကျေးရွာဆိပ်ကမ်းတွင် စစ်ဆေးနေကြောင်း ကသာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နွားများတင်ဆောင်ခဲ့သော ကုန်တင်သင်္ဘောများကို ဌာနပေါင်းစုံပါဝင်သောအဖွဲ့က စက်တင်ဘာလ ၂၆ ရက်နေ့ ညနေ ၆ နာရီခွဲ အချိန်ခန့်ကစ၍ လက်ရှိအချိန်အထိ စစ်ဆေးနေသည်ဟု ၎င်းက ဆိုသည်။

ရွှေအင်ကြင်းရေယာဉ်၊ ရွှေပုန်းညက်ရေယာဉ်တို့ဖြင့် နယ်ကျော်သယ်ဆောင်လာသော နွားအကောင် ၅၀၀ နှင့်ပတ်သက်၍ အထောက်အထား ပြည့်စုံစွာ ပြသနိုင်ခြင်းမရှိသည့်အတွက် တားဆီးထိန်းသိမ်းထားခြင်းဖြစ်သည်ဟုလည်း ၎င်းက ရှင်းပြသည်။

"အခုချိန်ထိ စစ်ဆေးနေဆဲပဲ ရှိပါသေးတယ်။ အချက်အလက်အပြည့်အစုံမရသေးတဲ့အတွက် အသေးစိတ်ပြောလို့မရသေးဘူး" ဟု အဆိုပါ တာဝန်ရှိသူက ထပ်လောင်းပြောဆိုသည်။

တားဆီးစစ်ဆေးခံနေရသော ရေယာဉ်များဖြင့် သယ်ဆောင်ခဲ့သော နွားများသည် ခန့်ညားထုတ်လုပ်မှုကုမ္ပဏီက ပိုင်ဆိုင်ခြင်းဖြစ်ပြီး တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အကြံပြုချက်ဖြင့် မန္တလေးတိုင်းဝန်ကြီးချုပ်က သယ်ဆောင် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်တင်က ပြောကြားသည်။

"ခန့်ညားထုတ်လုပ်မှုကုမ္ပဏီပိုင်ရှင် ဦးကျော်တင့်အနေနဲ့ အစိုးရအဖွဲ့ခွင့်ပြုစာ ရေယာဉ်အုပ်တွေကို မပေးလိုက်လို့ အခုလို ဖြစ်ရတာပါ။ ကုမ္ပဏီပိုင်ရှင် ဦးကျော်တင့်က မန္တလေးတိုင်းအတွင်းမှာရှိတဲ့ နွားပွဲဈေးတွေကနေ နွားတွေဝယ်စုပြီး ကချင်ပြည်နယ် ဗန်းမော်ကိုပို့မှာပါ။ ခွင့်ပြုချက် တောင်းတာက နွားကောင်ရေ ၁၀၀၀ ပါ ။ ဝန်ကြီးချုပ်က ၅၀၀ ပဲ ခွင့်ပြုပေးထားတာပါ" ဟု ၎င်းက ပြောဆိုသည်။

ရွှေအင်ကြင်းရေယာဉ်၊ ရွှေပုန်းညက်ရေယာဉ်တို့ဖြင့် သယ်ဆောင်လာသော နွားအကောင် ၅၀၀ သည် စက်တင်ဘာလ ၂၂ ရက်နေ့က မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှနေ၍ ဗန်းမော်ဆိပ်ကမ်းသို့ ထွက်ခွာလာခြင်းဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ပြောကြားသည်။

"ဂေါဝိန်ဆိပ်ကနေ ဗန်းမော်မြို့နယ် စင့်ကင်းကျေးရွာကို သယ်ဆောင်ခွင့်ပြုလိုက်တဲ့ နွားတွေဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မှန်ကန်မှု ရှိမရှိ စစ်ဆေးပြီးမှ ဆက်သွားခွင့်ပြုလိုက်တာ" ဟု ၎င်းကပြောဆိုသည်။ ■

**R-05**

# BOOK GUIDE

## ဆရာကြီး ဦးသံဗျင် ဂုဏ်ပြုအမှတ်တရစာစုများ

### အောင်ကြည်ညွန့် ( စီစဉ်သူ)




"ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာလျှင်မေ့" ဆိုသော်လည်း ကြာလေမမေ့နိုင်လေ ပုဂ္ဂိုလ်မျိုးတွေ များစွာရှိနိုင်ပါသည်။ ထိုသူများထဲတွင် ဆရာကြီး ဦးသံဗျင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ နာမည်က ထူးဆန်းသလို ပညာရေးလောကအတွက် အလွန်ကြီးမြတ်ခဲ့သူတစ်ဦးဖြစ်သည်။ ဤစာအုပ်သည် ဆရာကြီး ဦးသံဗျင်ကို ချစ်ခင်ကြည်ညိုသူများ၊ တပည့်မိတ်ဆွေအပေါင်းက ရာပြည့်အထိမ်းအမှတ်အဖြစ် ပူဇော်ချီးကျူး စာများကို စုပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။

အတ္ထုပ္ပတ္တိများသည်တစ်ဦးတည်းရေးလျှင် တစ်ဖက်တည်းအမြင်ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် စုပေါင်းရေးသားထားသည့် အကြောင်းကတော့ လက်ဖက်စုံကို ဆီနိုင်နိုင်၊ ပုစွန်ခြောက်များများဖြင့် စားရသလို အရသာရှိလှသည်။ စီစဉ်သူ အောင်ကြည်ညွန့်က စာပုဒ်ပေါင်း (၃၉ ပုဒ်) ဖြင့် စုစည်းပြီး ဆရာကြီးဦးသံဗျင် အမှတ်တရကို ထာဝရကျန်နေစေရန် စာအုပ်အဖြစ် စီစဉ်ပေးလိုက်ခြင်းပင်။

ဆရာကြီးဦးသံဗျင်သည် တော်လှန်ရေးကောင်စီလက်ထက်ကတည်းက မြန်မာနိုင်ငံ စာမတတ်သူ ပပျောက်ရေးလှုပ်ရှားမှုတွင် အားကြိုးမာန်တက် ပါဝင်လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ အသုံးလုံးစီမံကိန်းကြီးကို လူထုစည်းရုံးရေးနည်းဖြင့် ဆောင်ရွက်ရန် တော်လှန်ရေးကောင်စီဝင်များကို အကြံပြုသူမှာ ဆရာကြီးပင်ဖြစ်သည်။

ဆရာကြီးသည် ဘာသာရပ်အတော်များများကို သိကျွမ်းသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက မော်လမြိုင် ဆရာအတတ်သင်နော်မန်ကျောင်းတွင် ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သမိုင်းဘာသာရပ်သင်ကြားရေးကို ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ပေးနိုင်ခဲ့သည်။ မျိုးချစ်စိတ်ပြင်းထန်ပြီး ခံယူချက်အတွက် အနစ်နာ ခံတတ်ခြင်းမှာ ဆရာကြီး၏ဂုဏ်ရည် ဖြစ်သည်။ တိုင်းရင်းဖြစ်ပင်နီကို မြတ်နိုးစွာဝတ်ဆင်လေ့ရှိသည်။ ဆိုရှယ်လစ်ခေတ်တွင် ဆိုရှယ်လစ်စနစ်ကို မိမိယုံကြည်ချက်ဖြင့် အကောင်အထည်ဖော်ပေးနေသူလည်းဖြစ်သည်။ ပညာရေးဘက်က ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ဆောင်ခဲ့သည့် ပညာရေးရှေ့တန်းတပ်သားကောင်းကြီးတစ်ဦးဟုလည်း တင်စားနိုင်သည်။

ဤစာအုပ်ထဲတွင် ဆရာကြီး ဦးသံဗျင်ကိုယ်တိုင်ရေးသားခဲ့သော ဆောင်းပါးနှစ်ပုဒ်ကိုလည်း အမှတ်တရစာစုအဖြစ် ထည့်သွင်းပေးထားပြီး ဆရာကြီး၏ စိတ်ဓာတ်နှင့် စာပေလက်ရာကို ခန့်မှန်းအကဲဖြတ်နိုင်ပါသည်။ တစ်ပုဒ်မှာ (ကျွန်ပညာနှင့် သခင်ပညာ) ဖြစ်ပြီး၊ နောက်တစ်ပုဒ်မှာ (မေ့မရနိုင်တဲ့ ပညာရေးအတွေ့အကြုံလေး များ) ဖြစ်သည်။ မေ့မရနိုင်တဲ့ ပညာရေးအတွေ့အကြုံလေးများတွင် ဆရာကြီး၏ အသုံးလုံးလှုပ်ရှားဆောင်ရွက်မှုများနှင့် စိတ်ဓာတ်ကိုတွေ့ရှိနိုင်သည်။ ကျွန်ပညာနှင့် သခင်ပညာတွင် ဆရာကြီးက -

"ပညာရေးဟူသော စကားရပ်ကို သူ့ချည်းထီးတည်း ထုတ်နုတ်စဉ်းစား၍ မဖြစ်ပေ။ ပတ်ဝန်းကျင် အဆက်အစပ်များကိုပါ ထည့်စဉ်းစားမှသာ သူ၏ပုံမှန် အနေအထားကို ကြည်လင်ပြတ်သားစွာ မြင်သာလိမ့်မည်ဖြစ်၏" ဟု အဖွင့်ကတည်းကဆိုထားသည်။ ဤစာတိုလေးသည် နှစ်ပေါင်း ၅၀ ကျော်ကြာခဲ့သည့်တိုင် ခေတ်မီနေသေး သည်။

ဆရာကြီးသည် အမြဲစာဖတ်သည်။ အမြဲလေ့လာ၊ အမြဲကြိုးစားနေသူတစ်ဦးလည်းဖြစ်သည်။ အဟောအပြောလည်းကောင်းသည်၊ အရေးအသားလည်းကောင်းသည်။ စာတတ်မြောက်ရေးအကြောင်းများကိုတောက်လျှောက်ရေးသားဟောပြောပို့ချ ပညာပေးသည်။ မြန်မာလိုသာမက အင်္ဂလိပ်လိုပါ အရေးအသားကောင်းလှ သည်။ မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် သူပါဝင်ဆောင်ရွက်ခဲ့သည့် အခန်းကဏ္ဍနှင့် ကျေးဇူး တို့ကား ကြီးမားလှသည်။ ၁၉၆၄ နှင့် ၁၉၆၅ စမ်းသပ်ကာလများ၌ပင် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းခန့် ဖြစ်လာစေရန် ဆရာကြီး၏ စွမ်းဆောင်နိုင်မှုမှာ အပြောသမားမဟုတ်၊ လက်တွေ့သမားဖြစ်ကြောင်း ထင်ရှားစေသည်။

ဆရာကြီးသည် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလထုတ် ပညာတန်ဆောင်စာစောင်တွင် မြန်မာနိုင်ငံ၌ ရင်ဆိုင်နေရသည့် အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာ ပြဿနာကို ဝေဖန်ထောက်ပြရေးသားခဲ့ဖူးပါသည်။ ခေါင်းစဉ်မှာ (အင်္ဂလိပ်စာသင်ကြားရေးပြဿနာ) ဖြစ်ပြီး အလွန်မှတ်သားစရာ ကောင်းသည့် မှတ်ချက်လေးတစ်ခုမှာ -

"ကျွန်တော့် အယူအဆကတော့ အင်္ဂလိပ်ဘာသာကို မြန်မာကလေးများအား သင်ပေးခြင်းမှာ အင်္ဂလိပ်တို့၏ ယဉ်ကျေးမှုတစ်ရပ်လုံးကို မြန်မာ့ ယဉ်ကျေးမှုနေရာတွင် အစားထိုးဖို့ မဟုတ်ပါ။ အရေးအကြီးဆုံးမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အကြောင်းအရာများ အဓိပ္ပာယ်အပြည့်အစုံ နားလည်သိရှိ သဘောပေါက်ဖို့ (Comprehension) သာလျှင်လိုပါသည်။ အင်္ဂလိပ်စာပေကိုဖတ်ပြီး နားလည်ထားသမျှကို ကျွန်တော်တို့ နိုင်ငံမှာ လက်တွေ့ လုပ်တတ်ကြဖို့ သာလိုပါသည်။ နားလည်သမျှကို မြန်မာလို ပြန်ပြောနိုင်ဖို့သာ လိုပါသည်။ ဖတ်လျှင် နားလည်နိုင်ရေးသည် ကျွန်တော်တို့၏ အဓိကရည်ရွယ်ချက်ဖြစ်ရမည်ဟု ယုံကြည်ပါသည်" ဟု သူ၏ ယုံကြည်ချက်ကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်တင်ပြခဲ့သည်။

ဆရာတွေအတွက် ဆရာကြီး၏ လမ်းညွှန်ချက်တစ်ခုကလည်း မှတ်သားစရာပင် -

"ခင်ဗျား ဘယ်ဘာသာရပ်ကိုသင်သင် သဘာဝတရား (Life Principle) ကို မျက်ခြည်မပြတ်ဖို့ပါဘဲ" ဟု ဆိုဖူးကြောင်း ဆရာဦးသိုက်ထွန်း၏စာတွင် တွေ့ရသည်။

အင်္ဂလိပ်စာနှင့်ပတ်သက်သည့် ဆရာကြီး အယူအဆသည် ဘယ်တော့မှမပြောင်း။ ဆရာဦးမြင့်ဟန်နှင့် တွေ့ဆုံစဉ်ကလည်း -

"ခင်ဗျား သိတဲ့အတိုင်း အင်္ဂလိပ်ဒေသခံတွေပြောတဲ့ အင်္ဂလိပ် အသံထွက်တွေအတိုင်း ဒွတ်ရက်ဒွတ်ဒက် ဖြစ်ဖို့ထက်၊ သူတို့ဆီက အသိပညာနဲ့ အတတ်ပညာတွေကို ရယူဖို့ အကြားအဖတ်က ပိုအရေးကြီးလိမ့်မယ်ဗျ" ဟုဆွေးနွေးဖူးသည်မှာ စိတ်ဝင်စားစရာပင်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးနှင့် အသုံးလုံးဟု ပြောလိုက်လျှင် နံပါတ်တစ် ထိပ်ဆုံးက မမေ့သင့်သူမှာ ဆရာကြီး ဦးသံဗျင်ဖြစ်ပါသည်။ ဆရာကြီးကြောင့် မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေးတွေ လုပ်ဆောင်နိုင်ခဲ့သည်။ ကမ္ဘာက အသိအမှတ်ပြုမှုများ ရရှိခဲ့သည်။ စာမတတ်သည့် အရေအတွက်တွေလည်း တောရော မြို့ပါမကျန် ကွယ်ပျောက်သွားခဲ့ရသည်။

စာပေမတတ်၊ လက်ဗွေအမှတ်နှင့် ကြက်ခြေခတ်တွေ လုပ်နေရသည့် ကျေးလက်နင်းပြားတို့ဘဝကို လွတ်မြောက်အောင် အလင်းဆောင်ပေးခဲ့သူ ဆရာကြီး ဦးသံဗျင်သည် အသက် ၉၃ နှစ်အရွယ်၊ ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

■ **စာကြမ်းပိုး**

## ကုသိုလ်လမ်းညွှန်

ဒီတစ်ပတ်တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာကတော့ ကျန်းမာရေးအတွက် ကုသိုလ်ပြုနိုင်ဖို့ပါ။ အသက် ၆ နှစ်အရွယ်ရှိတဲ့ ကချင်လူမျိုး ယောဆောင်ဟာ သွေးရောဂါဝေဒနာကို ခံစားနေရတာဖြစ်ပါတယ်။ မိဘတွေကလည်း ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နားမှာနေထိုင်တာဖြစ်ပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေရတာမို့ ကလေးငယ် ယောဆောင်ကို ဆေးဆက်လက်ကုသဖို့ ငွေကြေးအခက်အခဲကြုံတွေ့နေရတာဖြစ်ပါတယ်။ ကလေးငယ်အတွက် တတ်အားသရွေ့ ငွေကြေးအလှူဒါနပြုချင်ရင်တော့ မန္တလေး၊ ကလေးဆေးရုံဟောင်း၊ သွေးနဲ့ကင်ဆာဌာနမှာ သွားရောက်လှူဒါန်းနိုင်ပြီး တစ်ဆင့် ဆက်သွယ်လှူဒါန်းချင်ရင် ကိုဝမ်း ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ ကို စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### Mrcrowave Ovan တွေပါ တင်ထားနိုင်မယ့် မီးဖိုချောင်းသုံးစင်

မီးဖိုချောင်က အသုံးအဆောင်ပစ္စည်းတွေကို စနစ်တကျထားချင်သူတွေနဲ့ Mrcrowave Ovan တွေပါတင်ထားနိုင်မယ့် မီးဖိုချောင်သုံးစင်လေးကို ညွှန်းချင်ပါတယ်။ ဒီစင်လေးက အကန့်သုံးဆင့်ပါဝင်ပြီး အပေါ်ဘက်မှာ ပုလင်းတွေထားနိုင်မှာဖြစ်ပြီး အလယ်စင်မှာ ပန်းကန်တွေနဲ့ အောက်ဆုံးအဆင့်မှာတော့ Microwave Ovan အထိပါခံနိုင်အောင် ပြုလုပ်ထားတယ်လို့ ရောင်းချသူကဆိုပါတယ်။ မီးဖိုချောင်နားမှာရှိတဲ့ပစ္စည်းတွေကို တစ်စုတစ်စည်းတည်း ထားချင်သူတွေအတွက် အကြိုက်တွေ့စေမှာဖြစ်ပြီး ပစ္စည်းအရည်အသွေးကိုလည်း အာမခံတယ်လို့ ထပ်ဆင့်ဆိုပါတယ်။ အရောင်ကတော့ အဖြူရောင်တစ်မျိုးတည်းသာရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ၃၈၀၀၀ ကျပ်ဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၇၉၆၁၀၁၇၇၇ တို့ကို မေးမြန်း စုံစမ်းနိုင်ပါတယ်။ ■



**အောက်**တိုဘာလ ၂ ရက် နေ့စွဲနှင့် တိုင်းမဂ္ဂဇင်း (Asia edition) မျက်နှာဖုံးမှာ ရခိုင်ပဋိပက္ခနှင့်စပ်လျဉ်းပြီး မျက်နှာဖုံးဆောင်းပါးတစ်ခု ဖော်ပြပါရှိလာသည်။ မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်းပြီး တိုင်းမဂ္ဂဇင်းက ကြုံလျှင်ကြုံသလို Cover Story ဖော်ပြလေ့ရှိရာ ယခုဆောင်းပါးမှာ ယခုနှစ်အတွင်း အနည်းငယ်သောဖော်ပြမှုထဲက တစ်ခုဖြစ်သည်။ အမေရိကန်နိုင်ငံထုတ် ဩဇာရှိသတင်းမဂ္ဂဇင်းတစ်စောင်ဖြစ်သောကြောင့် တိုင်းမဂ္ဂဇင်း၏ ရေးသားဖော်ပြချက်တွေကို ကမ္ဘာက အလေးထားဖတ်ရှုလေ့ရှိကြသည်။ ဒီဘက်ခေတ်မီဒီယာတွေ အရှိန်အဟုန်နှင့် အပြောင်းအလဲဖြစ်လာတော့ ယခင်က စောင်ရေသန်းချီထုတ်ဝေခဲ့ရသောမဂ္ဂဇင်းမှာ ယခုဆိုလျှင် Print Version အနေနှင့် စောင်ရေအနည်းငယ်သာကျန်တော့ပြီး အွန်လိုင်းပေါ် အဓိကဖော်ပြနေရသည့်အခြေအနေ ဆိုက်ရောက်သွားပြီဖြစ်သည်။

ဤမဂ္ဂဇင်းကို နှစ်ပေါင်းနှစ်ဆယ်ကျော် အပတ်စဉ်မပျက် ဖတ်ရှုလာခဲ့သော စာရေးသူပင် Print Version ကို မဖတ်ဖြစ်တော့သည်မှာ ဆယ်စုနှစ်တစ်ခုလောက်ရှိရော့မည်။ လွန်ခဲ့သည့် နှစ်နှစ်ဆယ်ကျော် သုံးဆယ်နီးပါး စာရေးသူတို့နိုင်ငံမှာ ဒီမိုကရေစီဆိတ်သုဉ်းပြီး လေ့လာဖတ်ရှုစရာရှားပါးသောခေတ်မှာတော့ အပတ်စဉ် ထိုမဂ္ဂဇင်းများကို ဖတ်ရှုရသည်မှာ ရင်ခုန်စရာကောင်းလှသည်။ ပုံနှိပ်အရည်အသွေး Print Quality ကောင်းခြင်း၊ စာမျက်နှာဖွဲ့စည်းပုံနှင့် တင်ဆက်ပုံကောင်းခြင်း၊ သတင်းဆောင်းပါးများ၊ မျက်နှာဖုံးဆောင်းပါးများ ဂျာနယ်လစ်ဇင်အင်္ဂါရပ်များနှင့် ပြည့်စုံသည့်အတွက် သင်ယူစရာရှားပါးသောခေတ်တွင် ထိုမဂ္ဂဇင်းသည် စာရေးသူအတွက် ဂျာနယ်လစ်ဇင် မြင်ဆရာဖြစ်ခဲ့သည်။ မျက်နှာဖုံးဆောင်းပါးများက နှိုက်နှိုက်ချွတ်ချွတ် In depth ဖြစ်ပြီး Feature Story တစ်ပုဒ်အဖြစ် စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားသလို သတင်းဓာတ်ပုံ ရွေးချယ်ဖော်ပြမှုကလည်း အလွန်အားကောင်းလှသည်။

ယခုမျက်နှာဖုံးအဖြစ် ဖော်ပြထားသည့် ဓာတ်ပုံကိုကြည့်လျှင်ပင် မြင်ရသူ၏စိတ်နှလုံးကို ဆွဲငင်နိုင်စွမ်းရှိသော Tragedy သတင်းဓာတ်ပုံ။ ဘင်္ဂလားဒေ့ရှ်ဘက်သို့ထွက်ပြေးသွားကြသည့် ဘင်္ဂါလီတွေထဲက သက်ကြီးရွယ်အိုနှစ်ဦး ကမ်းခြေရေစပ်မှာ တစ်ဦးကိုတစ်ဦး မနိုင့်တစ်နိုင်မှီတွဲနေပုံ။ အားအင်ကုန်ခန်းပြိုလဲတော့မည့် အမျိုးသမီးကြီးကို ဖေးမနေသည့် ဘင်္ဂါလီအဘိုးအို။ နောက်ခံမှာတော့ ဘင်္ဂလားလှေတစ်စီး၏ နောက်မြီးပုံကို Crop လုပ်ထားသည်။ မျက်နှာဖုံးခေါင်းစဉ်က MYANMAR 'S SHAME ။ 'ရိုဟင်ဂျာများ အစုအပြုံလိုက်ထွက်ပြေးရခြင်းက အောင်ဆန်းစုကြည်၏ အမည်ကို အိုးမဲသုတ်နေ' ဟု အဓိပ္ပာယ်ရသောစာသားကိုပါ Sub Heading အနေနှင့် ဖော်ပြထားသည်။

ဘာပဲဖြစ်ဖြစ် ဩဇာရှိမဂ္ဂဇင်းကြီးတစ်စောင်ကတော့ မြန်မာ့အရေးကို သူတို့အာဘော်နှင့် ကမ္ဘာကိုဖြန့်ချိလိုက်ပြီဖြစ်သည်။ တိုင်းမဂ္ဂဇင်းက အပတ်စဉ်ထုတ်ဖြစ်သောကြောင့် ရခိုင်ဖြစ်စဉ်ကို Story တစ်ခုအနေနှင့် သူတို့ရသမျှ သတင်းရင်းမြစ် Sources များ အခြေခံပြီးအပြည့်စုံဆုံးဖော်ပြထားသည်။

ပထမဦးစွာ ထိုသတင်းဆောင်းပါးကို အတတ်နိုင်ဆုံး ဓမ္မဓိဋ္ဌာန်ကျကျ အစွဲကင်းကင်းထားပြီး ဖတ်ကြည့်မိသည်။ Online Version မှာတော့ ဗီဒီယိုဖိုင်လည်း တစ်ခုပါဝင်နေတော့ ကြည့်ဖြစ်လိုက်သည်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းသို့ အထုပ်အပိုးတွေရွက်ပြီး ထွက်ပြေးလာနေကြသော ဘင်္ဂါလီအမျိုးသား၊ အမျိုးသမီးများ၊ သားသည်မိခင်များ၊ ကလေးငယ်များ။ ဗီဒီယိုရိုက်သူက ရွံ့ဗွက်တောထဲ တရွေ့ရွေ့လျှောက်လှမ်းနေသော ခြေဗလာတွေကို အနီးကပ် Foreground ထားရိုက်သည်။ လယ်ကွင်းတွေကြား လူတန်းရှည်ကြီး တရွေ့ရွေ့သွားနေပုံကို အပေါ်စီးမှလှမ်းရိုက်သည်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း ဒုက္ခသည်စခန်းမှာ ရိက္ခာဝေသည်ကို အစုလိုက်အပြုံလိုက် တိုးဝှေ့နေပုံပြသည်။ မျက်နှာညှိုးနွမ်းနေသော ဘင်္ဂါလီအမျိုးသမီးကြီးများပုံကို ရိုက်ပြသည်။ မီးခိုးတွေ အူထွက်နေသော ရွာများ၏ပုံကိုပြသည်။ မြန်မာတပ်၏ ရဟတ်ယာဉ်များ စုဖွဲ့ပျံသန်းလာပုံကိုပြသည်။ အားလုံးသည် Tragedy. (မြန်မာအစိုးရ ရက်စက်သည်)။ ဒီနေရာမှာ စာရေးသူတွေးမိသည်က ဘာ့ကြောင့် မောင်တောဒေသမှာ ခုတ်သတ်ခံရသည့်တိုင်းရင်းသားတွေ၊ မောင်တောမြို့ပေါ် ထွက်ပြေးလာရသည့် ရခိုင်တိုင်းရင်းသားဒုက္ခသည်တွေ၊ ဒုက္ခသည်စခန်းတွေ၊ အကြမ်းဖက်ခံရသည့် ရဲစခန်းတွေ၊ ကြောက်လန့်နေကြသည့်ရခိုင်တိုင်းရင်းသားတွေ၏ပုံများ ဖော်ပြမထားသလဲဆိုတာ ဖြစ်သည်။ မျှတသော သတင်းဆောင်းပါးတစ်ခု ဖော်ပြတော့မည်ဆိုလျှင် နှစ်ဖက်စလုံးက အခြေအနေမှန်များကို အရှိကို အရှိအတိုင်း ဖော်ပြရမည်။ အနောက်မီဒီယာများအနေနှင့် သူတို့လက်လှမ်းမီသမျှ သတင်းဓာတ်ပုံတွေ၊ အထောက်အထား ပြောဆိုချက်တွေကိုပဲ ကိုးကားသည်ဟုဆိုနိုင်သော်လည်း သတင်းဆောင်းပါးရည်ရွယ်ရင်း Story Angle က 'မြန်မာအစိုးရ ရက်စက်သည်။ လူသားချင်းစာနာမှုမရှိ။ လူမျိုးတုံး သတ်ဖြတ်နေသည်' ဘက်ကို ဦးတည်နေသောကြောင့် ဘင်္ဂါလီတွေ ဒုက္ခရောက်ပုံတွေကိုသာ မီးမောင်းထိုး Highlight လုပ်သည်ကို သတိပြုမိသည်။



ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြီးခဲ့သည့်လအတွင်း ရောက်ရှိလာသော သန်းတစ်ဝက်နီးပါးရှိ ဒုက္ခသည်များအတွက် အဆောက်အအုံ ၁၄,၀၀၀ ဆောက်လုပ်ရန် စီစဉ်နေသည်။ ဘင်္ဂလားဒေ့ရှ်ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး ရောဘတ်ဝပ်ကင်က နတ်မြစ်ကိုကျော်ဖြတ်ရန် မြန်မာဘက်အခြမ်းတွင် တန်းစီနေသည့် လူပေါင်း အနည်းဆုံး တစ်သိန်းခန့်ရှိမည်ဟု ယုံကြည်နေသည်။

မျက်နှာဖုံးဆောင်းပါးကို ဤသို့ဖွင့်ထားသည်။ 'လူ့အခွင့်အရေးသူရဲကောင်းတစ်ဦးအဖြစ် ကာလရှည်ကြာစွာ အသိအမှတ်ပြုခံထားရသော အောင်ဆန်းစုကြည်၏ပုံရိပ်ကား နိုင်ငံထဲမှ အဓမ္မနှင်ထုတ်ခံရသော သန်းတစ်ဝက်ခန့်ရှိ လူနည်းစုရိုဟင်ဂျာများကြောင့် ပြောင်းလဲသွားခဲ့ပေပြီ။ ဩဂုတ်လ ၂၅ ရက် ဂြိုဟ်တုဓာတ်ပုံများအရ ပထမဦးဆုံး ကျေးရွာများမှ ထွက်ပေါ်လာသော မီးတောက်မီးလျှံများကိုမြင်ရသည်။ ထို့နောက် တစ်ရွာပြီးတစ်ရွာ၊ မြန်မာနိုင်ငံအနောက်ပိုင်းရှိ မြို့နယ်တစ်ခုလုံး မီးလောင်နေပုံများ ဆက်တိုက်တွေ့ရသည်။ ထိုဖြစ်ရပ်မှာ မွတ်ဆလင်စစ်သွေးကြွများက မြန်မာစစ်တပ်စခန်းများကို တိုက်ခိုက်အပြီး ပေါ်ထွက်လာခြင်းဖြစ်သည်။'

တစ်ဆက်တည်းမှာပင် မြန်မာစစ်တပ်၏ လက်တုံ့ပြန်တိုက်ခိုက်မှုကြောင့် ထောင်ပေါင်းများစွာသော မွတ်ဆလင်ဒုက္ခသည်များ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ဖြတ်ကျော်ထွက်ပြေးလာရပုံ၊ ရက်သတ္တပတ်သုံးပတ်အတွင်း ဒုက္ခသည် ၄၂၀,၀၀၀ ရှိလာပုံ၊ ထိုအထဲတွင် သုံးပုံ နှစ်ပုံက ကလေးသူငယ်များဖြစ်ပုံ၊ ယူနီဆက်နှင့် နယ်စည်းမခြားဆေးကုသရေးအဖွဲ့များကို ဝင်ခွင့်မပြုပုံ၊ ကုလလူ့အခွင့်အရေး အကြီးအကဲတစ်ဦးက 'လူမျိုးစု သန့်စင်ရေး ကျောင်းသုံးနမူနာ' a textbook example of ethnic cleansing အဖြစ် ဝေဖန်ပုံများကို ရေးသားထားသည်။ ထိုအချက်အလက်များအားလုံးသည် ပြီးခဲ့သည့်ရက်များအတွင်း ပြင်ပမီဒီယာတွေက သူတို့ရသလောက် သတင်းရင်းမြစ်ကို အခြေခံ ပုံကြီးချဲ့ထားတာတွေပဲဖြစ်သည်။ ဆောင်းပါးရှင်သည် မြန်မာနိုင်ငံ၏ ပကတိသမိုင်းဖြစ်စဉ်ကို မသိရှိဘဲ ရသမျှ အကိုးအကားနှင့် ဇာတ်လမ်းဆင်နေခြင်းဖြစ်သည်။

ဆက်လက်၍ 'ယခုဖြစ်စဉ်တွင် အသံတိတ်နေသူတစ်ဦးမှာ နိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည်ဖြစ်သည်' ဟု ရေးသားထားပြီး အခြားနိုဘယ်လ်ဆုရှင် ပါကစ္စတန်နိုင်ငံသူ မာလာလာကပင်လျှင် အောင်ဆန်းစုကြည်ကို စာရေးပြီး 'ကမ္ဘာကြီးက စောင့်မျှော်နေသည်' ဟုတစ်မျိုး၊ ဘုန်းတော်ကြီးဒက်စမွန်တူးတူးက အောင်ဆန်းစုကြည် သတ္တိပြပါဟု တစ်ဖုံ တိုက်တွန်းသည့်အကြောင်း ရေးသားထားသည်။ ဒေါ်အောင်ဆန်းစုကြည်ဘက်ကမူ ယခုဖြစ်ရပ်သည် အစီအစဉ်တကျ သတင်းမှားထုတ်လွှင့်မှု a misinformation campaign ဟုငြင်းဆန်ခဲ့ကြောင်း၊ ပထမဦးဆုံး ကျေးရွာမီးလောင်ခံရပြီး ၂၅ ရက်အကြာမှာတော့ ဒေါ်အောင်ဆန်းစုကြည်က သံတမန်များရှေ့မှောက်တွင် ကမ္ဘာသိမိန့်ခွန်းတစ်ရပ်ပြောကြောင်း၊ ထိုမိန့်ခွန်းကလည်း စစ်တပ်၏လုပ်ရပ်အပေါ် ဝေဖန်မှုမပြုခဲ့သလို ရိုဟင်ဂျာများဘက်က ပြောဆိုပေးတာမရှိခဲ့ကြောင်း၊ ထိုအစား နိုင်ငံတကာက ထိုကိစ္စအပေါ် ဝေဖန်ပြစ်တင်နေကြခြင်းကိုသာ ပြစ်တင်သွားခဲ့ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ထိုဒေသတွင် ပြဿနာဖြစ်အောင်ပြောနေခြင်းထက် ငြိမ်းချမ်းအောင် ဘယ်လိုလုပ်သင့်သည်ကို ပိုအာရုံစိုက်သင့်ကြောင်း၊ ထိုဒေသတွင် ထွက်မပြေးဘဲနေသော မွတ်ဆလင်တွေ အများကြီးရှိကြောင်းကိုမိန့်ခွန်းမှာ ပြောသွားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းမှာ လူမျိုးစုသန့်စင်ရေးကိစ္စအား သကာဖုံးထားသော မိန့်ခွန်းသာဖြစ်ကြောင်း 'Her speech try to sugarcoat ethnic cleansing' ဆိုပြီး လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးမှ ဒါရိုက်တာတစ်ဦး၏ ပြောဆိုချက်ကို ကိုးကားရေးသားထားသည်ကိုလည်း တွေ့ရသည်။

တိုင်းမဂ္ဂဇင်း၏ မျက်နှာဖုံးဆောင်းပါးတစ်ခုလုံးကို ဘာသာပြန်နေလျှင် ဆောင်းပါး အတော်ရှည်သွားနိုင်ပါသည်။ အနှစ်ချုပ်ဆိုရလျှင် ယခုအခါ ဒေါ်အောင်ဆန်းစုကြည်၏ နာမည်ကောင်းများ မှေးမှိန်လာနေပြီဖြစ်ကြောင်း၊ နိုဘယ်လ်ဆု လက်ခံရယူစဉ်က သူမသည် အကြမ်းမဖက်ဘဲ ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့သူ၊ လူ့အခွင့်အရေး သူရဲကောင်းအဖြစ် ကမ္ဘာက ချီးကျူးခဲ့သလို အမေရိကန်အစိုးရကလည်း ချီးမြှောက်ခဲ့ကြောင်း၊ ယခုတော့ အတော်ပင် ပြောင်းလဲသွားပြီဖြစ်ကြောင်း ဖော်ပြရင်း ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီအခြေအနေများ၊ ၂၀၁၂ ခုနှစ်က အခြေအနေများ၊ အမေရိကန်နှင့် သူမ၏ဆက်ဆံရေးနောက်ခံအကြောင်းများ... စသည်ဖြင့် မျက်နှာဖုံးဆောင်းပါးတစ်ခု၏ အင်္ဂါရပ်နှင့်အညီ နောက်ခံအချက်အလက် အကိုးအကားစုံစုံလင်လင်နှင့် ရေးသားဖော်ပြထားသည်။

နိဂုံးပိုင်းကို ဖော်ပြရလျှင် 'မည်သို့ပင်ဖြစ်စေ ရိုဟင်ဂျာများ ခံစားနေရသည်။ ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၅ ရက်နေ့ကတည်းက စစ်ဆင်ရေးများမရှိတော့ဟုဆိုသော်လည်း လူ့အခွင့်အရေးအုပ်စုများကမူ စစ်ဆင်ရေးများဆက်ရှိနေဆဲဟု ဆိုသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြီးခဲ့သည့်လအတွင်း ရောက်ရှိလာသော သန်းတစ်ဝက်နီးပါးရှိ ဒုက္ခသည်များအတွက် အဆောက်အအုံ ၁၄၀၀၀ ဆောက်လုပ်ရန် စီစဉ်နေသည်။ ဘင်္ဂလားဒေ့ရှ်ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး ရောဘတ် ဝပ်ကင်က နတ်မြစ်ကိုကျော်ဖြတ်ရန် မြန်မာဘက်အခြမ်းတွင် တန်းစီနေသည့် လူပေါင်း အနည်းဆုံး တစ်သိန်းခန့်ရှိမည်ဟု ယုံကြည်နေသည်။ 'ရောက်လာတဲ့ဒုက္ခသည်တွေဆီက တူညီတဲ့ဇာတ်လမ်းတွေပဲကြားရတယ်။ သူတို့ရွာတွေ မီးရှို့ခံရတယ်၊ အဓမ္မပြုကျင့်ခံရသူတွေရှိတယ်၊ မိသားစုဝင်တွေ အသတ်ခံရတယ်၊ ဝမ်းနည်းစရာကောင်းတာကတော့ အတိဒုက္ခမရောက်တဲ့ မိသားစုမရှိသလောက်ပဲ' ဆိုသော ရောဘတ် ဝပ်ကင်၏ မှတ်ချက်ဖြင့် ဆောင်းပါးကို နိဂုံးချုပ်ထားသည်။ ဆောင်းပါးရှင်မှာ အယ်လစ်ဇဘက် ဒိုင်ယာ့စ်ဖြစ်သည်။

ဟိုယခင်တုန်းက တိုင်းမဂ္ဂဇင်း၏ မျက်နှာဖုံးဆောင်းပါးတွေကို ဖတ်ကောင်းကောင်းနှင့်ဖတ်ခဲ့သည်။ ကိုယ့်နိုင်ငံနှင့် ခပ်ဝေးဝေးက နိုင်ငံတကာရေးရာတွေဆိုတော့ ရေးသမျှကိုလည်း ရာခိုင်နှုန်းပြည့်နီးပါး ယုံကြည်ခဲ့သည်။ ထိုမှတစ်ဆင့် မိမိ၏ဆင်ခြင်တုံတရားဖြင့် ပြန်လည်သုံးသပ်ခဲ့သည်။ လွတ်လပ်ပြီး အစွဲအလမ်းကင်းသည့် ဂုဏ်သိက္ခာရှိသော သတင်းမီဒီယာတစ်ခုအဖြစ် မှတ်ယူခဲ့သည်။ အိုဘားမား မကောင်းလျှင် အိုဘားမား၏အပြစ်၊ ဒေါ်နယ်ထရမ့်မကောင်းလျှင် ဒေါ်နယ်ထရမ့်အပြစ်ကို အသေအချာဝေဖန်မည်၊ ရေးမည်။ အမေရိကန်မီဒီယာတွေက အမှန်တရားအတွက်ဆိုလျှင် ဘယ်သူ့မျက်နှာမှမထောက်။ သမ္မတနှစ်ဆင်နှင့်ဝါးတားဂိတ်ပြဿနာမျိုးဆိုလျှင် ယခုချိန်ထိ သတင်းမီဒီယာ၏ ဩဇာကြီးမားမှု သင်္ကေတတစ်ခုအဖြစ် ကျန်ရှိနေသေးသည်။

ထိုသို့သော သတင်းမီဒီယာတစ်ခုက မပြည့်စုံသော သတင်းရင်းမြစ်များနှင့် တစ်ဖက်သတ်ဆန်သော အစွဲအလမ်း Prejudice ကို အခြေခံကာ မြန်မာနိုင်ငံအကြောင်း မျက်နှာဖုံးဆောင်းပါး ရေးသားဖော်ပြလာသောအခါ...။

■ ချစ်ဝင်းမောင်




ပညာရေးလောကကို ၁၉၇၂ ခုနှစ်က ရောက်ခဲ့တာပါ။ မူလတန်းပြရာထူး၊ မူလတန်းကျောင်းအုပ်၊ ပြီး အလယ်တန်းပြ။ ၁၉၇၂ ခုနှစ်မှာ B.Ed ပြီးတော့ အထက်တန်းပြ။ ဆိုရရင် ပညာရေးလောကမှာ နှစ်ပေါင်း ၃၀ နီးပါး အမှုထမ်းပြီးမှ ပင်စင်တင်လိုက်တာ။ အမှန်အတိုင်းပြောရရင် ကလေးတွေငယ်တုန်းက ကြံဖန်ပြီး လောက်ငအောင် ချွေတာစားလို့ရပေမယ့်ကလေးတွေ အတန်းကြီးလာတာနဲ့ ရတဲ့လစာဟာ ဘယ်လိုမှ မလောက်နိုင်တော့ဘူး။ အပြင်ကျူရှင်မသင်ရင် မရတော့ဘူး။ ဝန်ထမ်းဘဝနှင့် စည်းကမ်းမဖောက်ချင်ဘူး။ ဒီတော့ လွတ်လွတ်လပ်လပ်ဖြစ်သွားအောင် ထွက်လိုက်ရတာပေ့ါ။ ဒါ့ကြောင့် အစိုးရအလုပ်ကနေ ပင်စင်တင်လိုက်ရပေမယ့် မိသားစုအရေးမို့ ဒီနေ့အထိ သက်တမ်းတိုးထားရတာဆိုပါတော့ မနားရသေးပါဘူးဗျာ။

ဆိုချင်တာက ပညာသင်ကြားလာခဲ့ရတဲ့ ဘဝတစ်လျှောက်မှာ အခုကုန်လွန်ခဲ့တဲ့ ၃-၄ နှစ်အတွင်း သိသာလာတဲ့အချက်တွေရှိတယ်။ အဲဒါကတော့ ကလေးတွေရဲ့ပညာအရည်အသွေး ပိုပြီးညံ့ဖျင်းလာသလို ကလေးတွေရဲ့ စည်းကမ်းလိုက်နာမှု၊ ရိုသေကိုင်းရှိုင်းမှုတွေ ပြောရရင် ဂါရဝ နိဝါတတရားတွေ အတော့်ကိုလျော့နည်းလာတယ် ဆိုတာပဲ။ ဒီမတိုင်ခင် စာရေးသူတို့ ဆရာသက်တမ်း နှစ်ပေါင်း ၄၀ လောက်အတွင်းအထိ ဆရာတပည့်ဆက်ဆံရေး၊ မိဘဆရာဆက်ဆံရေးတွေဟာ ကောင်းခဲ့တာပါ။ မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုတဲ့ ဆောင်းပုဒ်ကလည်း လုံးဝအသက်ဝင်နေခဲ့တာပါ။ (အတိုင်းအတာတစ်ခုထိပေ့ါ)

ဟောဗျာ ဒီဘက် ၃-၄ နှစ်အတွင်းမှာ အခြေအနေတွေက အပြောင်းအလဲကြီး ပြောင်းလဲသွားတယ်။ အခြေခံပညာရေးစနစ်ကိုကြည့်ရင် အစိုးရကျောင်းနဲ့ ကိုယ်ပိုင်ကျောင်းတွေရဲ့ အနေအထားကို သိလာရတယ်။ အစိုးရကျောင်းနေသူတွေနဲ့ ကိုယ်ပိုင်ကျောင်းနေသူတွေဆိုပြီး ကွဲကွဲပြားပြားဖြစ်လာတယ်။ တစ်ခါ ခေတ်မီနည်းပညာတွေ တိုးတက်လာလို့ လူတိုင်းနီးပါး ဖုန်းကိုင်နိုင်တဲ့အပြင် မိဘတွေရဲ့အလိုလိုက်မှုကြောင့် ဟိုး... ပီစိကွေးအတန်းလေးတွေကစပြီး ဖုန်းကိုင်လာကြပါတယ်။ ဖုန်းထဲပါတဲ့ဂိမ်းတွေ ကစားတတ်ပါတယ်။ လေး ငါး ခြောက်တန်းရောက်ပြီဆိုရင် ဖုန်းတစ်လုံးကို ကောင်းကောင်းအသုံးချနိုင်နေပြီ။ ကျောင်းသား၊ ကျောင်းသူအရွယ်နဲ့ မသင့်တော်တဲ့ ဗီဒီယိုဖိုင်တွေ ကြည့်တတ်လာတယ်။ မက်ဆေ့ပို့တတ်တယ်။ ဗိုက်ဗာသုံးတတ်လာတယ်။ အတုမြင် အတတ်သင်လွယ်တဲ့အချိန်မို့ လူကြီးတွေအတော်များများ မလုပ်တတ်တဲ့ App အသုံးပြုမှုတွေကို ကျွမ်းကျွမ်းကျင်ကျင်စွာ သုံးစွဲလာတတ်ကြတယ်။ အဲဒီရဲ့အကျိုးသက်ရောက်မှုကတော့ ကလေးတွေဟာ ကလေးစိတ်မဟုတ်တော့ဘဲ လူကြီးစိတ်ဝင်လာပါတော့တယ်။ အဲဒီနောက်ပိုင်းတွေ့ရတဲ့ အဖြစ်အပျက်တွေဟာ မယုံနိုင်စရာပဲ။

ကျောင်းကြီးတစ်ကျောင်းမှာ တော်တယ်လို့ သတ်မှတ်ထားတဲ့ A ခန်းမှာပါ။ အတန်းက ၆ တန်း၊ ၇ တန်း အရွယ်။ ကျောင်းသူလေးတွေနဲ့ ကျောင်းသားတွေ ဖုန်းကနေ အပြန်အလှန်ဓာတ်ပုံတွေပို့ကြ၊ စာတွေရေးကြပြီးတော့ ဘယ်နားလာခဲ့၊ ဘယ်ကိုသွားရအောင်ဆိုတဲ့အထိဖြစ်လာကြတယ်။ ဆရာ၊ ဆရာမတွေ အချိန်မီသိလို့ မိဘတွေခေါ်ပြီး အသိပေးရ၊ ဆုံးမရနဲ့ပေ့ါ။

ကျောင်းကြီးတစ်ကျောင်းမှာပဲ ကျောင်းသားတစ်ယောက်က အပြင်ကရောင်းခိုင်းလိုက်တဲ့ဆေးလိပ်တွေ ကျောင်းခန်းထဲမှာ ခိုးရောင်းနေတာမိသတဲ့။ ကြည့်လိုက်တော့ ဘိန်းဖြူပါတဲ့ဆေးလိပ်တွေ။ အရေးမယူရင် မဖြစ်တဲ့ကိစ္စတွေပေ့ါ။ ဟော ကြားရပြန်တယ်။ ၆ တန်း ၇ တန်းလောက်ပဲရှိဦးမယ် ဖုန်းလုပြေးလို့တဲ့၊ ရဲစခန်းအတိုင်ခံရ။ ရဲစခန်းက ကျောင်းကိုတိုင်၊ ကျောင်းက ကျောင်းထုတ်။ လူငယ်သင်တန်းကျောင်း အပို့ခံရပြန်သတဲ့။ ကြားရတဲ့သတင်းတွေက အားမရှိစရာ။

တစ်လောကပဲ ဒသမတန်းကျောင်းသားတစ်ဦးက ဘာသာရပ်သင်ဆရာကို ပြန်ထိုးလိုက်လို့ ကျောင်းပြောင်းခံလိုက်ရတဲ့သတင်းက ပူပူနွေးနွေးပဲရှိပါသေးတယ်။ ဟော ခုကြားလိုက်ရပြန်ပြီ။ ဒါကတော့ မီဒီယာစာမျက်နှာပေါ်ကိုရောက်သွားတဲ့သတင်းပါ။ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အောင်ဇာဗိစေတီရှိအလှူခံပုံးထဲက ငွေ ၃၀၀ ကျပ် ခိုးယူခဲ့တဲ့ကျောင်းသား ၃ ဦးကို အမှုဖွင့်ပြန်လွှတ်ပြီး သန်လျင်လူငယ်သင်တန်းကျောင်းပို့လိုက်တယ်။ အဲဒီကလေးတွေက တတိယတန်း၊ ပဥ္စမတန်းနဲ့ သတ္တမတန်းကျောင်းသားတွေဖြစ်ပါသတဲ့။ (၂၀ စက်တင်ဘာ ၂၀၁၇ စံတော်ချိန်)

**ပညာရေးတြိဂံဆိုတာ အနားညီရပါတယ်။ သုံးနားစလုံး ညီနေဖို့ လိုတာပါ။ ဒီနေရာမှာ ပညာရေးတြိဂံအတွင်း ပါဝင်နေကြသူအားလုံးရဲ့ အသိပညာ မြော်မြင်မှု၊ လိုက်နာဆောင်ရွက်မှုတွေအပေါ် အများကြီးမူတည်နေပါတယ်။**

ဒီတော့ ချုပ်ကြည့်လိုက်ရင် အခြေခံပညာအဆင့်ရှိ ကျောင်းသား၊ ကျောင်းသူတွေနဲ့ သက်ဆိုင်တဲ့သတင်းတွေချည်းပဲ။ သတင်းတွေကလည်း ကျောင်းသားလူငယ်တွေရဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်နေတယ်။ ဒါဟာ ဘာကိုပြနေသလဲဆိုရင် ကျောင်းတွေမှာ တစ်နေ့ကုန်စာသင်တဲ့လုပ်ငန်းတစ်ခုတည်းနဲ့ အချိန်မကုန်သင့်တော့ဘူးဆိုတဲ့အချက်ပါပဲ။ အဲဒါကို တာဝန်ရှိပညာရေးပုဂ္ဂိုလ်မင်းတွေအနေနဲ့ သတိထားမိကြဖို့လိုပါတယ်။ မိကျောင်းမင်းရေခင်းပြတာတော့ မဟုတ်ပါ။ ဒီနေ့ အခြေခံပညာအဆင့်မှာ သင်နေတဲ့ စာရိတ္တပညာဆိုတာ ဘယ်အတိုင်းအတာအထိ ထိရောက်မှုရှိပါသလဲ။ တစ်နေ့တစ်နေ့ စာဖတ်ချိန် ဘယ်လောက်ပေးနိုင်ကြပါသလဲ။ ကလေးတွေ အတုယူအားကျနိုင်လောက်တဲ့ ဂုဏ်ပြုချီးကျူးမှုတွေ၊ စံပြကျောင်းသား၊ ကျောင်းသူအဖြစ် ရွေးချယ်မှုတွေ ဘယ်လောက်များလုပ်ပေးနိုင်ကြသလဲ။ မေးကြည့်ချင်တဲ့မေးခွန်းတချို့ပါ။

ဒီကနေ့ တွေ့နေရတဲ့အခြေအနေမှန်ကို ပြောရရင် စာရိတ္တချိန်ဆိုတာ ဆရာ၊ ဆရာမတစ်ဦးဦးက ကဗျာတစ်ပုဒ် ပုံပြင်တစ်ပုဒ်ကို ကျောင်းစာသင်သလို သင်နေတဲ့အဆင့်။ ကလေးတွေ အတုယူအားကျနိုင်လောက်တဲ့ပုဂ္ဂိုလ်တွေအကြောင်း ဖတ်ရမယ့်အချိန်မရှိဘူး။ စာအုပ်စာတမ်းမရှိဘူး။ ကျောင်းစာကြည့်တိုက်ဆိုတာ ကျောင်းစစ်ဆေးရေးလာတဲ့အချိန်မှ အလှပြင်ဆင်ထားတဲ့အခန်း။ အခြေခံပညာအထက်ဆင့်ဖြစ်တဲ့ နဝမတန်းနဲ့ ဒသမတန်းမှာ ပြင်ပအသိပညာ ဗဟုသုတနိုင်ဖို့ ရှာနိုင်ဖို့ဆိုတာ လုံးဝအချိန်မရှိ။ ကျောင်းချိန်အတွင်းမှာ ခေတ္တမုန့်စားဆင်းချိန်ကလွဲလို့ စာပြီးရင်စာပဲ သင်နေရတာပါ။ စာဖတ်ချိန်နာရီဝက်ပေးဖို့တောင်မရ။ နေ့စဉ် စုဝေးသဘင်လုပ်ပါ။ ဆရာ၊ ဆရာမတစ်ဦးဦးက အကျင့်စာရိတ္တနဲ့ပတ်သက်ပြီး အတုယူဖွယ် အားကျဖွယ်လေးတွေလုပ်ကြဖို့အခါခါအကြံပေးပေမယ့် ဘယ်ကျောင်းတွေများ လိုက်နာကျင့်သုံးနေကြပါလိမ့်။

စာရေးသူတို့ငယ်စဉ်က တနင်္လာနေ့နဲ့ သောကြာနေ့မှာ စုဝေးမယ့် Assembly ကိုစောင့်ခဲ့ရတယ်။ ကျောင်းအုပ်ကြီးရဲ့ဆုံးမစကားကို နှစ်ခြိုက်စွာနာယူခဲ့ရတယ်။ Assembly ရှေ့ထွက်ပြီး စံပြကျောင်းသား၊ ကျောင်းသူဆုရသူတွေကို အားကျခဲ့ရတယ်။ အရိုးသားဆုံး ကျောင်းသားဆုရသူလိုဖြစ်ချင်ခဲ့ကြတယ်။ အတုယူအားကျဖွယ်ရာတွေဟာ ကျောင်းသားတွေရဲ့ ဝန်းကျင်မှာ အမြဲတမ်း တွေ့နေ မြင်နေ ကြားနေရတယ်။ ကျောင်းသား၊ ကျောင်းသူတွေရဲ့ လိမ္မာရေးခြားရှိမှုကြောင့် ဆိုဆုံးမလွယ်တဲ့ ကျောင်းသား၊ ကျောင်းသူတွေအဖြစ် ဆရာ၊ ဆရာမတွေရဲ့ ချစ်ခြင်း ချီးမွမ်းခြင်းကို အမြဲခံခဲ့ကြရတာပါပဲ။

ဒီနေ့ကလေးငယ်တွေ ကျူးလွန်နေတဲ့ပြစ်မှုတွေကိုကြည့်ပြီး အနာဂတ်အရေး ရင်လေးမိတာအမှန်ပါ။ ကလေးတွေကျူးလွန်ခဲ့တဲ့အပြစ်တွေကြောင့် ဥပဒေအရ အပြစ်ပေး အရေးယူတာ၊ လူငယ်သင်တန်းကျောင်းတွေပို့တာ၊ ကျောင်းတွေက ထုတ်ပယ်လိုက်တာဟာ လုပ်ထုံးလုပ်နည်းအရ မှန်ပါတယ်။ ဒါပေမဲ့ ကလေးတွေမှာချည်း အပြစ်ပုံချဖို့တော့ မဟုတ်ပါဘူး။ ရှုထောင့်စုံက ပြန်စဉ်းစားကြည့်ရင် ပထမဆုံးက မိဘတွေရဲ့လိုအပ်ချက်ပါ။ တချို့ကလေးတွေဟာ မိစုံဖစုံမရှိဘူး။ တချို့ မိနဲ့ဖနဲ့ တကွဲတပြားစီ။ ပြည့်စုံလှတဲ့မိသားစုအဝန်းအဝိုင်းမှာ မနေကြရဘူး။ တချို့ကျတော့ မိဘတွေက ပြည့်စုံလွန်းနေတယ်။ သိပ်ပြီးအလိုလိုက်ခံရတယ်။ ဘယ်လိုအခြေအနေမျိုးရောက်ရောက် မိမိရဲ့သားသမီးသာလျှင် မှန်တယ်လို့ ယူဆနေတဲ့မိဘတွေလည်းရှိကြတယ်။

ဒုတိယ ဆရာ၊ ဆရာမတွေရဲ့ လိုအပ်ချက်ပါ။ ဆရာ၊ ဆရာမတိုင်းဟာ မိမိတို့အတန်းထဲက တပည့်တွေရဲ့ ဘဝအခြေအနေမှန်ကို သိသင့်တယ်။ ဘယ်လိုမိဘတွေက လာသလဲ။ ဘယ်လိုပတ်ဝန်းကျင်ကလာသလဲ။ အဲလိုကလေးတွေရဲ့ မူလဗီဇလိုအပ်ချက်တွေ အမျိုးမျိုးရှိနေတဲ့ ကလေးတွေကို စံနှုန်းတစ်ခုနဲ့ ဇလုတ်တိုက်ပြီး ချလို့ရတဲ့အနေအထားမျိုး မလုပ်သင့်ဘူး။ အခြေအနေ အချိန်အခါနဲ့ နေရာဒေသပေါ်လိုက်ပြီး ပြုမူဆောင်ရွက်တတ်တဲ့ အသိဉာဏ်ပညာရှိပါမှ ပညာရှိရာ ကျပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ ပြဿနာတပည့် (Problem Pupil) နဲ့ ပြဿနာဆရာ (Problem Teacher) အဖြစ် အဆင်ပြေချော့မွေ့ဖို့ ခက်ခဲပါလိမ့်မယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကလေးတွေအတွက် ကျောင်းဟာ ပျော်ရွှင်စရာဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ ဆရာ၊ ဆရာမတွေရဲ့ဆန္ဒနဲ့ တပည့်တွေရဲ့ လိုအပ်ချက်တွေကို ညှိနှိုင်းဖို့လိုပါတယ်။

တတိယအချက်က ကျောင်းသားတွေပါ။ ဒီကနေ့ကျောင်းသားအရွယ်တွေဟာ ပုစွန်ဆိတ်ကလေးငယ်ပေမယ့် ပင်လယ်ကူးတတ်တဲ့အရွယ်တွေပါ။ သိတာ၊ တတ်တာတွေကလည်း လူကြီးတွေထက်တောင် သာလွန်နေပါတယ်။ သူများဖုန်းကိုင်ရင် ကိုင်ချင်ပါတယ်။ သူများကလေးတွေ ပိုက်ဆံကိုင်သုံးရင် သူတို့လည်း ကိုင်သုံးချင်ပါတယ်။ ဒီနေရာမှာ မိသားစုတွေက ကိုယ့်သားသမီးအခြေအနေ၊ မိသားစုရဲ့အခြေအနေတွေကို ပွင့်လင်းရင်းနှီးစွာ အသိပေးကြ နားလည်မှုယူကြဖို့ လိုပါတယ်။ တချို့မိဘတွေက ပိုက်ဆံရှိသလောက် ကလေးတွေကို အလိုလိုက်ကြတယ်။ လိုချင်တာကိုပေးနိုင်တယ်။ လိုအပ်တာထက် ငွေပိုပေးတယ်။ တချို့မိဘက တတ်နိုင်တဲ့အဆင့်နဲ့တောင် ကလေးတွေသုံးခွင့်မရကြဘူး။ ဒီတော့ မလိုလားအပ်တဲ့ ဖြစ်ရပ်တွေနဲ့ရင်ဆိုင်ကြရတော့တာပဲ။ အဲဒီလိုအခြေအနေမျိုးမှာ ဒီကလေးတွေ ပညာသင်ယူနေတဲ့ကျောင်းတွေက ကလေးတွေရဲ့ စိတ်ဆန္ဒတွေကို အလေးဂရုပြုပြီး ပြုပြင်ထိန်းသိမ်းနိုင်မယ့် အသိပညာ လိမ္မာရေးခြားရှိမှုတွေမရနိုင်ရင် မခက်ပေဘူးလား။

ဒါ့ကြောင့် ပညာရေးတြိဂံဆိုတာ အနားညီရပါတယ်။ သုံးနားစလုံး ညီနေဖို့လိုတာပါ။ ဒီနေရာမှာ ပညာရေးတြိဂံအတွင်း ပါဝင်နေကြသူအားလုံးရဲ့ အသိပညာမြော်မြင်မှု၊ လိုက်နာဆောင်ရွက်မှုတွေအပေါ် အများကြီးမူတည်နေပါတယ်။ လက်ရှိပညာရေးတြိဂံကတော့ လိုအပ်ချက်များစွာနဲ့ အတိုအရှည်မညီ ပုံပန်းမကျတဲ့ အနေအထားတစ်ရပ်ကို ပုံဖော်မိသလိုများဖြစ်နေကြသလားလို့ တွေးပူမိလို့ပါ။

■ **ခင်မောင်ငွေး (ပညာရေး)**

# ကျောင်းသားများကို မရိုက်နှက်ရဟု ညွှန်ကြားချက်အပေါ် ဝေဖန်မှုများ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ကျောင်းသားငယ်များကို အောက်ဗိုင်း အဝတ်ဗလာဖြင့် အပြစ်ပေးသည့်ကိစ္စပေါ် ပေါက်ပြီးနောက် ကျောင်းသားများကို မရိုက်နှက်ရန် အခြေခံပညာဦးစီးဌာနကို ရည်ညွှန်း၍ တားမြစ်သည့်ညွှန်ကြားချက်များ လူမှုကွန်ရက်တွင် ပျံ့နှံ့နေပြီး ယင်းအပေါ် ဆရာများအကြား ဝေဖန်သံ ကျယ်လောင်နေသည်။

ယင်းသို့ အခြေခံပညာ ဦးစီးဌာနက တားမြစ်ချက်ထုတ်ပြန်သည်မှာ မှန်ကန်သော်လည်း ၎င်းတို့ဒေသ စာသင်ကျောင်းများသို့ မရောက်ရှိသေးကြောင်း ကလေးမြို့နယ် အ.ထ.က(၇)၊ ဇီဝဗေဒဘာသာရပ်သင် အထက်တန်းပြဆရာ ဦးဆန်းမျိုးအောင်က ပြောဆိုသည်။

ရေတာရှည်မြို့နယ်တွင်ဖြစ်ပျက်ခဲ့သောကိစ္စသည် ကျောင်းသား၊ ဆရာအချိုးမျှတမှုမရှိခြင်း၏ ဘေးထွက် ဆိုးကျိုးများဟု ယူဆကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေနှင့် ဆရာ၊ ဆရာမများကို ကလေးနှင့်ဆိုင်သော စိတ်ပညာဘာသာရပ်များကို သင်တန်းများပေး၍ ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။

“ကာယိန္ဒြေပျက်ပြားအောင် မလုပ်ရဆိုတဲ့ ညွှန်ကြားချက်က ထုတ်ပြန်စရာကို မလိုဘူး။ ဆရာ၊ ဆရာမဖြစ်ပြီဆိုကတည်းက ဒီစည်းကမ်းတွေကို သိရမှာ” ဟု ဦးဆန်းမျိုးအောင်က ပြောကြားသည်။

အခြေခံပညာဦးစီးဌာနကို ရည်ညွှန်း၍ ကျောင်းသား၊ ကျောင်းသူများကို အပြစ်ပေးရာတွင် ကာယိန္ဒြေပျက်ပြားစေမည့် အပြုအမူများ မလုပ်ရန်၊ လက်ဖြင့်ဖြစ်စေ၊ တုတ်ဖြင့်ဖြစ်စေ ရိုက်နှက်ဆုံးမခြင်းမပြုရန်နှင့် ကျောင်းသား၊ ကျောင်းသူများ မြန်မာ့ယဉ်ကျေးမှုနှင့်မညီသော အဝတ်အစားများဝတ်၍ ကခုန်ခြင်း၊ သီဆိုဖျော်ဖြေခြင်း၊ အလှပြလမ်းလျှောက်ခြင်းများ မလုပ်ရန် ညွှန်ကြားထားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာခိုင်မြဲထံ ဆက်သွယ်မေးမြန်းရာ အခြေခံပညာဦးစီးဌာနကိုသာ မေးမြန်းရန် ပြောကြားသည်။ အခြေခံပညာဦးစီးဌာနတာဝန်ရှိသူထံ ဆက်သွယ်မေးမြန်းရာတွင် မသိရှိသေးကြောင်းသာ ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် လားရှိုးခရိုင်အတွင်းမှ အလယ်တန်းပြဆရာမတစ်ဦးက ဆရာများက ကျောင်းသားများကို ရိုက်နှက်ရာတွင် ရိုက်ရသည့် အကြောင်းအရင်းကိုလည်း ရှာဖွေရမည်ဖြစ်ပြီး ကျူရှင်မတက်၍ အငြိုးဖြင့်ရိုက်နှက်ခြင်း၊ အသေအဖွဲ့ကိစ္စကိုပင် ဖိနှိပ်လို၍ ရိုက်နှက်ခြင်းများကိုမူ လက်ခံနိုင်စရာမဟုတ်ကြောင်း ပြောဆိုသည်။

အစိုးရ၏ ယင်းသို့ညွှန်ကြားချက်မှာ ဝန်ထမ်းများကြား စိတ်ရှုပ်ထွေးဖွယ်ရာဖြစ်စေပြီး အလုပ်ကိုပင် စိတ်ပျက်စေသည်အထိ ထိခိုက်မှုရှိနိုင်ကြောင်း၊ ကျောင်းသားကို ရိုက်၍ ဆုံးမရာတွင် အမှန်တကယ်စေတနာဖြင့် ဒေါသမပါဘဲ ရိုက်နှက်ခြင်းကိုမူ ဆရာအားလုံးကိုယ်စား အာမခံ ပြောဆိုနိုင်ခြင်းမရှိကြောင်း အဆိုပါ အလယ်တန်းပြ ဆရာမက ထောက်ပြပြောဆိုသည်။

ကျောင်းသားများကိုစည်းကမ်းကောင်းမွန်စေခြင်း၊ ပညာကို စနစ်တကျ လေ့လာသင်ယူစေလိုခြင်းကြောင့် တုတ်ကိုင်၍ သွန်သင် ဆုံးမရသည့်အခါ ဆုံးမရမည်ဖြစ်ကြောင်း အယူအဆရှိသည့် ဆရာများကလည်း ဆရာ၊ ဆရာမများ စုဝေးရာ လူမှုကွန်ရက်တွင် မိမိတို့ သဘောထားကို ချပြသည်။

သို့သော် အကြောက်တရားဖြင့် စည်းကမ်းကောင်းမွန်စေခြင်း၊ ပညာကို စနစ်တကျ လေ့လာသင်ယူနိုင်မည်မဟုတ်ကြောင်းနှင့် ယင်းသို့ အယူအဆရှိသည့် ဆရာများအနေနှင့် မိမိတို့အရည်အချင်းကို ဆန်းစစ်ရန် ဝေဖန်ထောက်ပြသည့် ဆရာများကလည်း မိမိတို့သဘောထားကို ချပြဆွေးနွေးကြသည်။

ရေတာရှည်မြို့နယ်မှ ဆရာမတစ်ဦးက ဒုတိယတန်းကျောင်းသား၊ ကျောင်းသူကလေးငယ်ငါးဦးကို စာမရသဖြင့် အတန်းထဲတွင် ဘောင်းဘီချွတ် မတ်တတ်ရပ်ခိုင်းကာ အပြစ်ပေးနေသော ဓာတ်ပုံများ စက်တင်ဘာလ ၂၂ရက်က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့ခဲ့သည်။

■ **မြဇာခြည်သင်း**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် လာမည့်အောက်တိုဘာလ ၇ ရက်တွင် စာပေဟောပြောပွဲ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် ပြန်ကြားရေးမှူး ဦးကျော်ဝေဖြိုးက ပြောကြားသည်။

ကမ္ဘာ့ဆရာများနေ့သည် အောက်တိုဘာလ ၅ရက်တွင် ကျရောက်သော်လည်း ထိုနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သဖြင့် အခြေခံနှင့် အဆင့်မြင့်ပညာရေးဝန်ထမ်းများအတွက် အဆင်ပြေမှုမရှိသဖြင့် အောက်တိုဘာလ ခုနစ်ရက်တွင်သာ ပွဲကျင်းပရန်စီစဉ်ခြင်းဖြစ်ကြောင်း ဦးကျော်ဝေဖြိုးက ပြောကြားသည်။

စာပေဟောပြောပေးရန် စာရေးဆရာညီမင်းညိုကို ဖိတ်ကြားထားပြီး ဆရာများအဖွဲ့ချုပ်က ပညာရေးပြုပြင်ပြောင်းလဲမှုကို အကြံပြုသည့် စာတမ်းတစ်စောင် ဖတ်ကြားသွားမည်ဖြစ်ပြီး စာတမ်းခေါင်းစဉ်ပေးရန်အတွက် တိုင်ပင်နေဆဲဖြစ်ကြောင်း ဦးကျော်ဝေဖြိုးက ပြောသည်။

စာပေဟောပွဲကို နေပြည်တော်ရှိ ကန်တော်မင်္ဂလာခန်းမ၌ ညနေ ၄နာရီမှ ၈ နာရီထိပြုလုပ်မည်ဖြစ်၍ စိတ်ပါဝင်စားသောဆရာများကို အွန်လိုင်းမှတစ်ဆင့် ဖိတ်ကြားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနကိုလည်းဖိတ်ကြားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ■


**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ**

**အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊ မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ


## ပညာရေး သတင်းတိုများ

### တက္ကသိုလ်ပေါင်း ၁၅၀ ပါဝင်ပြသမယ့် ကမ္ဘာ့ပညာရေးပြပွဲ

နိုင်ငံတကာ နာမည်ကြီး တက္ကသိုလ်ပေါင်း ၁၅၀ ကျော်ပါဝင်ပြသမည့် ကမ္ဘာ့ပညာရေးပြပွဲကို စက်တင်ဘာလ ၃၀ရက် နံနက် ၉နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel ဟိုတယ်တွင် Crown Education က စီစဉ်ကျင်းပမည်ဖြစ်သည်။ နိုင်ငံတကာပညာရေး သင်ယူရန်စိတ်ဝင်စားသည့် ကျောင်းသားတိုင်း အခမဲ့လာရောက်လေ့လာနိုင်မည်ဖြစ်သည်။

ယင်းပြပွဲတွင် IELTS ပညာသင်ဆုများ၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ သြစတြေးလျအပါအဝင် နိုင်ငံတကာတက္ကသိုလ် ပညာသင်ဆုများကို မေးမြန်း၊ ဆွေးနွေးလျှောက်ထားနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ပညာရေးပြပွဲအကြောင်း အသေးစိတ်ကို Crown Education ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ မြေနီကုန်း၊ အမှတ်(၂၇၀) မြေညီထပ်၊ ဖုန်း ၀၁- ၅၂၇၊ ၈၃၈၊ ၀၉ -၂၆၀၀၀၆၀၅၀၊ ၀၉-၂၆၀၀၀၄၀၅၀ သို့ ဆက်သွယ်နိုင်မည်ဖြစ်သည်။ ■

### အမေရိကန်နဲ့ ဗြိတိန်တက္ကသိုလ်တွေ အထူးပြုလေ့လာမည်

နိုင်ငံတကာ အဆင့်မြင့်ပညာရေး သင်ယူလိုသည့် မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတက္ကသိုလ်များကို အထူးပြုလေ့လာနိုင်မည့် ပညာရေးပြပွဲကို ရန်ကုန်နှင့်မန္တလေးတွင် Regent Education ပညာရေးလုပ်ငန်းက ကျင်းပမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲကို စက်တင်ဘာလ ၃၀ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ မန္တလေးမြို့ Mandalay Swan ဟိုတယ်နှင့် အောက်တိုဘာလ ၁ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ ရန်ကုန်မြို့ Novotel ဟိုတယ်တို့တွင် ပြုလုပ်မည်ဖြစ်သည်၊ အသေးစိတ်ကိုမူ Regent Education ရန်ကုန် ရုံးဖုန်း ၀၉ -၅၀၁၉၈၇၀၊ ၀၉ - ရ၈၅၀၁၉၈၇၀နှင့် မန္တလေး ရုံးဖုန်း ၀၉ -၇၈၀၀၈၈၀၂၂၊ ၀၉ -၇၈၀၀၈၈၂၀၀သို့ ဆက်သွယ် မေးမြန်းနိုင်မည်ဖြစ်သည်။ ■

### နိုင်ငံတကာပညာရေး ကြာသပတေးနေ့တိုင်း ဆွေးနွေးပေးမည်

နိုင်ငံတကာပညာရေးစိတ်ပါဝင်စားသည့် မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်၊ အထူးပြု ဘာသာရပ် ရွေးချယ်ခြင်း၊ ပညာသင်ဆုများ စသည့် နိုင်ငံတကာပညာရေးအကြောင်း အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀နာရီခွဲမှ ညနေ ၅နာရီအထိ အခမဲ့ဆွေးနွေးပေးနေကြောင်း EDULINK Study Abroad ထံမှ သိရှိရသည်။

ယင်းပညာရေးလုပ်ငန်းသည် ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျ၊ ကနေဒါ၊ နယ်သာလန်၊ နယူးဇီလန်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ တက္ကသိုလ်များနှင့် ချိတ်ဆက်ထားသည်။ အပတ်စဉ် ကြာသပတေးနေ့တိုင်းဆွေးနွေးပေးမည်ဖြစ်၍ စက်တင်ဘာလ ၂၈ရက်၊ အောက်တိုဘာလ ၅ရက်၊ ၁၂ရက်၊ ၁၉ရက်နှင့် ၂၆ရက်တို့တွင် ဆွေးနွေးနိုင်မည်ဖြစ်သည်။ ဆွေးနွေးလိုသည့် မိဘများ၊ ကျောင်းသားများအနေနှင့် ဖုန်း ၀၉-၄၂၅၇၆၅၀၉၀ သို့ ကြိုတင်ဆက်သွယ်ပြီး စာရင်းပေးရမည်ဖြစ်ကြောင်း EDULINK Study Abroad ထံမှ သိရှိရသည်။ ■

### ဗြိတိသျှကောင်စီဝန်ဆောင်မှုများအကြောင်း ရှင်းလင်းမည်

ဗြိတိသျှကောင်စီစာကြည့်တိုက်မှ စာကြည့်တိုက်နှင့်ပတ်သက်သော အကြောင်းအရာများ၊ အင်္ဂလိပ်ဘာသာစကား သင်ကြားရေး၊ စာမေးပွဲများအကြောင်းနှင့် လူမှုအကျိုးပြု အစီအစဉ်များအကြောင်း အောက်တိုဘာလ ၂ရက် ညနေ ၅နာရီမှ ၆နာရီခွဲအထိ ရန်ကုန်မြို့ ကမ်းနားလမ်း၊ အမှတ်(၇၈) ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် အသင်းဝင်များနှင့် ပြည်သူများကို ရှင်းလင်း အသိပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများအနေနှင့် www.surveymonkey.com/r/CSWInfoSession ကြိုတင်စာရင်းပေးကာ၊ နိုင်ငံသားကတ်ပြား သို့မဟုတ် အသင်းဝင်ကတ်၊ ကျောင်းသားကတ် ယူဆောင်လာပြီး တက်ရောက်နိုင်မည်ဖြစ်ကြောင်း ယင်းကောင်စီထံမှ သိရှိရသည်။ ■


**ကြော်ငြာကိစ္စ**

**ဆက်သွယ်လိုပါက . . .**

**ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂**

# ကမ္ဘာ့ပညာရေးအကောင်းဆုံး ၁၀ နိုင်ငံ သုံးသပ်ချက်

Human Capital Report 2017 ၏အစီရင်ခံစာကို (World Economic Forum) က စက်တင်ဘာ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာ့ပညာရေးစနစ်တွင် အကောင်းဆုံးနိုင်ငံအဖြစ် နော်ဝေနိုင်ငံကရှိနေကြောင်း ထုတ်ပြန်ထားသည်။ လူဦးရေအလိုက် ပညာရေးစနစ်နှင့် ပညာရေးကို အကောင်းဆုံးဖြစ်စေရန် လေ့ကျင့်သင်ကြားပေးမှုတွင် နော်ဝေနိုင်ငံသည် ထိပ်တန်းအဆင့်တွင် ရှိနေကြောင်း သတ်မှတ်ခဲ့သည်။

Human Capital Index အဆင့်သတ်မှတ်ချက်တွင် နိုင်ငံပေါင်း ၁၃၀ ပါဝင်သည်။ နိုင်ငံများအပေါ် ပညာရေးအဆင့် သတ်မှတ်ရာတွင် -

- လုပ်ဆောင်နိုင်စွမ်း (Capacity)
- ထိရောက်စွာဆောင်ရွက်နိုင်မှု (Deployment)
- ဖွံ့ဖြိုးတိုးတက်မှု (Development)
- ကျွမ်းကျင်ပိုင်နိုင်မှု (Know-how) တို့ကို

ကြည့်ရှုပြီး လေ့လာအကဲဖြတ်ခဲ့ခြင်းဖြစ်သည်။

လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာပေါ်တွင်ရှိသည့် လူဦးရေ၏ ၆၂ ရာခိုင်နှုန်းခန့်သာ ဖွံ့ဖြိုးတိုးတက်နေသေးကြောင်း သိရသည်။ ထိပ်ပိုင်းတွင်ရှိနေသည့် နိုင်ငံများမှာ စီးပွားရေးပိုင်းတွင်လည်း ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများဖြစ်နေပြီး၊ သူတို့နိုင်ငံပြည်သူများ၏ ပညာရေးကိုလည်း အကောင်းဆုံး စောင့်ရှောက်ပေးထားနိုင်ကြောင်း တွေ့ရသည်။

လေ့လာဆန်းစစ်ချက်အရ အစဉ်လိုက်ဖော်ပြရလျှင် -

(၁) နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် ပညာရေးအကောင်းဆုံးနိုင်ငံဖြစ်သည်။ သတ်မှတ်ထားသည့် လုပ်ဆောင်နိုင်စွမ်း၊ ထိရောက်စွာ ဆောင်ရွက်နိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုတို့အားလုံးကိုလည်း ပေါက်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်နိုင်ငံ ဖြစ်သည်။ ထိပ်ဆုံးတွင်ရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သလို ကျွမ်းကျင်သည့်ပညာရှင်နှင့် လုပ်သားကောင်းများလည်း မွေးထုတ်ပေးနိုင်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံအနေနှင့်ကြည့်လျှင်လည်း အလုပ်လက်မဲ့ဦးရေ အနည်းဆုံးဖြစ်သည်။


Edu International

(၂) ဖင်လန်နိုင်ငံသည် ပညာရေးဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်မှုစာရင်းတွင် ထိပ်ဆုံးကရှိနေပြီး နိုင်ငံ၏ ပညာအရည်အသွေး (Quality) ကောင်းစေရန် သင်ကြားနိုင်သည့်စနစ်ကြောင့် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏ မျိုးဆက်ဟောင်းများ၏ အကောင်းဆုံးပညာရေးနှင့် လုပ်ဆောင်နိုင်စွမ်းများက မျိုးဆက်သစ်များကို အများဆုံး အထောက်အပံ့ပေးနိုင်သည်။ ယနေ့တိုင် ဖင်လန်နိုင်ငံပညာရေးစနစ်က မွေးထုတ်ပေးလိုက်သည့် လူငယ်များကို ကမ္ဘာက အသိအမှတ်ပြုပြီး လက်ခံကမ်းလှမ်းနေကြရသည်။ အမှန်တကယ်လည်း တော်ကြ တတ်ကြသည်။ သို့သော် နိုင်ငံအတွင်း၌ လူငယ်များ အလုပ်လက်မဲ့ရာခိုင်နှုန်း ၂၀ ရာခိုင်နှုန်းခန့်ရှိနေခြင်းကြောင့် နော်ဝေနိုင်ငံနောက် ရောက်သွားရသည်။

(၃) ဆွစ်ဇာလန်နိုင်ငံ၏ ပညာရေးစနစ်သည် အလွန်အရည်အသွေးမြင့်ကြောင်း တွေ့ရသည်။ အထူးသဖြင့် ပညာသင်ကြားပေးမည့် ဆရာများကို မွေးထုတ်ရာတွင် အလွန်ကောင်းသည်။ နိုင်ငံပညာရေးစနစ်တွင် အကောင်းဆုံးမှာ အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးစနစ်ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံက ကျွမ်းကျင်ပိုင်နိုင်သည့် ပညာတတ်များ မွေးထုတ်နိုင်မှု (Know-how) အပိုင်းတွင် ထိပ်ဆုံးကရှိနေသည်။ ကျွမ်းကျင်သည့်ပညာရှင်များကိုလက်တွေ့ကျကျ မွေးထုတ်ပြီး အခက်အခဲများကို ဖြေရှင်းနိုင်အောင် လုပ်ဆောင်နိုင်ခြင်းကြောင့် ထင်ရှားလာရသည်။

(၄) အမေရိကန်ပြည်ထောင်စုသည် ဖွံ့ဖြိုးတိုးတက်မှု (Development) တွင် ထိပ်ဆုံးအဆင့်ရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အထက်တန်းပညာနှင့် တက္ကသိုလ်ပညာအဆင့်ပြီးဆုံးသူ လူငယ်မျိုးဆက်သစ်များ ပိုများပြီး ဖွံ့ဖြိုးမှုအဆင့် ထိပ်ဆုံးရောက်နေသော်လည်း၊ အလုပ်လုပ်နိုင်သည့် လူငယ်များ၏ အလုပ်လက်မဲ့ဖြစ်နေမှုက ပိုများနေသေးသည်။

(၅) ဒိန်းမတ်နိုင်ငံသည် တိုင်းတာသည့်အဆင့်လေးမျိုးစလုံးတွင် ထိပ်ဆုံးရောက်နေကြောင်း ပြဆိုသော်လည်း နှိုင်းယှဉ်ချက်အရ နံပါတ်ငါးအဆင့်တွင်သာရှိသည်။

(၆) ဂျာမနီနိုင်ငံသည် အတတ်ပညာရှင်များ မွေးထုတ်နိုင်မှု (Know-how) အပိုင်းတွင် ထိပ်ဆုံးအဆင့်တွင် ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ Deployment နှင့် Development အပိုင်းတွင် မျှတစွာရှိနေသည်။ သက်ကြီးပိုင်းပညာရှင်များပြီး လူငယ်မျိုးဆက်သစ်များကို မွေးထုတ်နိုင်မှုအပိုင်းတွင် အားနည်းနေသေးသည်။

(၇) နယူးဇီလန်နိုင်ငံသည် လူသားရင်းမြစ်ဖော်ဆောင်မှုတွင် အလွန်အောင်မြင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်နေသည်။ ပညာရေးစနစ်တိုင်းတာရာတွင် အရည်အသွေးပြည့်ပညာရေးရမှတ် အမြင့်ဆုံးနိုင်ငံဖြစ်နေသည်။

(၈) ဆွီဒင်နိုင်ငံသည်လည်း သတ်မှတ်ထားသည့် စံလေးခုစလုံးတွင် ကောင်းမွန်သည့်နိုင်ငံဖြစ်သည်။ သို့သော် Know-how အပိုင်းတွင် ပိုပြီးသာသည်။ ကမ္ဘာ့အဆင့်တိုင်းတာမှုတွင် ဆွီဒင်နိုင်ငံ တတိယအဆင့်ပညာရေး အကောင်းဆုံးနိုင်ငံဖြစ်သည်။

(၉) ဆလိုဗေးနီးယားနိုင်ငံသည် Capacity အပိုင်းတွင် ပိုပြီးအားသာသည်။ သက်ကြီးပိုင်း ပညာရှင်မျိုးဆက်က လူငယ်တွေထက် ပိုများနေသည်။

(၁၀) ဩစတြီးယားနိုင်ငံသည် အသက်မွေးဝမ်းကျောင်းပညာရှင်များ မွေးထုတ်ရာတွင် နာမည်ကျော်သည်။ နိုင်ငံအတွင်း ဘွဲ့ရပညာတတ်မှန်သမျှ လုပ်ငန်းခွင်သို့ ကျွမ်းကျင်စွာဖြင့် ဝင်ရောက်နိုင်မှု အများဆုံးနိုင်ငံလည်း ဖြစ်သည်။

ဂျပန်နိုင်ငံသည် အသက်အရွယ်ကြီးရင့်သူများသဖြင့် အဆင့် (၁၇) ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် Capacity ပိုင်းတွင် မြင့်မားသော်လည်း၊ သက်ကြီးပိုင်းတွေကပိုပြီး ပညာရေးအားသာကာ အဆင့် (၂၇) ရောက်နေသည်။ စင်ကာပူနိုင်ငံက အဆင့် (၁၁)၊ အာဆီယံနိုင်ငံများတွင် ထိုင်းနိုင်ငံက အဆင့် (၄၀) ဖြစ်သည်။

အဆင့်လိုက်သတ်မှတ်ချက်တွင် တရုတ် (၃၄)၊ ဗီယက်နမ် (၆၄)၊ အင်ဒိုနီးရှား (၆၅)၊ အိန္ဒိယ (၁၀၃) အဆင့် အသီးသီးရှိသည်။

**(Ref: Human Capital Report 2017)**

■ **E01**

# ဂျပန်နှင့် ဖင်လန် ပညာရေးအောင်မြင်မှုတိုင်းတာချက်

၂၀၀၀ ပြည့်နှစ်အလွန် နှစ်ကာလများကတည်းက ဖင်လန်နိုင်ငံ ပညာရေးစနစ်သည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုရေချိန်ကို တဖြည်းဖြည်းရောက်လာကြောင်းတွေ့ရသည်။ နိုင်ငံတကာ ပညာရေးပိုင်းဖြတ်ချက်တွင်လည်း အဆင့်တစ်နေရာတွင် ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စာပေ သင်္ချာနှင့် သိပ္ပံပညာရပ်များ ထူးချွန်မှုတွင် ဂျပန်နှင့် စင်ကာပူနိုင်ငံများနှင့် သူမသာ ကိုယ်မသာအဆင့်တွင် အပြိုင်အဆိုင်ဖြစ်နေသော နိုင်ငံတစ်နိုင်ငံအဆင့်ကို ရောက်နေသည်။

ဖင်လန်နိုင်ငံပညာရေးအဆင့်မြင့်မှုကို လေ့လာသုံးသပ်ကြည့်သည့်အခါတွင် အလွန်တော်သောဆရာတွေကို မွေးထုတ်ပေးထားနိုင်သောကြောင့်လားဟု မေးစရာရှိသည်။ အခြားနိုင်ငံများကဲ့သို့ စာမေးပွဲဆိုသည့်စနစ်ကို မကျင့်သုံးသောကြောင့် အောင်မြင်ရသလားဟုလည်း ဆန်းစစ်စရာဖြစ်သည်။ ထို့ပြင် ကျောင်းတွေကို အစိုးရက အပြည့်အဝအထောက်အပံ့ပေးထားပြီး၊ လိုသလောက် သင်ထောက်ကူရင်းမြစ်တွေ ရနေသောကြောင့်လားဟုလည်း ဝေဖန်စရာဖြစ်သည်။

ပညာရေးအပေါ် စိတ်ဝင်စားမှုနှင့် စိတ်ပါဝင်စားလာစေရန် စည်းရုံးဆွဲဆောင်နိုင်မှုတွင် ဖင်လန်နှင့် ဂျပန်နိုင်ငံတို့သည် သိပ်ပြီးကွဲပြားမှုမရှိသော်လည်း ပညာအပေါ်တန်ဖိုးထားမှုနှင့် ပညာတတ်၊ ပညာရှင်၊ ပညာသင်သည့်ဆရာအပေါ်တွင် လေးစားတန်ဖိုးထားတတ်မှုမှာ ထိုနှစ်နိုင်ငံသည် ယဉ်ကျေးမှုအရ သိပ်ပြီး ကွာခြားမှုမရှိကြောင်း တွေ့ရသည်။ နှစ်နိုင်ငံစလုံး သူတို့ပညာရေးစနစ်အပေါ် တန်ဖိုးထားဂုဏ်ယူကြမှုချင်းမှာ အတူတူသာဖြစ်သည်။ သူတို့နှစ်နိုင်ငံ ယဉ်ကျေးမှုစံကလည်း ပညာရေးကို အထူးလေးစားသည့် နိုင်ငံများဖြစ်နေသည်။

ပညာရေးတွင် ယဉ်ကျေးမှုနှင့် လူနေမှုဓလေ့က လွှမ်းမိုးသက်ရောက်နိုင်သလားဟု မေးစရာရှိသည်လည်းပြောနိုင်သလို၊ မရှိဟုလည်း ဆိုနိုင်သည်။

ဖင်လန်နိုင်ငံကို ပထမဆုံး လေ့လာကြည့်ကြမည်။ နိုင်ငံက သေးသေးလေးဖြစ်သည်။ လူဦးရေကလည်း ၅ ဒသမ ၄ သန်းသာရှိသည်။ ပညာရေးကို တိုင်းတာရာတွင် တတ်ကျွမ်းမှုနှင့် အလုပ်အကိုင်ရရှိမှုတို့ကို စံအဖြစ်ထားလျှင် ထိုနိုင်ငံက ထိပ်ဆုံးတွင် ရှိနေသည်။ နိုင်ငံလူဦးရေ၏ ၈၇ ရာခိုင်နှုန်းသည် အသက် ၂၅ နှစ်မှ ၆၄ နှစ်အတွင်း ဖြစ်ပြီး အနည်းဆုံး အထက်တန်းအဆင့်အောင်မြင်ပြီးသူများဖြစ်ကြသည်။ OECD နိုင်ငံများအတွင်း နှိုင်းယှဉ်လျှင် ပညာတတ်အရေအတွက် ပျမ်းမျှ ၇၆ ရာခိုင်နှုန်းရှိနေသည့် နိုင်ငံလည်းဖြစ်သည်။

ဖင်လန်ပညာရေး အဘယ်ကြောင့် အောင်မြင်သည်ကို ပြန်လည်သုံးသပ်လျှင် ကျန်းမာရေးစောင့်ရှောက်မှုကောင်းသည်။ ကလေးများကို ပြုစုစောင့်ရှောက်မှုတွင် အံ့မခန်းဖြစ်သည်။ အမျိုးသမီးတစ်ဦး ကိုယ်ဝန်ဆောင်လာပြီးနောက် မီးဖွားခွင့်ကို ရက်ရောစွာပေးသည်။ ကလေးများ မွေးလာလျှင်လည်း ပြုစုစောင့်ရှောက်မှုမှာ အထူးစောင့်ရှောက်ခံတွေဖြစ်နေသည်။

၁၉၇၃ ခုနှစ်တွင် နိုင်ငံ၌ ပြဋ္ဌာန်းထားသည့် ကလေးစောင့်ရှောက်ရေးဥပဒေတွင် မိဘတိုင်းသည် မိမိတို့သားသမီးတိုင်းကို စိတ်ကြိုက် ကလေးစောင့်ရှောက်ရေးဌာနများတွင် အပ်နှံထိန်းကျောင်းပြုစုပျိုးထောင်ခိုင်းနိုင်ပြီး ကလေးများအတွက်လည်း လုံလောက်သည့် အထောက်အပံ့များပေးရမည်ဟု ပါရှိသည်။ ဥပဒေပါအချက်များအတိုင်း မိဘများရော၊ ကျောင်းနေအရွယ်မရောက်သေးသည့် ကလေးတိုင်းရော အပြည့်အဝ ခံစားပိုင်ခွင့်ရှိကြသည်။

ဖင်လန်နိုင်ငံကို လူမှုဘဝဖူလုံရေးနိုင်ငံဟုပင် တင်စားခေါ်ဝေါ်ကြသည်။ နိုင်ငံက မိသားစုများကို အလေးထားသည်။ မိသားစုတိုင်းကို ကလေးများအား စောင့်ရှောက်နိုင်ရန်လည်း အပြည့်အဝ အခွင့်အရေးများနှင့် အထောက်အပံ့များ ပေးထားသည်။ ထိုသို့ လုပ်ဆောင်ပေးရခြင်းမှာ ကလေးများ ပညာရေးကိုမနှိမ့်ပါးစေရန်နှင့် ကလေးတိုင်း အပြည့်အဝ ပညာသင်ကြားခွင့်ရနိုင်ရန်ဖြစ်သည်ဟုလည်း နိုင်ငံတော်အနေနှင့် ခံယူထားသည်။ ထို့ကြောင့်လည်း ဖင်လန်နိုင်ငံတွင် မူကြိုမှသည် တက္ကသိုလ်အထိ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးထားသည်။

ဖင်လန်နိုင်ငံပညာရေးစနစ်ကို လေ့လာသုံးသပ်ကြည့်လျှင် သင်ရိုးညွှန်းတမ်းများ အဆင့်မြင့်ခိုင်မာသည်။ ကျောင်းကလည်း သင်ကြားမှုကောင်းသလို၊ အိမ်ကလည်း အထောက်အပံ့ကောင်းသည်။ အထူးသဖြင့် သူတို့ပညာရေးစနစ်က စာမလိုက်နိုင်သူ မရှိစေရဆိုသည့် ပညာရေးစနစ်ဖြစ်နေပြီး ကျောင်းနေပျော်၍ စာတော်စေရန် အမှန်တကယ် အကောင်အထည်ဖော်ပေးနိုင်သော ပညာရေးစနစ်ဖြစ်သည်ဟု ဆိုရမည်။ မိသားစုကိုယ်တိုင် ပညာရေးအပေါ် အမြင်ကောင်းသဖြင့် အကောင်းမြင်ပညာရေးဖြစ်နေရသည်ဟုလည်း ဆိုနိုင်သည်။

သူတို့နိုင်ငံဆရာတွေ မိဘတွေက ပညာရေးနှင့် နိုင်ငံရေးကို ရောထွေးပြီး အပြစ်ပြောစရာအကြောင်းမရှိ။ ပညာရေးကို ကိုယ့်ဆရာ၊ ကိုယ့်ကျောင်း၊ ကိုယ့်မူအတိုင်း လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးထားပြီးဖြစ်သည်။ မိမိတို့သားသမီးကို အဆင့်တစ်၊ ပထမပြိုင်စရာလည်းမလို၊ ကျူရှင်လည်း ပို့စရာမလိုသည့် ပညာရေးစနစ်ဖြစ်နေသောကြောင့် ဆရာနှင့်မိဘတို့က ကလေးများကို ကျောင်းရောက်အောင် တာဝန်ယူပေးနေရုံသာဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ဖင်လန်နိုင်ငံ တူညီသည့်အချက်မှာ မိသားစုများသည် မိမိတို့သားသမီး ပညာတတ်များဖြစ်ရေးကို တန်ဖိုးထားပုံချင်းဖြစ်သည်။ သူတို့အားလုံး နိုင်ငံတကာစစ်ဆေးရေးအဆင့်လောက်ကိုသာ တန်ဖိုးထားကြသည်။

ကျောင်းတွင် အများဆုံးအောင်မြင်သည့်ကျောင်းသားများကို လေ့လာသုံးသပ်ကြည့်လျှင် မိဘများ၏ နောက်ပိုင်းက ပညာရေးကို အားပေးမှု၊ တတ်ချင်စိတ်ရှိမှု၊ ထောက်ပံ့အားပေးနိုင်မှုများအပေါ်၌ များစွာ မူတည်နေကြောင်း တွေ့ရပါလိမ့်မည်။ စီးပွားရေးမပြေလည်သောကြောင့် ကျောင်းထားချင်လည်း မထားနိုင်ဘူးဆိုသည့် အပြောမျိုးကို ထိုနှစ်နိုင်ငံရှိ ကလေးအများစုသည် မခံစားရဖူးသောကြောင့် ပညာရေးအဟောသိကံဖြစ်မှုများ ထိုနှစ်နိုင်ငံတွင် မရှိခြင်းကလည်း အဆန်းတော့မဟုတ်ဟုဆိုချင်သည်။

မိဘများ၏ တိုက်တွန်းအားပေးမှုများ၊ နှစ်သိမ့်အားပေးမှုများသည် ကလေးများ၏ အနာဂတ်ကို တောက်ပစေနိုင်ပါသည်။ ပညာသည်သာ လွတ်မြောက်ရာ၊ ပညာသည်သာ တန်ဖိုးထားစရာဟု သေးငယ်သောနိုင်ငံလေး နှစ်နိုင်ငံက ပညာရင်းမြစ်များအဖြစ် မွေးထုတ်နေခြင်းမှာ အကြောင်းမဲ့ မဟုတ်နိုင်ပါ။

သဘာဝသယံဇာတပစ္စည်းများ နည်းပါးသည့် နိုင်ငံများတွင်ရှိသည့် လူသားရင်းမြစ်များကို ကမ္ဘာတွင် အတော်ဆုံး အကောင်းဆုံး အထက်မြက်ဆုံးနိုင်ငံများအဖြစ် မွေးထုတ်နေသည့် နိုင်ငံများစွာရှိပါသည်။ ဖင်လန်၊ ဂျပန်၊ စင်ကာပူနိုင်ငံတို့သည် အလွန်သတိထားရမည့်နိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများ၏ ကလေးများနောက်ကွယ်တွင် သူတို့မိသားစုများက ကြံ့ကြံ့ခံပြီး ရပ်တည်ပေးသလို၊ သူတို့နိုင်ငံ သူတို့အစိုးရများကလည်း သူတို့ပြည်သူတွေကို ပညာဖြင့် ဘဝလွတ်မြောက်ရေးအတွက် အားပေးနေသည်မှာ အထင်အရှားဖြစ်သည်။

**(Ref: Times Colonist)**

■ **E01**

# စင်ကာပူပညာရေး သုံးသပ်ချက်

**စင်ကာပူ** နိုင်ငံပညာရေးကို လေ့လာသုံးသပ်ကြည့်သည့်အခါတွင် ကမ္ဘာက စံပြုသတ်မှတ်ထားသည့် (Standardised Tests) စာမေးပွဲများတွင် မိမိတို့နိုင်ငံမှ ကလေးများကို ထိပ်တန်းအမှတ်ကောင်းကောင်းရရန် ဦးတည်သင်ကြားပေးနေသည့် ပညာရေးစနစ်ဖြစ်နေကြောင်း တွေ့ရသည်။ သူတို့ရည်မှန်းလုပ်ဆောင်နေသည့်အတိုင်း PISA ဆိုသည့် စာမေးပွဲတွင် ကမ္ဘာ့အဆင့် ထိပ်ဆုံးနေရာကို ရောက်ရှိခဲ့သော်လည်း နိုင်ငံရှိကလေးများသည် အပြေးအလွှားနှင့် စိတ်ဖိစီးမှုများပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများကိုပါ လုပ်လာကြသည့် စိတ်ပျက်ဝမ်းနည်းဖွယ်ရာ ပညာရေးစနစ်ကြီး ဖြစ်မှန်းမသိဖြစ်လာကြောင်း တွေ့ရသည်။

OECD အဖွဲ့က PISA ဆိုသည့် စာမေးပွဲကို သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ထိုစာမေးပွဲသည် တတ်ကျွမ်းနားလည်မှုနှင့် (Problem-solving) ကို တိုင်းတာစစ်ဆေးသည့် စာမေးပွဲဖြစ်သည်။ စင်ကာပူကျောင်းသားတွေက ထိပ်ဆုံးကဖြစ်လာသောကြောင့် အောင်မြင်သည်ဟုဆိုသော်လည်း ကျဆုံးနေရသည့် အပိုင်းတွေ အများကြီးရှိနေသည်။

ခြင်္သေ့မြို့ (Lion City) ဟုတင်စားသည့်နိုင်ငံတွင် နေထိုင်ကြရသည့်ကလေးများသည် မူလတန်းအဆင့်လောက်ကတည်းက စိတ်ဖိစီးမှုတွေကို စတင်ရင်ဆိုင်ကြရသည်။ သူတို့ကို ထိုအရွယ်ကတည်းက ဖိအားပေးနေသူများမှာ ကျောင်းနှင့် မိဘများဖြစ်နေသည်။ ကလေးတွေကို အမှတ်ကောင်းကောင်းရရန် ပြိုင်ဆိုင်ခွင့်များ စတင်ပေးထားသဖြင့် ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးကိစ္စတွေ ဘာမှ နားမလည်နိုင်လောက်အောင် ဖြစ်လာကြသည်။

၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံတွင် အသက် ၁၀ နှစ်မှ ၁၉ နှစ်အတွင်း ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် ကလေး ၂၇ ဦးရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် နှစ်ဆတက်ပြီး သတ်သေကြကြောင်း Samaritans စစ်တမ်းတွင် ဖော်ပြထားသည်။ ၂၀၁၆ ခုနှစ် မေလက အသက် ၁၁ နှစ်အရွယ် ကလေးတစ်ယောက် တိုက် ၁၇ လွှာက ခုန်ချပြီး သေသွားသည်။ မိဘများကို စာမေးပွဲမှတ်တမ်းပြရမည်ကို ကြောက်သောကြောင့်ဖြစ်သည်။ ကလေးကလည်း ဉာဏ်ကြီးသာ သင်္ချာဆိုင်ရာဘာသာရပ်တွင် အမှတ်နည်းဖူးသေးသည်။ စင်ကာပူနိုင်ငံက ကလေးများလိုပင် ဟောင်ကောင်က ကလေးတွေလည်း ဤသို့စိတ်ဖိစီးမှုများရှိနေသည်။ ဟောင်ကောင်ရော စင်ကာပူတွင်ပါ ကျောင်းစာသင်ခန်း အရွယ်အစားကြီးခြင်း၊ အပြိုင်အဆိုင် လွန်ကဲခြင်း၊ အလွတ်ကျက်ပြီး စာမေးပွဲဖြေရန် အားထုတ်နေခြင်းတို့တွင် တူညီနေကြသည်။ ထို့ပြင် နှစ်နိုင်ငံစလုံးတွင် ကျောင်းပြီးလျှင်



South China Mprning Post

ကျူရှင်ထပ်ပို့ပြီး ကလေးတွေကို စာနှင့် ဖိသတ်ထားပုံချင်းကလည်း ထပ်တူထပ်မျှပင်။

ဟောင်ကောင်တွင်လည်း ကျောင်းသားတွေ ကိုယ့်ကိုယ်ကိုယ်သတ်သေနှုန်းများ မြင့်တက်လာသည်။ အစိုးရ စုံစမ်းမှု အစီရင်ခံစာ (၂၀၁၇) တွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ကျောင်းသား ၇၁ ယောက်ဖြစ်လာသည်ဟု ဆိုထားသည်။ ဟောင်ကောင်၏ PISA စစ်ဆေးမှုတွင် ရလဒ်က ကမ္ဘာ့အဆင့် ၉ ဖြစ်သည်။ ထိုင်ဝမ်က ၄၊ မက္ကာအိုက ၆ ဆိုသဖြင့် သူတို့လည်း အရှက်ရနေသေးသည်။

စင်ကာပူနိုင်ငံ၏မူလတန်းပြဆရာဟောင်းတစ်ဦးဖြစ်သူ ဟိုးဝပ်တန်သည် ယခု ပုဂ္ဂလိကကျူရှင်သင်သည့်အလုပ်ကို လုပ်နေသည်။ သူက စင်ကာပူမိဘများသည် ကလေးများကိုအလွတ်ကျက်ခြင်းကိုအလွန်အကျူး ဖိအားတွေ ပေးနေကြကြောင်း ပြောကြားသည်။

"ဒါဟာ စနစ်ကြောင့် ဖြစ်လာရတယ်ဆိုတာ ရှင်းရှင်းလေးပါ။ မိဘတွေက စာမရမှာကြောက်ပြီး ဖိအားတွေ မတရားပေးလာကြတယ်။ ဆရာတစ်ယောက်အနေနဲ့ ပြောရရင် ကျွန်တော်တော့ ဒီနည်းကို သုံးခဲ့တယ်။ စာကို အလွတ်ကျက် ပြန်ရွတ်ခိုင်းနေကြတာက မိဘတွေမှာ ပိုပြီးတော့ ဖြစ်နေကြတာ" ဟု သူကဆိုသည်။ မိဘတွေကိုယ်တိုင်က စာမေးပွဲတွင် ၉၀ ရာခိုင်နှုန်းအောက်သို့ ရောက်သွားပြီဆိုလျှင် အားမလိုအားမရနှင့် သားသမီးတွေက မကျေမနပ်ဖြစ်ကုန်ကြသည်မှာ စင်ကာပူနိုင်ငံ၏ ပြယုဂ်ဖြစ်နေသည်။

ဟိုးဝပ်တန်သည် ၈ နှစ်နှင့် ၉ နှစ်အရွယ် ကလေးများကို စာသင်ပေးရသည်။ သူဖွင့်ထားသည့် ကျူရှင်က ည ၉ နာရီတိုင်အောင်ဖြစ်သည်။ သူက အသက် ၈ နှစ်အရွယ် ကျောင်းသူလေး တစ်ဦးတည်းကိုပင် ဘာသာစုံ ကျူရှင်ပေးနေရကြောင်း၊ ကလေးက တစ်ပတ်ကို ၁၁ တန်းလောက်ခွဲကာ လိုက်တက်နေရကြောင်း ပြောပြသည်။ ကလေးမှာ နားချိန်ပင်မရှိ။

စင်ကာပူနိုင်ငံ အထက်တန်းကျောင်းများတွင်လည်း ဆရာနှင့်ကျောင်းသားအချိုးမှာ ပြဿနာတစ်ခုဖြစ်နေသေးသည်။ ပိုဆိုးသည်က တော်သူညံ့သူ အတန်းခွဲပြီး လိုအပ်ချက်ကို ဖြည့်ဆည်းသင်ပေးခြင်းဆိုသည်က ပိုဆိုးသည်။ အရည်အချင်းအလိုက် အတန်းဖွဲ့စနစ်က ဟောင်ကောင်တွင်ရှိနေသော်လည်း စင်ကာပူလောက်မဆိုးပေ။

စင်ကာပူပညာရေးစနစ်က မူလတန်း ၆ နှစ်သည် မစသင်မနေရပညာရေးစနစ်ဖြစ်သည်။ အလယ်တန်း ၄ နှစ်ဖြစ်ပြီး အထက်တန်းတွင် ၁ နှစ်နှင့် ၃ နှစ်တက်အဖြစ် ခွဲခြားထားမှုများရှိသည်။ မူလတန်းကို ကျောင်းသားတစ်ဦးလျှင် အဓိကကျသည့် စာမေးပွဲကြီး နှစ်ခုကို ကျော်ဖြတ်ပြီးမှ အလယ်တန်းတက်ရသည်။

မူလတန်းတွင် လေးတန်းအဆင့် ပြီးဆုံးလျှင် အင်္ဂလိပ်စာ၊ သင်္ချာ၊ မိခင်ဘာသာစကားတစ်ခုခု၊ သိပ္ပံတို့ကို သင်ယူရသည်။ မူလတန်းပြီးလျှင် အတန်းပြီးဆုံးကြောင်း မူလတန်းထွက် စာမေးပွဲတစ်ခုဖြေရသည်။ ထိုစာမေးပွဲက သူတို့ကို အလယ်တန်းအဆင့်တွင် မည်သည့်အတန်းတွင် ထားရမည်ကို အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

မူလတန်းအောင်ပြီး တက်ရမည့်အတန်းကို လေးမျိုးခွဲထားသည်။ (Special, Express, Normal Academic, Normal Technical)ဟူ၍ဖြစ်သည်။ Special အတန်းတွင် ၁၀ ရာခိုင်နှုန်းလောက်သာ လက်ခံသည်။ သူတို့အတွက် တက္ကသိုလ်လမ်းကြောင်းက ဖြောင့်နေသည်။ Express အတန်းတွင် ၅၀ ရာခိုင်နှုန်းသာ လက်ခံသည်။ သူတို့လည်း သတ်မှတ်ထားသည့် တက္ကသိုလ်တစ်ခုခုနှင့် ကောလိပ်တစ်ခုခုကိုတက်ရောက်ခွင့်ရမည်ဖြစ်သည်။ Normal Academic အတန်းတွင် ၂၀ ရာခိုင်နှုန်းလက်ခံသည်။ သူတို့ကတော့ ပိုလီတက်ခနစ် ခေါ် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို သွားခွင့်ရှိသည်။ Normal Technical တန်းတွင် တက်ခွင့်ရသူများမှာ နည်းပညာသင်တန်းကျောင်းများသို့ သွားရောက်သင်ယူကြရမည်ဖြစ်သည်။

ထို့ကြောင့် မိဘများအနေနှင့် မိမိတို့သားသမီးများကို တက္ကသိုလ်ကောင်းကောင်းတက်ခွင့်ရရေး ကြိုးပမ်းခိုင်းမည်လား၊ အတတ်ပညာသင်ကျောင်းတစ်ကျောင်းကို အပို့ခံမည်လားဆိုသည်မှာ ရွေးချယ်စရာ၊ သောကများစရာဖြစ်လာသည်။ ကျောင်းသားများတွင် သင်ယူမှု အားနည်းသူများ ရှိနိုင်ပါသည်။ တစ်တန်းတည်းထားပြီး သင်ရန် မဖြစ်နိုင်သည်များလည်းရှိသည်။ မိဘတွေက ထိုအကြောင်းကို မတွေး၊ သားသမီးတွေကို အကောင်းဆုံး အမြင့်ဆုံးအတန်းတွေကိုသာ ရောက်စေလိုသဖြင့် ဖိအားတွေပေးလေ ကလေးတွေ စိတ်ပျက်ပြီး သတ်သေမှုနှုန်းများလာလေဖြစ်ပေလိမ့်မည်။

စင်ကာပူနိုင်ငံတွင် (Kiasu) ဆိုသည့် အသိတစ်ခုကို ဆုပ်ကိုင်ထားကြသည်။ Kiasu ဆိုသည်မှာ (Hokkien) စကားလုံးဖြစ်ပြီး (ရှုံးနိမ့်မည်ကို ကြောက်ရွံ့ခြင်း) ဟု အဓိပ္ပာယ်ရသည်။ မိဘတွေကိုယ်တိုင်က သူတို့သားသမီးတွေကို ရှုံးနိမ့်မည်အား ကြောက်နေကြသည်။

ထို့ကြောင့် စင်ကာပူနိုင်ငံတွင် မူလတန်းကလေးအရွယ်ကတည်းက အိမ်စာတွေ၊ ကျူရှင်တွေနှင့် ပိနေကြရသည်။ ပညာရေးဆိုသည်မှာ ကလေးတွေကို စာတွေနှင့် ဖိသတ်ထားစရာလားဟု မေးခွန်းထုတ်စရာဖြစ်လာသည်။

၂၀၁၆ ခုနှစ်က စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီးက လာမည့် ၂၀၂၁ ခုနှစ်ကစတင်ပြီး ပညာရေးတွင် အမှတ်ဖြင့် ဆုံးဖြတ်ပေးသည့်စနစ်ကို ပြုပြင်ပြောင်းလဲသွားမည်ဟုဆိုသည်။ အတန်းထဲတွင် အပြိုင်အဆိုင်လုပ်နေရမှုများနှင့် စိတ်ဖိစီးနေရမှုများကို လျှော့ကျစေရမည်ဟု ကတိပေးထားသည်။

ယခုကတည်းက သူတို့နိုင်ငံတွင် T-scores ဆိုသည့်စနစ်ကို စမ်းသပ်နေပြီဖြစ်သည်။ T-Scores ဆိုသည်မှာ ဘာသာရပ်တစ်ခုတည်း ရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမျိုးမဟုတ်။ ဘာသာစုံ၊ လှုပ်ရှားမှုစုံပေါင်းစုံကိုကြည့်ပြီး အမှတ်ပေးသည့်စနစ်ဖြစ်သည်။ သို့သော် အလွတ်ကျက်၊ အမှတ်ဖြင့် ပြိုင်ဆိုင်နေရသည့်စနစ် မကုန်ဆုံးသေးသမျှ စင်ကာပူပညာရေးမှာ တွေးဆစရာဖြစ်နေဦးမည်။

**(Ref: South China Mprning Post)**

■ **E01**

# ဗီယက်နမ်ဆရာများ တစ်လ ဒေါ်လာ ၁၀၀ သာ ရသဖြင့် စိတ်ပျက်နေကြ

ဗီယက်နမ်နိုင်ငံတွင် ဆရာတစ်ဦး၏ ပျမ်းမျှလစာသည် ဒေါ်လာ ၁၀၀ သာရသောကြောင့် အခြားအလုပ်အကိုင် အခွင့်အလမ်းကောင်းသည့် အလုပ်များကို ပြောင်းလဲလုပ်လိုသော ဆရာအရေအတွက် ပိုများနေကြောင်း Vietnam Express သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်ဆရာတွေ လစာနည်းသဖြင့် ပြောင်ပြောင်ယောင်ယောက်မရှိဟု ကျွမ်းကျင်သူများက ဝေဖန်မှတ်ချက် ချထားကြသည်။ စက်တင်ဘာ ၂၂ ရက်နေ့ကကျင်းပသည့် နိုင်ငံလုံးဆိုင်ရာ ဆရာများ ညီလာခံတွင် ဆရာတွေ အလုပ်ထွက်ချင်နေကြခြင်းမှာ လစာကောင်းစွာမထောက်ပံ့ခြင်းကြောင့်ဟု ဝေဖန်ထောက်ပြထားသလို၊ မူလကမှ အရည်အသွေးနိမ့်ကျနေရသည့် အထဲတွင် ဆရာတွေထွက်ကုန်ပါက ပိုပြီးစိုးရိမ်စရာကောင်းမည်ဟုလည်း ဝေဖန်သုံးသပ်နေကြသည်။

နိုင်ငံတော်က ထုတ်ပြန်ချက်တစ်ခုတွင် ၁၃ နှစ်ပညာရေးလောက၌ အတွေ့အကြုံရှိသည့် ဆရာတစ်ဦး၏လစာမှာ တစ်လလျှင် ၁၃၂ ဒေါ်လာမှ ၁၅၄ ဒေါ်လာ ခန့်သာဖြစ်သည်။ ယင်းတွင် အပိုဆုကြေးများပါပြီးဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် အနည်းဆုံးလုပ်ခရငွေမှာ ဒေသအလိုက် ၁၁၃ ဒေါ်လာမှ ၁၆၅ ဒေါ်လာအတွင်း ဖြစ်နေသဖြင့် ဆရာများလစာသည် သာမန်လူတို့၏ လုပ်အားလစာနှင့် ကွာခြားမှုမရှိ၊ လေးစားစွာ အခွင့်အရေးပေးထားခြင်းမခံရသောနိုင်ငံနှင့် ဆရာများဖြစ်နေကြောင်းလည်း တွေ့ရသည်။ အများဆုံးလုပ်သက် ၂၅ နှစ် ရှိပြီဖြစ်သော ဆရာတစ်ဦး၏ လစာသည်ပင် ၂၀၇ ဒေါ်လာခန့်သာဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ခန့်ထားသည့် ဆရာများကလည်း အမှန်တကယ်ဆရာအလုပ်ကို တတ်ကျွမ်းနားလည်သောကြောင့် ခန့်ထားသည့်ဆရာများ ဖြစ်ချင်မှဖြစ်မည်။ ဆရာထက်ဝက်ခန့်သည် အချိန်ပိုင်းသင်တန်းလောက်တက်ပြီး ဆရာဝင်လုပ်ကြရသည်။ တစ်လလျှင် ဒေါ်လာ ၁၀၀ ဖြင့် ဘဝစကြရသည်။ ထိုငွေပမာဏသည် ဆိုင်ဂုံလိုမြို့ကြီးတွင် နေထိုင်ရန်အတွက် လုံးဝလုံလောက်မှုမရှိသည့် ပမာဏဖြစ်သည်။ ဆိုင်ဂုံလိုမြို့ကြီးတွင် ကလေးတစ်ယောက်ရှိသော မိသားစု၏ တစ်လ အသုံးစရိတ်မှာ အနိမ့်ဆုံး ဒေါ်လာ ၁၃၀၀ ခန့်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံပြည်သူတစ်ဦးချင်းဝင်ငွေမှာ ယမန်နှစ်ကအထိ တစ်နှစ် ဒေါ်လာ ၂၂၀၀ ဟုဖော်ပြထားသည်။

ဆရာများကိုစစ်တမ်းကောက်ရာတွင် ၄၀ ရာခိုင်နှုန်းခန့်သည် အလုပ်တစ်ခုခုကို ရှာဖွေလိုကြသည်။ အခွင့်အရေးပေးလျှင် ပိုကောင်းသည့်အလုပ်ကို ပြောင်းချင်ကြသူတွေ ဖြစ်နေသည်။ ဆရာကိုတန်ဖိုးထားရမှန်းမသိသော လူ့ဘောင်တွင် ဒေါ်လာ ၁၀၀ နှင့် နောက်ဆရာသစ်တွေကိုလည်း ထပ်မွေးရန်ဆိုသည်မှာ အခက်အခဲများစွာရှိနိုင်သည်။

၂၀၁၇ ခုနှစ် ဇွန်လက ဆရာအတတ်သင်ဝင်ခွင့်အတွက် ခေါ်ယူသည့်ရမှတ်ကို အနိမ့်ဆုံးသို့ လျှော့ချထားသည်။ အမှတ် ၃၀ ပေးထားသည့်အနက် ၉ မှတ်ရလျှင်ပင် လက်ခံပေးနေသည်။ ဆရာလုပ်လိုသူတွေ လေးနှစ် တက္ကသိုလ်သင်တန်းတက်ရမည်ကပင် တစ်လကို ဒေါ်လာထောင်ချီကုန်မည်။ ငွေကုန်ချင်းကုန် ဆရာအတတ်သင်တက်မည်လော အခြားဘဝအာမခံချက်ရှိမည့် တက္ကသိုလ်တစ်ခုခု တက်မည်လောဟုလည်း စဉ်းစားလာကြသည်။

ဗီယက်နမ်နိုင်ငံ ဆရာအတတ်သင်ကျောင်းများက နှစ်စဉ် ဆရာ ၄၀၀၀ ကို မွေးထုတ်ပေးလျက်ရှိသည်။ သို့သော် ဘွဲ့ရသွားသူတိုင်းကို အလုပ်မပေးနိုင်သေး။ ဤနှုန်းအတိုင်းဆိုလျှင် ၂၀၂၀ တွင် အလုပ်လက်မဲ့ ဆရာအတတ်သင် ဘွဲ့လက်မှတ်ရထားသူ ၇၀၀၀၀ ခန့်ဖြစ်သွားနိုင်သည်။

ငယ်အန်းဒေသမှ ပညာရေးအရာရှိဟောင်း ငုယင်ဒင်အန်းက သူတို့ပြည်နယ်အတွင်း စာသင်ကြားခြင်းပြုနေသော ဆရာအရေအတွက်၏ ၂၀ ရာခိုင်နှုန်းသာ အရည်အချင်းရှိကြသည်ဟုဆိုလိုက်သည်။ သူက



Vietnam Express

ညီလာခံတွင် -

"ခင်ဗျားတို့ အရည်အသွေးပြည့်ပညာရေးချည်းပဲလုပ်နေလို့ အလကားပဲ" ဟု ထောက်ပြဝေဖန်သွားသည်။

သူဆိုလိုသည်မှာ ပညာရေးတွင် အရည်အသွေးမြင့် ပညာရေးဖြစ်ရန်ဆိုသည်မှာ ဆရာတွေကို ပစ်ပယ်ထား၍ ရမည်လား စဉ်းစားစရာဖြစ်သည်။

**(Ref: Vietnam Express)**

■ **E01**

မြဇာခြည်သင်း

# ဆရာများ၏ ရင်ဖွင့်သံ (ကျောင်းမုန့်ဈေးတန်း)

ကျောင်းမုန့်ဈေးတန်းများတွင် တရုတ်မုန့်များအစား ပြည်တွင်းထွက် ပဲဖြင့်ပြုလုပ်သည့်မုန့်များအစား ထိုးရောင်းချရန် အသေးစားစက်မှု၊ လက်မှုဦးစီးဌာနက ပြင်ဆင်နေသည်။ ယင်းသို့ရောင်းချရန် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ညှိနှိုင်းနေသည်ဟုလည်းဆိုသည်။ ယင်းသို့ပြင်ဆင်နေချိန် အခြေခံပညာကျောင်းများတွင် ကျောင်းသားများနှင့်လက်ပွန်းတတီးနေရသည့် ဆရာများ၏ သဘောထားအမြင်များကို ယခုတစ်ပတ် ဆရာများ၏ ရင်ဖွင့်သံကဏ္ဍမှတစ်ဆင့် The Voice က စုစည်းဖော်ပြလိုက်ပါသည်။

## "နိုင်ငံတော်ကနေ ဆိုးဆေးတွေပါတဲ့မုန့်တွေကို ရောင်းခွင့်ကန့်သတ်ပေးမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့"

### ဆရာ ဦးထွန်းမြင့် (အထက်တန်းပြ၊ အထက(၁)အင်းစိန်)

ကလေးတွေက လှလှပပလေးတွေ ထုပ်ထားတဲ့မုန့်တွေ စားကြတယ်။ ပေါ်ပင်လုပ်ထားတဲ့မုန့်တွေ အများဆုံး စားကြတယ်။ ကျောင်းတွေမှာ ကျန်းမာရေး ဟောပြောပွဲတွေလုပ်ပေမယ့် ကလေးတွေက စားချင်စိတ်ကများနေတော့ ပြောတုန်းခဏပဲ။ ကွယ်ရာမှာဆို ဝယ်စားကြတာပဲ။ အစိုးရအနေနဲ့ကတော့ ဒီလိုမျိုးမုန့်တွေအစား ပဲနဲ့လုပ်တဲ့မုန့်တွေ ထုတ်လုပ်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ အဲလိုလုပ်ထားတဲ့မုန့်တွေက ကလေးတွေအတွက် အာဟာရဖြစ်တာပေါ့။ တချို့ကလေးတွေက မိဘကိုယ်တိုင်က အတန်းပညာတွေကလည်းမတတ်၊ ကျန်းမာရေးအမြင်ကလည်း မရှိတဲ့အခါကျတော့ တရုတ်မုန့်တွေကို ကလေးတွေဝယ်စားရင်တောင် သူတို့က ကလေးဆီက ယူစားတာမျိုးတွေရှိတယ်။ ကလေးတွေရော ကလေးမိဘတွေကိုရော ပညာပေးဖို့လိုတယ်။

ကျောင်းမှာကတော့ လေအိတ်ထုပ်တွေရော တခြားမုန့်တွေရော ရှိတယ်။ ဒါပေမဲ့ စားသောက်ကုန်ကြီးကြပ်ရေးက လာစစ်တယ်။ နှစ်ခါလောက်စစ်ပြီးတော့ ရောင်းတာသိပ်မတွေ့ရဘူး။ ကလေးတွေ အဆာပြေ ထမင်းကြော်တို့၊ ကြာဆံကြော်တို့ ရောင်းတာတွေလည်းရှိတယ်။ ကျောင်းမှာ အာဟာရဆိုင်ရာ ပညာပေးတာတွေလည်း ရှိတယ်။ ဆန်ပြုတ်တို့လို အာဟာရစာတွေလည်း ကျွေးတယ်။ ပဲနဲ့လုပ်တဲ့မုန့်က လတ်လတ်ဆတ်ဆတ်ဆိုရင်တော့ ကလေးတွေအတွက် အကျိုးရှိတာပေါ့။ တရုတ်မုန့်တွေအစား ကလေးတွေ ဝယ်စားနိုင်လောက်တဲ့ဈေးနှုန်းနဲ့ ရောင်းပေးမယ်ဆိုရင်တော့ ပဲနဲ့လုပ်တဲ့မုန့်တွေ အစားထိုးရောင်းမယ့်အစီအစဉ်ကို အားပေးပါတယ်။ အထူးသဖြင့်တော့ လေအိတ်မုန့်တွေမစားစေချင်ဘူး။ မိဘတွေက ဆုံးမမယ်ဆိုရင်တောင် ကလေးတွေက စားချင်မှာပဲ။ ဒါကြောင့် နိုင်ငံတော်ကနေ ဆိုးဆေးတွေပါတဲ့မုန့်တွေကို ရောင်းခွင့်ကန့်သတ်ပေးမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ ■


UTM


DTDS

## "အန္တရာယ်ရှိတဲ့ ဆိုးဆေးတွေပါတဲ့အကြောင်းနဲ့ မစားကြဖို့ ပြောတယ်"

### ဆရာမ ဒေါ်သီတာစိုး (အထက်တန်းပြ၊ မြောက်ဒဂုံ အ.ထ.က- ၁)

ကျွန်မတို့ ကျောင်းဝင်းထဲမှာရှိတဲ့ မုန့်ဈေးတန်းမှာကတော့ ကျောင်းအုပ်ဆရာမကြီးနဲ့ ကျောင်းကျန်းမာရေးအဖွဲ့က ကြီးကြပ်ပြီးတော့ ဆေးဆိုးမုန့်တွေ၊ အချဉ်ရည်နဲ့ လုပ်ထားတဲ့မုန့်တွေ မရောင်းခိုင်းထားဘူး။ ဒါပေမဲ့ ကလေးတွေက အပြင်ကနေ ဝယ်လာတာမျိုးတွေကျ လိုက်ပြီးလုပ်ပေးလို့မရပါဘူး။ ကျောင်းနားပတ်ဝန်းကျင်မှာတော့ မုန့်ရောင်းတဲ့သူတွေ ရှိတယ်။ အရင်ဆရာမကြီးတုန်းကတော့ အပြင်ထွက်ပြီး မရောင်းဖို့တားတယ်။ ရပ်ကွက်ကိုပါ အကြောင်းကြားပြီး ဈေးသည်တွေကို ရှင်းခိုင်းတယ်။ အခုကတော့ အဲလိုတွေမလုပ်နိုင်ဘူး။ ဆရာမတွေကလည်း နေရာတကာ လိုက်ပြောလို့မရတဲ့ အခြေအနေဖြစ်လာတယ်။ လမ်းဘေးဈေးသည်တွေကို မနှိမ်နင်းနိုင်ဘူး။ အခုလောလောဆယ် ရပ်ကွက်အကူအညီကို မရဘူးဖြစ်နေတယ်။ ဈေးသည်တွေကို မရောင်းဖို့ ပြောမရတော့ ကလေးတွေကို ပညာပေးတာတွေ လုပ်တယ်။ မြို့နယ်ကျောင်းကျန်းမာရေးကလာပြီး ပညာပေးတာတွေလုပ်တယ်။

ဆရာမတွေကိုယ်တိုင်ကလည်း ကျောင်းခန်းထဲဝင်တိုင်း လေဖောင်းထုပ်တွေထဲမှာ အန္တရာယ်ရှိတဲ့ ဆိုးဆေးတွေပါတဲ့အကြောင်းနဲ့ မစားကြဖို့ ပြောတယ်။ အပြင်က ဈေးဆိုင်တချို့ကျ ပိုကီမွန်ကစားစရာတွေပါတဲ့မုန့်တွေ ရောင်းတယ်။ အဲဒါတွေ မဝယ်ကြဖို့နဲ့ ဝယ်ခဲ့ရင် ကလေးတွေကို သူတို့ဆီက သိမ်းမယ်ဆိုပြီး ခြိမ်းခြောက်ရတာတွေ ရှိတယ်။ တကယ်လက်တွေ့တော့ မသိမ်းဘူးပေါ့။ သိမ်းရင်လည်း မိဘကို ခေါ်ပေးလိုက်တာမျိုးတွေ လုပ်တယ်။ ကျောင်းမုန့်ဈေးတန်းမှာ စားကြဖို့ပြောတယ်။ ဒီလိုပြောတော့ တချို့က အမြင်တစ်မျိုးနဲ့ မြင်ကြတာတွေရှိတယ်။ ကျောင်းမုန့်ဈေးတန်းမှာကျတော့ နှစ်စကတည်းက ကျန်းမာရေးအတွက် စစ်ဆေးမှုတွေလုပ်တယ်။ ဆံပင်တွေကစ သပ်သပ်ရပ်ရပ်ဖြစ်နေရတယ်။ နောက်ပြီး လက်အိတ်စွပ်တယ်၊ ရှေ့ကာတွေ ဝတ်တယ်။ ကျွန်မတို့ ပြောစရာမလိုဘူး။

အစိုးရက ကျောင်းမုန့်ဈေးတန်းတွေမှာ တရုတ်နိုင်ငံကလာတဲ့မုန့်တွေအစား၊ ပြည်တွင်းထွက် ပဲနဲ့လုပ်တဲ့ မုန့်ပဲသရေစာတွေ ထုတ်လုပ်ပြီး အစားထိုးရောင်းချဖို့ပြင်တယ်ဆိုတာ ကောင်းပါတယ်။ အထက်ပိုင်းက ပြင်ဆင်နေပေမယ့် အောက်ပိုင်းကို ရောက်မလာဘူး ဖြစ်နေတယ်။ ဆင်ခြေဖုံးတွေဆို ပိုတောင်ဆိုးသေးတယ်။ အဲဒီအစီအစဉ်တကယ်ဖြစ်လာခဲ့ရင် လက်လုပ်မုန့်တွေ၊ မြန်မာမုန့်တွေ ရောင်းစေချင်ပါတယ်။ ဗိုက်ဝပြီးအာဟာရဖြစ်တဲ့ မြန်မာမုန့်တွေကို တန်ဖိုးနည်းနည်းနဲ့ ရောင်းစေချင်တယ်။ ■

## "အကင်တွေ၊ တုတ်ထိုးတွေ မစားဖို့ပြောတယ်"

### ဆရာမ ဒေါ်သီတာ (မူပြ၊ အ.မ.က(၁၀)၊ တာမွေ)

ကလေးတွေကတော့ ထုံးစံအတိုင်းပဲ အသင့်ထုပ်ပိုးထားတဲ့ အစားအသောက်တွေ စားကြတယ်။ အာလူးကြော်တို့၊ တရုတ်ကလာတဲ့ မုန့်လေဖောင်းထုပ်တွေ စားကြတယ်။ ကျောင်းမှာ ဆရာမကြီးကပြောလို့ သိပ်မစားကြတော့ဘူး။ ပေါင်မုန့်တွေ စားမယ်ဆိုရင်တောင် ရက်စွဲတွေကြည့်ပြီး စားဖို့ပြောတယ်။ မုန့်ဆိုင်တွေမှာက ရေညှိတို့ တရုတ်ကလာတဲ့မုန့် တော်တော်များများရောင်းကြတာ တွေ့ရတယ်။ အဲလိုမုန့်တွေ မဝယ်ဖို့ ကလေးတွေကို အသိပညာပေးတာတွေ လုပ်ရတယ်။ ခုနောက်ပိုင်းတော့ ကလေးတွေက ပေါင်မုန့်တွေ ဝယ်စားလာကြတာ တွေ့ရတယ်။ ဆရာမတွေကိုယ်တိုင်က ကလေးကို မုန့်ထုပ်တွေ ဖောက်ပေးရတာရှိတော့ မုန့်ထုပ်တွေမှာ ရက်စွဲကုန်နေတာတွေ့ရင် မိဘတွေနဲ့ ကလေးတွေကို ရက်စွဲကြည့်ပြီးမှ ဝယ်ဖို့ပြောရတယ်။ တချို့မိဘတွေက ရက်စွဲမကြည့်ဘဲ ဝယ်ပေးလိုက်တာတွေ ရှိတယ်။

ကျောင်းထဲမှာ မုန့်ဈေးတန်းမရှိပေမယ့် ကျောင်းရှေ့က စတိုးဆိုင်က ဝယ်လာကြတာများတယ်။ ဆိုင်ကိုတော့ မရောင်းနဲ့လို့ ပြောမရဘူး။ ကျွန်မတို့ကျောင်းက အသောကဈေးနဲ့နီးတော့ ဈေးထဲကဝယ်လာကြတာလည်းရှိတယ်။ ကလေးတွေက အအေးကြိုက်တော့ အအေးဘူးတွေကို အရောင်ပါတဲ့ဟာတွေမသောက်ဖို့ တစ်ပတ်မှာ တစ်ခါလောက်သောက်ဖို့ ပြောရတာတွေ ရှိတယ်။ ဝယ်လာရင် သိမ်းမယ်ဆိုတာမျိုးတွေပါ ပြောရတယ်။ ကလေးတွေကို အာဟာရနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေလည်း လုပ်ရတယ်။ အသီးတွေဆို အမှည့်လွန်တာတွေ မစားဖို့၊ ယင်နားစာတွေ မစားဖို့ ပြောတယ်။ နေ့ချင်းပြီးလုပ်ထားတဲ့ မြန်မာမုန့်တွေ စားခိုင်းတယ်။ အကင်တွေ၊ တုတ်ထိုးတွေ မစားဖို့ပြောတယ်။ ကျောင်းမှာက တနင်္လာနေ့နဲ့ သောကြာနေ့တွေဆိုရင် ထမင်းချိုင့်တွေမှာ ဟင်းသီးဟင်းရွက်တွေပါအောင် ထည့်ခဲ့ဖို့ ပြောတယ်။

တချို့ကလေးတွေက အသီးအရွက်မစားတော့ တချို့မိဘတွေက အလွယ်တကူအကင်နှစ်ခုသုံးခုလောက်နဲ့ အချဉ်ရည်တွေ ထည့်ပေးတာမျိုးတွေလည်း ရှိတယ်။ အဲဒါတွေအစား ဘဲဥတို့၊ ပဲပြုတ်တို့စားတာကမှ ကောင်းသေးတယ်။ မိဘတွေကိုလည်း အသိပညာပေးရတယ်။ အတင်းအကျပ်တော့ တိုက်တွန်းလို့မရဘူး။ တရုတ်မုန့်တွေကတော့ ပါကင်လှလှလေးထုပ်ပြီး ကလေးတွေ စားချင်အောင် လုပ်ထားကြတာများတယ်။ အဲဒါတွေ စားကြတော့ ခုနောက်ပိုင်း ကင်ဆာတွေ ဖြစ်လာကြတယ်။ အစိုးရအနေနဲ့ ကျောင်းမုန့်ဈေးတန်းတွေမှာ ပဲနဲ့လုပ်တဲ့မုန့်တွေ ရောင်းဖို့ပြင်ဆင်နေတယ်ဆိုတာ ကောင်းတဲ့အစီအစဉ်ပါ။ ဒါပေမဲ့ ပြည်တွင်းမှာလည်း တချို့လောဘသားတွေက လုပ်တဲ့မုန့်တွေကလည်း မဟုတ်တာတွေ မကောင်းတာတွေသုံးပြီး လုပ်နေကြတာတွေရှိတော့ ကလေးတွေအပေါ် စေတနာထားပြီး ပဲနဲ့လုပ်တဲ့မုန့်တွေ လတ်ဆတ်တဲ့အသီးအရွက်တွေနဲ့ လုပ်ထားတဲ့မုန့်တွေ ထုတ်လုပ်ပေးမယ်ဆိုရင်တော့ ကောင်းတာပေါ့။ ■


TDWK

# ဖိလစ်ပိုင် ဝိရောဓိ

ကျော်ဇလ

ဖိလစ်ပိုင်နိုင်ငံ မာရာဝီမြို့တွင် အစိုးရတပ်နှင့် အစ္စလာမ္မစ်သူပုန်တပ်တို့ တိုက်ပွဲများ ဖြစ်ပွားနေ ခဲ့သည်မှာ ကြာခဲ့ပြီးနောက် အခြေအနေက ပြန်လည်အေးဆေးစပြုနေပြီဖြစ်ကြောင်း သတင်းများဖြစ်ပေါ်လာခဲ့သည်။ ဖိလစ်ပိုင် ဒူတာတေး အစိုးရနှင့် စစ်တပ်ကို အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျ စစ်တပ်က အထောက်အပံ့ပေးနေပြီဆိုသည့် သတင်းတွေပေါ်လာသောကြောင့် သူပုန်တွေဘက်က နောက်ဆုတ်သွားသည်ဟု ယူဆရသည်။

သမ္မတ ဒူတာတေးကလည်း စက်တင်ဘာလ ၂၆ ရက်နေ့က အမေရိကန်အစိုးရကို တရားဝင်ထုတ်ဖော် အကူအညီတောင်းခဲ့သည်။ သူက မူးယစ်ဆေးဝါး မှောင်ခိုရောင်းချနေခြင်းများအတွက် မိမိတို့နိုင်ငံကို ထိုင်ဝမ်နှင့် ဟောင်ကောင်နိုင်ငံများကို ပေးပို့နေသည့် စခန်းထောက်နေရာကြီးတစ်နေရာအဖြစ် အပြစ်တင်ဝေဖန်နေမည့် အစား မူးယစ်ဆေးတိုက်ဖျက်မှုတွင် ပူးပေါင်းကူညီရန် တရားဝင်တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ဒူတာတေးက မေလအတွင်း မာရာဝီမြို့တောင်ပိုင်းတွင် အစ္စလာမ္မစ်စစ်သွေးကြွ သူပုန်စခန်းများကို ဖြိုခွင်းရာ၌ မူးယစ်ဆေးအမြောက်အမြားကိုပါ ဖမ်းဆီးသိမ်းဆီးရရှိခဲ့ကြောင်း၊ လူပေါင်း ၈၀၀ ကျော် သေဆုံးခဲ့သည့် သူပုန်တို့ကို တိုက်ခိုက်ချေမှုန်းမှုတွင် မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်များကို ဖမ်းဆီးရမိခဲ့ကြောင်း ထုတ်ပြန် ကြေညာခဲ့ပြီး အစ္စလာမ္မစ်သူပုန်တို့သည် မည်သည့်လုပ်ငန်းများကို လုပ်ဆောင်လိုသောကြောင့် အစိုးရကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်းနှင့် အဘယ်ကြောင့် ဖိလစ်ပိုင်တွင် အစ္စလာမ္မစ်သူပုန်တို့ကို အမြစ်ဖြတ်ရန် လိုကြောင်းတို့ကို သူက မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

မာရာဝီမြို့တွင် အစိုးရနှင့် သူပုန်တို့ တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်မှာ ၂၀၁၇ ခုနှစ် မေလကတည်းက ဖြစ်သည်။ အစိုးရကို ပူးပေါင်းထိုးစစ်ဆင်နေကြသည့် အုပ်စုများမှာ လာနာအိုအစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့များအဖြစ် ကြွေးကြော်ထားသည့် မော်တေ (Maute) သူပုန်အုပ်စုနှင့် အဘူ ဆေရက် (Abu Sayyaf) အုပ်စုတို့ဖြစ်သည်။

ဒူတာတေး၏ ဦးတည်ချက်မှာ အဘူဆေရက် အုပ်စု အဖွဲ့ခေါင်းဆောင် အစ်နီလွန် ဟာပီလွန် (Isnilon Hapilon) ကို ဖမ်းဆီးရမိရေးဖြစ်သည်။ မော်တေနှင့် အဘူဆေရက်တို့ကို မာရာဝီမြို့နေရာအနှံ့ လိုက်လံနှိမ်နင်းရာတွင် အသေဖမ်းဆီးမိသူများ ရှိသလို အရှင်ဖမ်းမိသူတွေလည်းရှိသည်။ လက်ရှိ မာရာဝီမြို့ တိုက်ပွဲတွင် သူပုန် ဘက်က ၆၀၀ ကျော်သေဆုံးပြီး၊ အစိုးရတပ်က ၁၄၀ နှင့် အရပ်သား ၈၀ ခန့်အသက်ဆုံးရှုံးခဲ့ရသည်။ ဒဏ်ရာ ရသူများနှင့် ရွှေ့ပြောင်းနေထိုင်ရသူတွေလည်း အများအပြားရှိလာသည်။

ဒူတာတေးက မင်ဒါနာအို တစ်ကျွန်းလုံးကို အခက်အခဲများ ဖြစ်သည်ထက်ဖြစ်လာအောင် လုပ်လာလျှင် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်မည်ဖြစ်ကြောင်း ကြိုတင်ကြေညာထားပြီးဖြစ်သည်။ မေလကတည်းက ဒေသအတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ရခြင်းကြောင့် လူပေါင်းသန်း ၂၀ ခန့် နေရပ်ကို စွန့်ခွာထွက်ပြေးပြီး ဒုက္ခများရောက်ခဲ့ကြရသည်။ ဒူတာတေးကလည်း ဖိလစ်ပိုင်၏ အချက်အချာကျသည့် မြို့ကြီးများပေါ်တွင် မူးယစ်ဆေးပြဿနာကို နှိမ်နင်း၍ မပြီးဆုံးမီ သူပုန်တို့၏ စစ်မျက်နှာဖွင့်ခြင်းကို ခံလိုက်ရသောကြောင့် ဟိုပြေးသည်ပြေးနှင့် တိုင်းပြည်အရေးကို ငြိမ်အောင်ထိန်းသိမ်းနေရရှာသည်။

စက်တင်ဘာ ၂၁ ရက်နေ့က ပြဿနာဖြစ်နေသည့် မာရာဝီမြို့ကို ငါးကြိမ်မြောက် ထပ်ရောက်လာပြီး "မစိုးရိမ်ကြပါနဲ့။ ခင်ဗျားတို့ကို ကျွန်တော်ကယ်တင်မှာ။ ခင်ဗျားတို့အားလုံးကို ပြန်ပြီးပြောင်း




ရွှေ့ပေးပြီးတဲ့အထိ ကျွန်တော် စောင့်ရှောက်သွားမှာ" ဟု ဒုက္ခသည်ပြည်သူများကို အားပေးစကား ပြောကြားသွားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် စစ်တပ်ဆိုသည်မှာ အခွင့်ထူးခံ လူတန်းစားတစ်ရပ်အနေနှင့် ရပ်တည်နေရပြီး နိုင်ငံရေးသမားများက စစ်တပ်ကိုတည့်အောင်ပေါင်းကာ ကျောထောက်နောက်ခံအဖြစ် ရပ်တည်ပေးရန် ညှိနှိုင်းအုပ်ချုပ်နေရသည့် အနေအထားတွင်ရှိသည်။ ဒူတာတေးသည် သမ္မတအဖြစ်တက်လာခါစက အမေရိကန်ပြည်ထောင်စု အစိုးရကို ပြဿနာရှာသည့် စကားများနှင့် ပုတ်ခတ်တိုက်ခိုက်ခဲ့သေးသော်လည်း နောက်ပိုင်းလေသံတွေ ပျော့လာရသည်။ အဘယ်ကြောင့်ဆိုသော် ဖိလစ်ပိုင်စစ်တပ်က နိုင်ငံခြားစစ်တပ်များကို ဇွန်လက မာရာဝီမြို့ပေါ်သို့ တက်ရောက်ရန် ခွင့်ပြုလိုက်ခြင်းကြောင့်ဖြစ်သည်။

The New York Times တွင် ဖော်ပြထားချက်အရ အမေရိကန်အစိုးရသည် အထူးတပ်ဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပေးခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ပြဿနာများကို ပြေလည်စေရန် အတွက် အထောက်အကူပေးရန်ဟုဆိုထားသည်။ ဖိလစ်ပိုင်နိုင်ငံ စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူ ရက်စ်တီတူတို ပက်ဒီလာက အမေရိကန်တပ်ကို မာရာဝီတွင်ပြောင်းရွှေ့နေရာချထားပေးခဲ့သည်ဟုဆိုထားသည်။

Startfor News သတင်းဌာန၏ ထုတ်ပြန်ချက်တွင် အစိုးရတပ်နှင့်အတူ ပူးပေါင်းတိုက်ခိုက်သူများထဲတွင် အခြားမဟာမိတ်အဖွဲ့များလည်း ပူးပေါင်းပါဝင်ကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုနှင့် အင်ဒိုနီးရှား ရေတပ်က ထိုဒေသတစ်ဝိုက်တွင် ကင်းလှည့်ရေယာဉ်များဖြင့် ရေပြင်ကိုစောင့်ရှောက်ပေးထားသည်။ ဩစတြေးလျနှင့် စင်ကာပူတို့ကလည်း အချိန်မပြတ်စောင့်ကြည့် ထောက်လှမ်းပေးနေသည်။ ဩစတြေးလျ အစိုးရသည် ဖိလစ်ပိုင်အစိုးရကို အဆင့်မြင့်နည်းပညာများ တပ်ဆင်ထားသည့် AP-3C Orion လေယာဉ်နှစ်စီး ထောက်ပံ့ပေးထားသည်။ ထိုလေယာဉ်နှစ်စင်းက လေကြောင်းကတစ်ဆင့် ဖိလစ်ပိုင်အစိုးရကို စောင့်ကြည့်ပြီး သတင်းအချက်အလက်များ ထောက်ပံ့ပေးနေသည်။

ဒူတာတေးကလည်း လက်ရှိအနေအထားတွင် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော် ဇာတ်လမ်းများ ခင်းနိုင်ရန် အတင်းဝင်လုံးပြီး ကြိုးပမ်းနေသည်။ သူ့အတွက်လည်း အထိုက်အလျောက် အကျိုးဖြစ်သွားသည်ဟု ဆိုရမည်။ တရုတ်အစိုးရက ဒေါ်လာ ၁၁ ဒသမ ၇ သန်းတန်ဖိုးရှိ အသေးစားလက်နက်များကို ဖိလစ်ပိုင်နိုင်ငံကို ထောက်ပံ့ ပေးလိုက်သည်။ One Belt, One Path အစီအစဉ်တွင်လည်း ဖိလစ်ပိုင်နိုင်ငံက ပါဝင်နေသဖြင့် ဒါဗာအိုမြို့နှင့် ကုန်သွယ်ရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှု ကိစ္စများကို တရုတ်ကလည်း လက်လွှတ်မခံနိုင်သည့် အနေအထားတွင် ရှိနေသည်။

ဖိလစ်ပိုင်နိုင်ငံ အထူးတပ်ဖွဲ့ဝင်များသည် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်ရာ၌ သမိုင်းအစဉ်အလာရှိခဲ့သည်။ ထို့ကြောင့် လက်ရှိ ဖိလစ်ပိုင်အရေးအခင်းများတွင် အမေရိကန်တပ်က ပါဝင်လာသည်ဆိုခြင်းမှာ သိပ်ပြီး အထူးအဆန်းမဟုတ်ဟု ဆိုရမည်ဖြစ်သည်။ ၁၉၉၈ မှ ၁၉၄၇ ခုနှစ်ကာလများအတွင်း ဖိလစ်ပိုင်နိုင်ငံသည် ကိုလိုနီနိုင်ငံဘဝ ကျရောက်နေကတည်းက အမေရိကန်ပြည်ထောင်စုက ဖိလစ်ပိုင်နိုင်ငံ အခွင့်ထူးခံလူတန်းစား များနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးရန်အတွက် စခန်းချကာ နေထိုင်ခွင့်ရခဲ့ပြီးဖြစ်သည်။ ၁၉၈၇ ခုနှစ် ဖိလစ်ပိုင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံခြားမှတပ်များ လာရောက်တပ်ချခြင်းကို စတင် တားမြစ်ခဲ့သည်။

နိုင်ငံအတွင်း ပြဿနာများကို ဖြေရှင်းနေရချိန်တွင် သားဖြစ်သူကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု များနှင့် ပတ်သက်နေကြောင်း စွပ်စွဲမှုများ ပေါ်ထွက်လာခဲ့ပြန်သည်။ အသက် ၇၂ နှစ်အရွယ် ရှိနေပြီဖြစ်သည့် ဒူတာတေးကလည်း ပြတ်သားသည်

"ကျုပ် အရင်ကတည်းက အမိန့်ထုတ်ထားပြီးသား။ ကျုပ်ကလေးတွေလည်း မူးယစ်ဆေးဝါးကိစ္စနဲ့ ပတ်သက် နေတယ်ဆိုရင် အချိန်မရွေးပစ်သတ်လိုက်လို့ရတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

သားဖြစ်သူပေါလိုဒူတာတေးကိုစက်တင်ဘာလ အစောပိုင်းတွင် လွှတ်တော်ကခေါ်ယူပြီး စစ်ဆေးခဲ့သေးသည်။ တရုတ်နိုင်ငံမှ မက်သမ်ဖီတမင်းဆေးပြားများ ဖမ်းဆီးရမိမှုတွင် သူ့ကိုပါဝင်နေကြောင်း စွပ်စွဲခဲ့သောကြောင့် ဖြစ်သည်။

စက်တင်ဘာ ၂၆ ရက်နေ့တွင် အစိုးရတပ်များက မာရာဝီမြို့ကို သိမ်းပိုက်ပြီး အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ သည်။ သမ္မတ ဒူတာတေးက ထိုမြို့တွင် ခိုလှုံနေနိုင်သည့် မူးယစ်ရာဇာများကို ဖမ်းဆီးရန် အမိန့်ထုတ်ခဲ့သည်။ ယခင်ကတည်းကလည်း အစိုးရတပ်များအနေနှင့် အဘူဆေရက် ခေါင်းဆောင် အစ်နီလွန် ဟာပီလွန် (Isnilon Hapilon) ကိုဖမ်းဆီးရန်ဖြစ်သော်လည်း၊ မော်တေသူပုန်တို့က လက်မခံဘဲ လက်တုံ့ပြန်တိုက်ခိုက်နေသောကြောင့် တိုက်ပွဲကပိုပြီး ပြင်းထန်လာခဲ့ရသည်။ မော်တေသူပုန်အုပ်စုအနေနှင့် အဘူဆေရက်အဖွဲ့ကို အဘယ်ကြောင့် ထောက်ခံအားပေးနေသည်ဆိုခြင်းကလည်း သူ့အဖြေနှင့်သူ ရှိပြီးသားဖြစ်သည်။

လက်ရှိအနေအထားတွင် လူကြမ်းမင်းသားဖြစ်နေသည့်ဒူတာတေး၏ အသက်အန္တရာယ်ကလည်း စိုးရိမ်စရာ အနေအထားတွေ ဖြစ်လာသည်။ ဖိလစ်ပိုင်သမ္မတ၏ အစောင့်တပ်ဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာလ ၂၆ ရက်နေ့က အသေပစ်သတ်ခံလိုက်ရသည်။ ထိုအချိန်တွင် သမ္မတက အဝေးတွင်ရှိနေသဖြင့် လွတ်မြောက် သွားခဲ့ရသည်။

၂၆ ရက်နေ့က ဖြစ်ပွားသည့် ပစ်ခတ်မှုမှာ မနီလာမြို့ မာလာကာနန်ပန်းခြံအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သမ္မတလုံခြုံရေးတပ်ဖွဲ့ (PSG) ဝင်တစ်ဦးဖြစ်သည့် အသက် ၃၇ နှစ်အရွယ် အစောင့်ကို အကြမ်းဖက်သမားများက လုပ်ကြံသွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။ နံနက် ၈ နာရီ ၅၀ အချိန်တွင် ဖြစ်ပွားခဲ့ပြီး ရင်ဘတ်ကို ပစ်ခတ်သည့် သေနတ်တစ်ချက်တည်းနှင့် အသက်ထွက်သွားခဲ့ရခြင်းဖြစ်သည်။

လူမုန်းများနေသော ဒူတာတေးကလည်း မာရှယ်လောထုတ်မည်ဆိုသည့် အပြောနှင့် ခြိမ်းခြောက်နေသလို သူ့ကို မကျေနပ်သည့် သူတွေကလည်း ဆန္ဒပြပွဲများကို မနီလာမြို့ရှိ သမ္မတအိမ်တော်ရှေ့တွင် ပြုလုပ်နေကြသည်။ ဆန္ဒပြသူများသည် သမ္မတအိမ်တော်ရှေ့တွင်သာမက တက္ကသိုလ်များနှင့် စစ်ဌာနချုပ်များရှေ့တွင်လည်း ချီတက်ပြီးဆန္ဒပြလျက်ရှိနေသည်။

သမ္မတ ဒူတာတေး၏ ပန်းချီကားပုံကြီးကို မီးရှို့ပြီး ဆန္ဒပြနေကြခြင်းဖြစ်ပြီး ဒုတိယသမ္မတ လီနီရိုဘရီဒိုက "အကြမ်းဖက်မှုများ ထကြွသောင်းကျန်းလာပြီ" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် ဒူတာတေးကို ထောက်ခံနေသူတွေကလည်း အများအပြားရှိနေသောကြောင့် ပဋိပက္ခကို ဖန်တီးချင်သူများနှင့် ထောက်ခံသူများကြားတွင် သူတို့ပြဿနာကို သူတို့ကိုယ်တိုင် ဖြေရှင်းသွားနိုင်သည်။

သမ္မတ ဒူတာတေးရင်ဆိုင်နေရသည့် အခြားပြဿနာတစ်ခုမှာ မြေပေါ်မြေအောက် ကွန်မြူနစ်သူပုန်များအရေး ဖြစ်သည်။ ကွန်မြူနစ်သူပုန်တွေကလည်း ဒူတာတေးနှင့် စေ့စပ်ဆွေးနွေး ငြိမ်းချမ်းရေးမလုပ်နိုင်ဆိုသည့် လေသံတွေ လွှင့်လာသည်၊ ဒူတာတေးကလည်း ကွန်မြူနစ်တွေလောက်ကို ဂရုမစိုက်သည့်အပြင် သူပုန်တွေ ကိုပါ အမြစ်ဖြတ်သုတ်သင်ရေးကို တောက်လျှောက်လုပ်နေတော့သည်။

မာရာနာအိုမြို့အရေးအခင်းက လေးလတိုင်ကြာမြင့်သွားခဲ့သည်။ မာရာနာအိုခေါင်းဆောင်များက အချိန်တွေ ကြာပြီး တိုက်ပွဲတွေ ဖြစ်ပွားခဲ့ရခြင်းမှာ အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့်ဟုဝေဖန်ပြစ်တင်ခဲ့သည်။ ဒူတာတေး၏ အဆုံးအဖြတ် အချိန်ဆွဲနေခြင်းကြောင့် စစ်တပ်က အချိန်မီ ဝင်ရောက်မထိန်းသိမ်းနိုင်သဖြင့် ပဋိပက္ခများက ပိုပြီးကြီးထွားလာရသည်ဟု ထောက်ပြဝေဖန်ခဲ့ကြသည်။

ဒူတာတေးကလည်း မာရာနာအိုမြို့သို့ နောက်ဆုံးရောက်သည့်အခေါက်တွင် ပြည်သူတွေကို အထပ်ထပ်တောင်းပန်စကားဆိုသွားခဲ့သည်။

"ကျွန်တော့်ကိုယ်ကျွန်တော် သစ္စာဖောက်မိသလို ခံစားရပါတယ်။ တကယ့်ကို နာကျင်ခံစားရပါတယ်" ဟုဝန်ချ တောင်းပန်သွားခဲ့သည်။

ဒူတာတေးသည် သူ့နိုင်ငံတွင် နှစ်ပေါင်းများစွာ ဒုက္ခပေးနေသည့် မူးယစ်ဆေးပြဿနာကိုနှိမ်နင်းခဲ့သည်။ မူးယစ်ဆေးကို အဓိကလုပ်ဆောင်နေသည့် သောင်းကျန်းသူ သူပုန်တွေကိုနှိမ်နင်းနေရသည်အထိ ပြဿနာက ကြီးမားလာသည်။ ဖိလစ်ပိုင်တွင်ဖြစ်နေသည့် ဝိရောဓိတွင် နောက်ဆုံးသူရင်ဆိုင်နေရသည်မှာ သူပုန် အကြမ်းဖက်သမားများဖြစ်သည်။ မည်သူက နောက်ဆုံး အဆုံးအဖြတ်ပေးသွားမည်နည်း။

■ **(Ref: Reuters; Red Flag; Minda News; The Independent)**

Movie Guide

## ငွေကျား



ခေတ်ကောင်း၊ သူထက်ကဲ၊ ရွှေပြည့်စိုးနဲ့ ညီပုလေးတို့ ညီအစ်ကိုလေးယောက်က မိန်းမစိတ်ပေါက်နေကြတဲ့ အပုန်းတွေပါ။ သူတို့လေးယောက်ရဲ့ဦးလေးဖြစ်သူ ဦးမောင်မောင်( ကျော်ရဲအောင် ) ကတော့ သူတို့ကို ယောက်ျားပီပီသသ ကျားကျားလျားလျားဖြစ်စေချင်တဲ့အတွက် ဆူပူပြောဆို ဆုံးမပေမယ့်လည်း မရပါဘူး။ သူတို့ကတော့ ခြောက်မြဲ ခြောက်ဆဲပါပဲ။ တစ်ရက်မှာတော့ သူတို့လေးယောက်လုံး အတူတူ စိတ်ဝင်စားနေကြတဲ့ကောင်လေး တစ်ယောက်ကို ကောင်မလေးတစ်ယောက်နဲ့ အတူတွဲလာတာကို တွေ့လိုက်ရတဲ့အတွက် ကြေကွဲကြရပါတော့တယ်။ သူတို့ချစ်နေတဲ့ ကောင်လေးရဲ့ရည်းစား ကောင်မလေးက သူချစ်သူကို လိုချင်ရင် မိန်းမအစစ်ဖြစ်အောင် ခွဲစိတ်ပြုပြင်ကြဖို့ပြောပါတယ်။ မိန်းမအစစ် ဖြစ်လာရင် သူ့ရည်းစားနဲ့ သူကိုယ်တိုင်ပေးစားမယ်လို့လည်း ကတိပေးပါတယ်။

ကောင်လေးကို မေ့မရနိုင်အောင် စွဲလမ်းနေတဲ့ ညီအစ်ကိုလေးယောက်က ထိုင်းနိုင်ငံကိုသွားပြီး မိန်းမဖြစ်အောင် ခွဲစိတ်ပြုပြင်ဖို့ ကြံစည်ကြပါတယ်။ ခွဲစိတ်ဖို့အတွက် လိုအပ်တဲ့ ငွေရအောင် ဦးလေးဖြစ်သူဆီက အမွေတောင်းကြပေမယ့် မအောင်မြင်ခဲ့ပါဘူး။ တစ်ရက်မှာတော့ ဦးမောင်မောင်က အပြင်သွားရင်း သူငယ်စဉ်ကတည်းက စွဲလမ်းခဲ့ရတဲ့ ဒေါ်ပပလင်း ( စိုးမြတ်သူဇာ ) နဲ့ ပြန်လည်ဆုံစည်းခဲ့ပါတယ်။ ဒေါ်ပပလင်းက ယောကျ်ားစိတ် ပေါက်နေတဲ့ ယောကျ်ားလျာတစ်ယောက် ဖြစ်တဲ့အတွက် ငယ်စဉ်ကတည်းက ဦးမောင်မောင် ပိုးပန်းမရခဲ့ပါဘူး။ တစ်ချိန်က မပြီးဆုံးသေးတဲ့ အချစ်ဇာတ်လမ်းကို ဦးမောင်မောင်က ပြန်ဆက်ဖို့ ကြံရွယ်ပါတယ်။ ဒေါ်ပပလင်းရဲ့ ညီမလေးယောက်ကို အသီးသီးရအောင်လိုက်ဖို့ သူ့တူလေးယောက်ကိုလည်း မှာကြားပါတယ်။ သူခိုင်းတာကို အဆင်ပြေအောင်လုပ်ပေးနိုင်ရင် အမွေခွဲပေးမယ်လို့လည်း မက်လုံးပေးပါတယ်။

မိန်းမဘဝကိုရအောင် ခွဲစိတ်ဖို့အတွက် ငွေလိုနေတဲ့ ညီအစ်ကိုလေးယောက်ကလည်း သူတို့ ခြောက်နေတာကို ဖုံးကွယ်ပြီး ဒေါ်ပပလင်းရဲ့ညီမ လေးယောက်ကို ပိုးပန်းဖို့ ကြိုးစားကြပါတယ်။ ညီမလေးယောက်ကို အစ်ကိုတစ်ယောက်လို အမြဲစောင့်ရှောက်ပေးနေတဲ့ ဒေါ်ပပလင်းကြောင့် သူတို့ ညီအစ်ကိုလေးယောက် စိတ်ကြိုက်ပိုးပန်းခွင့် မရခဲ့ပါဘူး။ သူတို့ရဲ့ သူငယ်ချင်း ကောင်မလေးတစ်ယောက်ကို အကူအညီတောင်းပြီး ယောကျ်ားစိတ် ပေါက်နေတဲ့ ဒေါ်ပပလင်းကို မြူဆွယ်ဖျားယောင်းခိုင်းရာမှာတော့ အဆင်ပြေသွားခဲ့ပါတယ်။ ဒေါ်ပပလင်းတို့ ညီအစ်မတွေနေတဲ့ အိမ်ကိုလည်း စိတ်ကြိုက်ဝင်ထွက်သွားလာခွင့် ရခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ သူတို့ လေးယောက်က ဦးမောင်မောင်ရဲ့တူတွေမှန်း ဒေါ်ပပလင်းသိသွားရာမှာတော့ ဒေါသ ပေါက်ကွဲသွားပြီး၊ အိမ်ကို ဝင်ထွက်သွားလာခွင့် ပိတ်ပင်ခဲ့သလို သူ့ညီမလေးယောက်နားကို မကပ်ဖို့နဲ့လည်း မှာကြားခဲ့ပါတယ်။

တစ်ရက်မှာတော့ ဦးမောင်မောင်ရဲ့ မိတ်ဆွေဖြစ်သူက ချောင်းသာမှာ အသစ်ဖွင့်ထားတဲ့ ဟိုတယ်မှာ လာရောက်အနားယူဖို့ ဖိတ်ကြားခဲ့ပါတယ်။ သူတို့ တူဝရီးငါးယောက် ချောင်းသာကို အပန်းဖြေခရီး ထွက်လာခဲ့ကြပါတယ်။ ဖြစ်ချင်တော့ ဦးမောင်မောင်ရဲ့မိတ်ဆွေက ဒေါ်ပပလင်းနဲ့လည်း ခင်မင်နေသူပါ။ သူ့ရဲ့ဖိတ်ကြားမှုကြောင့်ပဲ ဒေါ်ပပလင်းတို့ ညီအစ်မ ငါးယောက်ကလည်း ချောင်းသာကို ရောက်လာကြပါတယ်။ တူဝရီးငါးယောက်နဲ့ ညီအစ်မငါးယောက်တွေ့ကြရာမှာတော့ ထုံးစံအတိုင်း စကားများရန်ဖြစ်ကြပါတယ်။ ဦးမောင်မောင်က ချောင်းသာကို ရောက်ခိုက်မှာ ဒေါ်ပပလင်းရဲ့ညီမတွေကို ရအောင်လိုက်ဖို့ သူ့တူလေးယောက်ကို မှာကြားခဲ့သလို၊ သူကိုယ်တိုင်လည်း ငယ်ကျွမ်းဆွေ ဒေါ်ပပလင်းရဲ့ အချစ်ကိုရဖို့ ကြိုးစားလာရာမှာတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ရှုစားရမှာပါ။



ဓာတ်ပုံ- ငြိမ်းသော် Facebook Page

## စိတ်ကိုအလိုမလိုက်တော့ဘဲ အနုပညာ အလုပ်တွေ ပြန်လုပ်တော့မယ့် မင်းဟိဏ်း

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ကျန်းမာရေးအခြေအနေကြောင့် အနုပညာအလုပ်တွေနဲ့ နှစ်နှစ်လောက်ကင်းကွာနေတဲ့ ဝါရင့်သရုပ်ဆောင်မင်းဟိဏ်းက မကြာခင်မှာတော့ အနုပညာအလုပ်တွေကို အားကြိုးမာန်တက် ပြန်လုပ်တော့မှာဖြစ်ပြီး အရင်လို အောင်မြင်မှုအပေါ်မှာ ကိုယ့်စိတ်ကို အလိုမလိုက်တော့ဘူးလို့ The Voice ကိုပြောကြားပါတယ်။

"ကျွန်တော်က အသည်းနဲ့ ပတ်သက်ပြီး ကျန်းမာရေး မကောင်းတော့ ဆေးကုနေရတာ နှစ်နှစ်လောက်ရှိသွားပြီ။ ကိုယ်က ကျန်းမာရေးကြောင့်သာ အနားယူနေရတာပေါ့နော်။ ဒီအလုပ်ကို လုပ်ချင်တဲ့စိတ်က တအားများနေတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ခြောက်လလောက်ကစပြီး ကျန်းမာရေးကပြန်ကောင်းလာတော့ အနုပညာအလုပ်တွေကို ပြန်လုပ်တော့မှာပါ။ အရင်လိုလည်း အောင်မြင်မှုအပေါ်မှာသာယာပြီး စိတ်အလိုကိုမလိုက်တော့ပါဘူး" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။



ဓာတ်ပုံ- ဝင်းထွန်းနိုင်

ကိုယ်ဖြတ်သန်းလာတဲ့အနုပညာသက်တမ်း တောက်လျှောက်မှာ အောင်မြင်မှုအနေအထားတစ်ခုရခဲ့ပေမယ့် စိတ်ကြီးဝင်ခဲ့တာကြောင့် ပျက်စီးတဲ့ဘက်ကို ရောက်ခဲ့ရကြောင်း၊ လက်ရှိမှာတော့ ကိုယ့်စိတ်ကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပြီး အောင်မြင်ဖို့၊ မအောင်မြင်ဖို့ထက်စာရင် ကိုယ့်ရဲ့အနုပညာက ပရိသတ်တွေ အမြင်မှာ ပီပြင်ဖို့အတွက်ပဲ အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ကြောင်း သရုပ်ဆောင်မင်းဟိဏ်းက ပြောထားပါတယ်။

"ကျွန်တော်က အောင်မြင်မှုအပေါ်မှာ ကိုယ့်စိတ်ကို အလိုလိုက်ခဲ့မိတယ်။ အဲ့ဒါကြောင့် ပျက်စီးတဲ့ဘက်ကို ပါခဲ့တယ်။ ကိုယ့်လောကအသိုင်းအဝိုင်းထဲမှာ မဟုတ်ပေမယ့်လည်း ပတ်ဝန်းကျင်နဲ့ မိသားစုအသိုင်းအဝိုင်းဘက်မှာ တော်တော်လေးကို ဆုံးရှုံးစရာတွေအများကြီးဖြစ်ခဲ့တယ်။ အဓိက ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးဝင်ပြီး ငါလုပ်ရင် ဘာမဆိုဖြစ်ပြီဆိုတဲ့စိတ်နဲ့နေလိုက်တယ်။ တကယ်တော့ ကိုယ်ထင်ထားသလို ဖြစ်မလာပါဘူး။ နောက်ဆုံး ကျန်းမာရေးကအစ ထိခိုက်လာတဲ့အထိပါပဲ" လို့ ၎င်းကပြောပါတယ်။

## လက်ရှိခေတ်မှာ ယောက်ျားလေးသူငယ်ချင်းအချင်းချင်းတောင် Selfie တွဲရိုက်ဖို့ ခပ်လန့်လန့် ဖြစ်နေပါပြီဆိုတဲ့ ငြိမ်းသော်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

လတ်တလောမှာ အမျိုးသမီးမော်ဒယ်လ်တစ်ဦးနဲ့ ချစ်သူတွေဖြစ်နေတဲ့အပြင် အမျိုးသားအဆိုတော်တစ်ယောက်နဲ့ပါ ယောကျ်ားချင်း ကြိုက်နေကြတယ်ဆိုပြီး Online Page တစ်ခုကနေ သတင်းတွေတက်လာတာက ကောလာဟလတွေသာဖြစ်ပြီး လက်ရှိခေတ်မှာ ယောကျ်ားလေးသူငယ်ချင်း အချင်းချင်းတောင် Selfie တွဲရိုက်ဖို့ ခပ်လန့်လန့်ဖြစ်နေပါပြီလို့ မော်ဒယ်လ်၊ သရုပ်ဆောင်ငြိမ်းသော်က The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်က နယ်ကတက်လာတာဆိုတော့ အနုပညာအသိုင်းအဝိုင်းမှာ အသိမရှိပါဘူး။ အဲ့ဒါကြောင့် ကျွန် တော့်အတွက် သူတို့က အစ်ကိုတွေ၊ အစ်မတွေဆိုလည်း ဟုတ်သလို သူငယ်ချင်းတွေဆိုလည်း ဟုတ်ပါတယ်။ ကျွန်တော်က လူတစ်ယောက်ကို ခင်ရင်လည်း စွဲစွဲမြဲမြဲခင်တတ်တယ်။ ဒါပေမဲ့ တခြားလူတွေအမြင်မှာ တစ်မျိုး ထင်နိုင်တော့ နောက်ဆိုရင်ကိုယ့်ဘက်ကနေ အနေအထိုင်ကအစ ဆင်ခြင်ရမှာပေါ့နော်။ အဲ့ဒီသတင်းတွေ တက်လာတုန်းကဆို သူတို့အတွက်လည်း စိတ်မကောင်းဖြစ်မိတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

အနုပညာသမားဖြစ်လာရင် ကောလာဟလနဲ့ ကင်းသူမရှိဘဲ အနည်းနဲ့အများ ကြုံရမှာဖြစ်ပြီး နောက်ထပ်လည်း ဒီ့ထက်ဆိုးတဲ့ ကောလာဟလတွေနဲ့ ကြုံလာနိုင်ကြောင်း၊ အချစ်ရေးကတော့ လောလောဆယ်မှာ တစ်ယောက်တည်းဖြစ်နေပြီး အရင်တုန်းကတော့ ရည်းစားတွေထားခဲ့ဖူးသလို အသည်းတွေလည်း ခဏခဏကွဲခဲ့ကြောင်း မော်ဒယ်လ်၊ သရုပ်ဆောင်ငြိမ်းသော်က ပြောထားပါတယ်။

"ဒီသတင်းကို စကြားကြားချင်းတုန်းကတော့ ကိုယ်မဟုတ်တဲ့အတွက် စိတ်ထဲမှာ နည်းနည်းခံပြင်းတာပေါ့နော်။ နောက်ပိုင်းကျတော့လည်း ကောင်းသလိုလို၊ မကောင်းဘူးလိုလို ဖြစ်လာတယ်။ ဒါပေမဲ့ အဲ့ဒီသတင်းကြောင့် ကျွန်တော့်ကို လူတွေ ပိုသတိထားမိလာကြပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ရဲ့ အနုပညာတွေကို ရိုးရိုးသားသားနဲ့ပဲ ပရိသတ်ကိုချပြသွားမှာပါ။ သူတို့အားပေးတာက ကျွန်တော့်ရဲ့ အနုပညာဖြစ်တာကြောင့် ပရိသတ်တွေ စိတ်မပျက်စေရအောင်ကြိုးစားသွားမယ်" လို့၎င်းက ပြောပါတယ်။

## G Dragon ရဲ့ ဥရောပဖျော်ဖြေရေး ခရီးစဉ်စတင်

**ဆိုးလ်၊ စက်တင်ဘာ ၂၇**



soompi.com

တောင်ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် အဆိုတော်တစ်ဦးဖြစ်တဲ့ G Dragon က ဥရောပ ဖျော်ဖြေရေးခရီးစဉ်ရဲ့ ပထမဆုံး ဖျော်ဖြေပွဲကို အင်္ဂလန်နိုင်ငံမှာ စတင်ပြုလုပ်ခဲ့ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

အဆိုတော် G Dragon က အင်္ဂလန်နိုင်ငံရှိ Genting Arena နဲ့ SSE Arena တွေမှာ ဂီတဖျော်ဖြေပွဲတွေ ကျင်းပခဲ့တာဖြစ်ကြောင်း သူ့ရဲ့ အနုပညာအေဂျင်စီ ဖြစ်တဲ့ YG Entertainment က သတင်းထုတ်ပြန်ခဲ့ပါတယ်။

G Dragon က Big Bang အဖွဲ့နဲ့အတူ ၂၀၁၂ ခုနှစ်တုန်းက Wembley Arena မှာ လာရောက်ဖျော်ဖြေခဲ့ဖူးပါတယ်။ လန်ဒန်မြို့မှာတော့ တစ်ကိုယ်တော် ဂီတသမားတစ်ယောက်အနေနဲ့ ပထမဆုံး ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံမှာ ဖျော်ဖြေပြီးတဲ့ နောက်မှာတော့ G Dragon က အမ်စတာဒမ်၊ ပဲရစ်နဲ့ ဘာလင်မြို့တွေကို သွားရောက် ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။

Big Bang အဖွဲ့နဲ့အတူ ကမ္ဘာတစ်ဝန်း အောင်မြင်မှုများစွာရရှိခဲ့တဲ့ G Dragon က တစ်ကိုယ်တော် ဂီတလှုပ်ရှားမှုကိုတော့ ၂၀၀၉ ခုနှစ်က စတင်ခဲ့ပါတယ်။

သူ့ရဲ့ပထမဆုံး တစ်ကိုယ်တော် စီးရီး Heartbreaker က Mnet Asian Music Awards ဆုပေးပွဲမှာ Album Of The Year ဆုကို ရရှိခဲ့ပါတယ်။ ■


ဓာတ်ပုံ- ခင်ဇာခြည်ကျော် Facebook Page

# "ခင်ဇာခြည်ကျော်ရဲ့ မိဘတွေ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေက မပြောတော့ဘူးလားဆိုတော့ အစ်မရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်ပါတယ်"

## ခင်ဇာခြည်ကျော်နဲ့ တွေ့ဆုံခြင်း 〈 သန့်ဇင်ဦး

**သရုပ်ဆောင် ခင်ဇာခြည်ကျော်နဲ့တွေ့ဆုံပြီး လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်မှာ ဝေဖန်သံတွေညံခဲ့တဲ့ ရာဇဝင်ရိုင်းခဲ့သည် ရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင် ဇေရဲထက်နဲ့ ဇာတ်ဝင်ခန်း ဓာတ်ပုံတွေအကြောင်း၊ ရိုက်ကွင်းနောက်ကွယ်က ပရိသတ် မသိတဲ့ ဖြစ်ရပ်များအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ရာဇဝင် ရိုင်းခဲ့သည် ရုပ်ရှင်ဇာတ်ကားကို ဘာကြောင့် လက်ခံရိုက်ကူးဖြစ်ခဲ့တာလဲ ဆိုတာကို စပြီးပြောပြပေးပါဦး။**

**KZCK:** အစ်မရဲ့ အနုပညာ သက်တမ်း အနှစ်နှစ်ဆယ်ကျော်မှာ ရိုးရိုးယဉ်ယဉ်ပုံစံမျိုးတွေပဲ ရိုက်ခဲ့တာပါ။ ၂၀၁၇ ခုနှစ် လည်း ရောက်နေပြီဆိုတော့ ခေတ်မီမီ ဇာတ်ကားတစ်ကားလောက် ရိုက်လိုက်မယ်ပေါ့နော်။ ကာရိုက်တာလည်း ပြောင်းမယ်ပေါ့။ ကိုယ်လည်း အရွယ်တစ်ခု ရောက်လာပြီ။ ကိုယ့်ကို ဒရာမာမင်းသမီး၊ အငိုပဲ ရတယ်လို့ ထင်နေကြတာတွေကိုလည်း ပြောင်းချင်တယ်။ ကိုယ့်ကို မြင်နေကျ ကာရိုက်တာမျိုးကနေပြောင်းပြီး သရုပ်ဆောင်ချင်တဲ့အတွက် အစ်မဒီဇာတ်ကားကို လက်ခံခဲ့တာပါ။

**Voice: ဒီဇာတ်ကားမှာ ဇေရဲထက် နဲ့ အစ်မရဲ့ ဇာတ်ဝင်ခန်းဓာတ်ပုံတချို့အပေါ် ဝေဖန်မှုတွေရှိခဲ့တာနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားရလဲ။**

**KZCK:** တကယ်တမ်းတော့ ဇာတ်ကားထဲမှာ ဒီလိုမျိုးတွေ မပါပါဘူး။ ဒါက ဓာတ်ပုံရိုက်ကြတာပါ။ အဲ့ဒီဇာတ်ကားထဲမှာ ကိုရဲအောင်က အစ်မယောက်ျားနေရာက သရုပ်ဆောင်ရတာပါ။ ဇေရဲထက်နဲ့ အစ်မနဲ့ ဖြစ်ပျက်တဲ့ဟာကို ဇေရဲက Selfie ပုံ ရိုက်ပြီးတော့ ကိုရဲအောင်ဆီကို ပို့မှာကိုး၊ အဲ့ဒီအတွက် ရိုက်ကြတာပါ။ ရိုက်ပြီးတော့ ဇေရဲထက်က ဓာတ်ပုံကို Crop လုပ်လိုက်တာများသွားတယ်။ အခုခေတ်မှာ မော်ဒယ်လ်တွေဆို တစ်ဝက်တွေတောင် ပေါ်နေကြတာလေ။ အစ်မက အဲ့ဒီလိုလည်း ပေါ်တာမဟုတ်ဘူး။ ဒါရိုက်တာကလည်း အင်ဂျလီနာဂျိုလီလို ရုပ်အကျီလေး လျှောထားပေးပါတဲ့။ ဇေရဲထက်က ဓာတ်ပုံကို Crop လုပ်လိုက်တာများသွားတော့ ပရိသတ်တွေပြောစရာဖြစ်သွားတာပါ။ ဒါပေမဲ့ အစ်မကတော့ သိပ်အပြောမခံရပါဘူး။ ဇေရဲပဲ အပြောခံရတာပါ။

**Voice: ကိုယ့်ကို အားပေးတဲ့ ပရိသတ်တွေကိုရော ဒီဇာတ်ဝင်ခန်းဓာတ်ပုံတွေနဲ့ ပတ်သက်ပြီး ဘာများ ပြောချင်သေးလဲ။**

**KZCK:** အမှန်တော့ ဇေရဲထက်ကလည်း တမင်တကာလုပ်တာတော့ မဟုတ်ပါဘူး။ ဒီဇာတ်ကားလေးပေါက်အောင်၊ ပရိသတ် စိတ်ဝင်စားအောင် လုပ်လိုက်တယ်လို့ပဲ အစ်မ မြင်ပါတယ်။ ဒါက သရုပ်ဆောင်တယ်ဆိုတာ ကိုယ့်ရုပ်ရှင်အသိုင်းအဝိုင်းကလည်း သိနေကြတာပဲလေ။ ဒါကလည်း ဇာတ်ဝင်ခန်းအတွက် ဓာတ်ပုံရိုက်ရင်းနဲ့ ဖြစ်သွားတာဆိုတော့ အစ်မအနေနဲ့ ဘာမှ ထွေထွေထူးထူး ရှင်းစရာတော့ မလိုပါဘူး။ တချို့ပရိသတ်တွေကျတော့ အမြင်အရမ်းကျဉ်းတယ်။ ခင်ဇာခြည်ကျော်ရဲ့ မိဘတွေ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေက မပြောတော့ဘူးလားဆိုတော့ အစ်မရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်ပါတယ်။ အစ်မသားတွေ၊ သားသမီးတွေကလည်း အရွယ်ရောက်နေပြီဆိုတော့ သူတို့ရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်ပါတယ်။

**Voice: အစ်မရဲ့ Instagram မှာ Crop မလုပ်ရသေးတဲ့ ဇာတ်ဝင်ခန်း ဓာတ်ပုံတွေပြန်တင်ဖြစ်တာက ပရိသတ်တွေ အထင်မှားမှာစိုးလို့လား။**

**KZCK:** ဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်မဘက်က အကျယ်တဝင့်လည်း ပြန်ပြီး မရှင်းချင်ပါဘူး။ ကိုယ်ရှင်းလိုက်မှ ပိုပွသွားမှာလည်း စိုးပါတယ်။ အဲ့ဒါကြောင့် အစ်မရဲ့ Instagram မှာ ဇာတ်ဝင်ခန်း ဓာတ်ပုံတွေ အမှန်က ဒီလိုပါဆိုပြီး ဓာတ်ပုံနှစ်ပုံ တင်လိုက်ပါတယ်။ ရာဇဝင်ရိုင်းခဲ့သည် ရုပ်ရှင်ဇာတ်ကားမှာ လှအုံးမယ်နဲ့ ရာဇဝင်တို့ ဘယ်လိုတွေ ရာဇဝင်ရိုင်းခဲ့လဲဆိုတာ ပိတ်ကားပေါ်မှာ ကြည့်ပါဆိုပြီး စာလေးလည်း ရေးပြီးတင်ခဲ့ပါတယ်။ ဒီဓာတ်ပုံတွေကို အွန်လိုင်းမီဒီယာတွေကလည်း ပြန်ဖော်ပြပေးတဲ့အတွက် အဖြစ်အပျက်အမှန်ကို ပရိသတ်တွေလည်း နားလည်သွားကြပါတယ်။

**Voice: ဒီဓာတ်ပုံတွေ တက်လာတော့ အမေရိကမှာ ရှိတဲ့ အစ်မရဲ့ ချစ်သူကရော ဘာပြောသေးလဲ။**

**KZCK:** အစ်မဘဝအတွက် ပထမဦးဆုံး ခေတ်ဆန်ဆန် ဇာတ်ကားတစ်ကားကို ရိုက်လိုက်တဲ့အခါမှာ တစ်ခါတည်းနဲ့ ပေါက်သွားတာပေါ့နော်။ အစ်မ ချစ်သူကိုလည်း အစ်မရိုက်တဲ့ ဇာတ်ကားတွေရဲ့ ဇာတ်ဝင်ခန်းပုံတွေ ပို့နေကျဆိုတော့ သူကတော့ နားလည်ပေးပါတယ်။ အစ်မတို့ ဒါအနုပညာအလုပ်လုပ်နေတယ်ဆိုတာသူသိတယ်လေ။ နှင့်မို့ဆိုရင်တော့ ပြဿနာ တွေ တက်ကုန်မှာလေ။ ဒီကိစ္စကြောင့် အစ်မအနေနဲ့ နည်းနည်းတော့ ယောက်ယက်ခတ်သွားတာပေါ့နော်။ ပရိသတ်တွေ နားလည်အောင်လည်း ပြန်ဖြေရှင်းရတာပေါ့။

**Voice: အစ်မရဲ့ ချစ်သူက အပြင်လောကကဆိုတော့ ကိုယ့်ရဲ့ အနုပညာအလုပ်အပေါ်ရော ဘယ်လောက်အထိ နားလည်မှုပေးလဲ။**

**KZCK:** သူကတော့ အများကြီး နားလည်မှုပေးပါတယ်။ အစ်မကိုလည်း သူ ယုံတယ်လေ။ အဓိကကတော့ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်ဖို့ပဲ။ အစ်မကို သူ အပြည့်အဝယုံကြည်ထားတဲ့အတွက် ဒီဇာတ်ဝင်ခန်းပုံတွေနဲ့ ပတ်သက်ပြီး အစ်မရဲ့ Facebook ကနေ ဖြေရှင်းမယ်လို့ လုပ်တော့တောင် သူက မတင်ပါနဲ့တဲ့။ ဘာလုပ်မှာလဲတဲ့။ လူတွေပိုပြီး ပြောလိမ့်မယ်တဲ့။ အဲ့ဒါကြောင့် အစ်မရဲ့ Facebook မှာ မတင်ဘဲ Instagram မှာပဲ တင်ခဲ့တာပါ။

**Voice: အစ်မရဲ့ သားနဲ့ သမီးကလည်း အရွယ်ရောက်နေပြီဆိုတော့ သူတို့ကရော ဘာပြောကြသေးလဲ။**

**KZCK:** သားနဲ့ သမီးကတော့ ပထမပိုင်းတော့ သိပ်မပြောဘူး။ နောက်ပိုင်းကျတော့ Facebook မှာ ရေးကြ၊ ပြောကြတာတွေက ဆိုးဆိုးလာတော့၊ အမေ့ဘက်က နည်းနည်းတော့ ပြောဖို့ လိုပြီထင်တယ်လို့တော့ သားက ပြောတယ်။ အစ်မ သမီးလေးကတော့ ငယ်သေးတော့ ဘာမှမပြောဘူး။ Facebook မှာကျတော့ ပရိသတ်အရမ်းများတဲ့အတွက် Instagram ကနေ ပြောလိုက်ပါ့မယ်ဆိုပြီး ပြန်ပြောရတယ်။

**Voice: အစ်မကို အားပေးနေတဲ့ ပရိသတ်တွေကို ပြောချင်တာတွေရှိရင် ဖြည့်စွက်ပြောပြပေးပါဦး။**

**KZCK:** ပရိသတ်တွေကို အစ်မပြောချင်တာကတော့ နားလည်ပေးပါလို့။ ဇာတ်ကားထဲမှာလည်း ပရိသတ်တွေ ထင်နေသလို ဆိုးဆိုးဝါးဝါး ဇာတ်ဝင်ခန်းတွေ မပါပါဘူးလို့ ပြောချင်ပါတယ်။ အစ်မရဲ့အနုပညာ သက်တမ်း အနှစ်နှစ်ဆယ်ကျော်မှာ ရိုးရိုးယဉ်ယဉ်ပုံစံမျိုးတွေပဲ ရိုက်ခဲ့တယ်။ ဒရာမာ ဇာတ်လမ်းတွေ အရိုက်များခဲ့တယ်။ အစ်မတို့ မင်းသမီးဆိုတာက ကျရာဇာတ်ရုပ်မှာ အကောင်းဆုံး သရုပ်ဆောင်ပြရတာပါ။ ပရိသတ်အတွက် ကာရိုက်တာပေါင်းစုံကို အစ်မ သရုပ်ဆောင်ပြချင်ပါတယ်။ အားပေးကြပါလို့ ပြောချင်ပါတယ်။

# One Lady Show ကို စိတ်လှုပ်ရှားစရာကောင်းအောင် ဖျော်ဖြေတင်ဆက်သွားမယ့် ဝိုင်းစုခိုင်သိန်း


ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

အချစ်သီချင်း အေးအေးလေးတွေနဲ့အတူ ထွက်သမျှသီချင်းတိုင်းမှာ ပရိသတ်အားပေးမှုရရှိထားတဲ့ တေးသံရှင် ဝိုင်းစုခိုင်သိန်းက မွေးနေ့ဖြစ်တဲ့ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာတော့ One Lady Show ကို ကျင်းပပြုလုပ်သွားမှာ ဖြစ်ပြီး ပရိသတ်တွေကို Surprise အစီအစဉ်တွေနဲ့အတူ စိတ်လှုပ်ရှားစရာကောင်းအောင် တင်ဆက်သွားမယ်လို့ The Voice ကို ပြောကြားပါတယ်။

" One Lady Show ကို ဝိုင်းစုရဲ့ မွေးနေ့မှာပဲ ပရိသတ်တွေက လုပ်စေချင်ကြတယ်။ အဲ့ဒါကြောင့် ပွဲတော်ရာသီရဲ့ပွဲတိုက်တွေ အများကြီး ကြားကနေ အရဲစွန့်ပြီးလုပ်ဖြစ်သွားတယ်။ ဝိုင်းစုက ကိုယ့်မွေးနေ့မှာ ပရိသတ်တွေအများကြီးနဲ့ မဖြတ်သန်းဖူးဘူးဆိုတော့ ပျော်ဖို့လည်း ကောင်းမှာပါ။ ဒီပွဲမှာ ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာကောင်းတဲ့ အစီအစဉ်တွေလည်း ပါဝင်ပါလိမ့်မယ်။ အထူးသဖြင့် မွေးနေ့ကိတ်ခွဲတာက အစပေါ့" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

One Lady Show မှာ Performance ပိုင်းကို ရှေ့ကပွဲတွေနဲ့ မတူအောင် ချပြသွားမှာဖြစ်ပြီး အကောင်းဆုံးနဲ့ အခမ်းနားဆုံးပွဲဖြစ်အောင် စတိတ်အပြင်အဆင်ကအစ သေချာလေးတည်ဆောက်သွားမှာဖြစ်ကြောင်း၊ လော လောဆယ်မှာတော့ ပွဲကျင်းပမယ့်နေရာကို မရွေးရသေးဘဲ ပရိသတ်တွေအကုန်လုံးနဲ့အဆင်ပြေမယ့်နေရာကို ရွေးချယ်သွားမှာဖြစ်ကြောင်း တေးသံရှင်ဝိုင်းစုခိုင်သိန်းက ပြောပါတယ်။

"ဝိုင်းစုအနေနဲ့ ဒီပွဲအတွက် Performance ပိုင်းကိုလည်း စဉ်းစားပြီးသွားပါပြီ။ အရင်ပွဲတွေထက် ပိုအားထည့်ထားတယ်ဆိုတာကိုတော့ ပွဲရောက်ရင် ပရိသတ်ကြီးမြင်ရမှာပါ။ သီချင်းအပုဒ်ရေကတော့ စုစုပေါင်းသုံးဆယ်ကနေ သုံးဆယ့်ငါးပုဒ်ကြားလောက်ဆိုသွားမယ်။ သီချင်းပုံစံတွေက အမြူးတွေများလောက်တယ်။ သီချင်းသုံးပုဒ်လောက်ကိုပေါင်းပြီး Remix လုပ်ထားတာ မျိုးတွေလည်း ပါမယ်" လို့ ၎င်းကပြောပါတယ်။

'ဂါ' MTV က သီချင်းသုံးပုဒ်သာရိုက်ဖို့ကျန်တော့တာကြောင့် နိုဝင်ဘာလလောက်မှာ ပရိသတ်လက်ထဲကို ထည့်ပေးနိုင်အောင် ကြိုးစားနေပြီး မကြာခင်ကထွက်ထားတဲ့ 'မယ်သီတာ' Mini Album MTV ကတော့ ထွက်ဖို့အချိန်ယူရဦးမှာဖြစ်ကြောင်း တေးသံရှင်ဝိုင်းစုခိုင်သိန်းက ဆိုပါတယ်။ ■

# တေးသီချင်းသစ် ထွက်ရှိလာတဲ့ ဗြိတိန်တေးသံရှင် အန်နီမာရီ


contactmusic.com

အသည်းကွဲပေါ့ပ်သီချင်း ခပ်ချိုချိုလေးတွေကို နှစ်သက်သူတွေကိုညွှန်ပေးချင်တာကတော့ ဗြိတိန် တေးသံရှင် အန်နီမာရီ ရဲ့ တေးသီချင်းသစ် Heavy ပဲဖြစ်ပါတယ်။

'ဘာကြောင့်များ ငါတို့ရဲ့ နက်ရှိုင်းတဲ့ ခံစားချက်တွေ ပျောက်ဆုံးနေရသလဲ။ တို့တစ်တွေ ခိုင်မာအားကောင်းခဲ့ပါတယ်။ ခုတော့များ ဂရုမစိုက်တော့သလို' ဆိုတဲ့ စာသားလေးနဲ့ဖွင့်ထားတဲ့သီချင်းက လမ်းခွဲရတဲ့ချစ်သူတွေရဲ့ခံစားချက်ကိုဖော်ပြထားတာပါ။

တေးဂီတဝန်ဆောင်မှု Spotify မှာ အဆိုပါသီချင်းကို နားဆင်သူပေါင်း တစ်သန်းကျော်သွားပြီလို့ အန်နီမာရီ က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဂုဏ်ယူစွာတင်ထားပါတယ်။

အသက် ၂၆ နှစ်အရွယ်သာ ရှိသေးတဲ့ တေးသံရှင်ဟာ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ တစ်ပုဒ်ချင်း သီချင်းများ ခပ်စိပ်စိပ်ထွက်လာပြီး ပရိသတ်နှစ်ခြိုက်မှုကို ရထားတာ ဖြစ်ပါတယ်။

ပေါ့ဂီတနဲ့ အီလက်ထရိုအကဂီတတွေကို တစိုက်မတ်မတ်သီဆိုနေပြီးတော့ တဖြည်းဖြည်း ထိပ်တန်းနေရာကို တက်လာနေပြီဖြစ်ပါတယ်။ အချစ်သီချင်းတွေ နဲ့ တေးဂီတမယ်လေးအဖြစ် ဖြတ်သန်းနေပေမယ့် တကယ်တော့ သူဟာ ကရာတေး အားကစားသမားတစ်ဦးလည်း ဖြစ်ပြီးတော့ ဆုတံဆိပ်ပေါင်းများစွာလည်း ရရှိခဲ့ဖူးပါတယ်။

အန်နီမာရီ ရဲ့ တေးသီချင်းသစ်နဲ့ အခြားတေးတွေကို ခံစားချင်တယ်ဆိုရင်တော့ တေးဂီတ အင်တာနက် စာမျက်နှာတွေမှာ ရှာဖွေနားဆင်နိုင်ပါတယ်။

# နိုင်ငံရေးအစိတ်စိတ်အမြွှာမြွှာ ကွဲနေသော ဂျာမနီတွင် မာကယ်လ် လက်တွဲဖော် ရှာဖွေ

**ဘာလင်၊ စက်တင်ဘာ ၂၇**

အဓိပတိမာကယ်သည် ဂျာမနီတွင် လှုပ်ခတ်သွားသော ရွေးကောက်ပွဲအပြီး အစိတ်စိတ် အမြွှာမြွှာကွဲနေသော နိုင်ငံရေးနယ်ပယ်၌ အင်အားကောင်းလာသော လက်ယာယိမ်းအုပ်စုကို မျှခြေထိန်းရာတွင် အထောက်အကူ ရစေရန် ကြိုးစားနေသည်ဟု AFP/CNA သတင်းတွင် ဖော်ပြထားသည်။

မာကယ်သည် ယခင် အမတ် ၃၀၉ နေရာမှ ၂၄၆ နေရာသို့ လျော့နည်းသွားခဲ့သော ဘန်ဒါစတက် အောက်လွှတ်တော်တွင် အစည်းအဝေး ပြုလုပ်ခဲ့သည်။

လွှတ်တော်တွင် သူမထံ ပထမဆုံးအနေနှင့် ရောက်ရှိလာသူများမှာ ဂျာမန်မီဒီယာများက လက်ယာယိမ်းဟု သတ်မှတ်ထားသော AfD ပါတီမှ အမတ် ၉၃ ဦးဖြစ်သည်။

AfD ပါတီ၏ဦးဆောင်အမတ်တစ်ဦးဖြစ်သူ အလက်ဇန်းဒါးဂေါင်လန်က "မဲဆွယ်မှုပုံစံက လွှတ်တော်ထဲက ပါတီနဲ့ မတူပါဘူး။ လွှတ်တော်ထဲမှာ ကျုပ်တို့အတွက် ကြီးမားတဲ့ဝတ္တရား ရှိနေပါတယ်" ဟု ပြောကြားသည်။

CDU မှ ခွဲထွက်လာခဲ့သူ ဂူလန်သည် ရွေးကောက်ပွဲ မတိုင်မီ မဲဆွယ်ရာတွင် ဒုတိယကမ္ဘာစစ်က နာဇီများကို ဂုဏ်ယူရမည်ဟူသော စကားလုံးများ ပြောဆိုကာ နှိုးဆွခဲ့သူဖြစ်သည်။

AfD ပါတီသည် မာကယ်လ်၏ အငယ်တန်းနိုင်ငံရေးမိတ်ဖက်များဖြစ်သော ကွန်ဆာဗေးတစ်များနှင့် ဆိုရှယ်ဒီမိုကရက်များထံမှ ထောက်ခံမှုကို ရယူနိုင်ခဲ့သည်။

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ငါးသန်းက လက်ရှိ အာဏာရပါတီများကို ကျောခိုင်းခဲ့ကြပြီး ၎င်းတို့အနက် ၁ ဒသမ ၅ သန်းက AfD ပါတီကို မဲပေးခဲ့ကြခြင်းဖြစ်သည်။

သဘောထားစစ်တမ်းများအရ အဆိုပါ မဲဆန္ဒရှင်များသည် ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းကို ဝင်ခွင့်ပေးခဲ့သော မာကယ်လ်၏လူဝင်မှုဆိုင်ရာ မူဝါဒကို အမျက်ထွက်နေကြသည်ဟု သိရှိရသည်။

ယခင်မဟာမိတ် SPD ပါတီက ထောက်ခံမှုနှုန်း ၂၀ ဒသမ ၅ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီးနောက် မာကယ်လ်ကို လက်တွဲဖြုတ်လိုက်သောအခါ သူမအတွက် ညွန့်ပေါင်းမဟာမိတ်ဖွဲ့ရေးမှာ ပိုမိုရှုပ်ထွေးလာခဲ့သည်။

စီးပွားရေးဦးစားပေး FDP ပါတီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး Greens ပါတီတို့နှင့် မဟာမိတ်ဖွဲ့ရေးမှာ ပိုမိုအန္တရာယ်များသည်ဟု ဝေဖန်သုံးသပ်သူများက မှတ်ချက်ပေးထားသည်။

ရွေးကောက်ပွဲကို နိုင်ငံရေးငလျင်လှုပ်မှုဟု တင်စားခဲ့သော ဘိုင်းလ်သတင်းစာက ပါတီခေါင်းဆောင်များသည် မာကယ်လ်၏ စတုတ္ထသက်တမ်းတွင် ပူးပေါင်းလုပ်ကိုင်ရေး အလားအလာကို တနင်္ဂနွေနေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးပြောဆိုခဲ့ကြသည်ဟု သတင်းဖော်ပြသည်။

Mainz တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာရှင် ဂျာဂင်ဖော်လ်တာက 'ဂျမေကာစုဖွဲ့မှုခေါ်သော မဟာမိတ်ဖွဲ့ရေးကိစ္စများတွင် ထောင်ချောက်မိုင်းများစွာရှိနေသည်' ဟု ပြောကြားသည်။

မာကယ်လ်၏ညီအစ်မ ပါတီဖြစ်သော CSU သည် ရွေးကောက်ပွဲတွင် ရှုံးပွဲတွေ့သွားပြီးနောက် လူဝင်မှုဆိုင်ရာ သဘောထား ပိုမိုတင်းမာလာဖွယ် ရှိနေသည်။ Greens နှင့် FDP တို့သည်လည်း အီးယူ ပိုမိုပေါင်းစည်းရေး၊ စစ်တပ်ဖြန့်ကြက်ရေး၊ ကားထုပ်လုပ်ရေးလုပ်ငန်း၏ ဒီဇယ်ပြဿနာ တို့အပေါ်တွင် သဘောထားအမြင် များစွာကွာဟနေသည်။

"မဟာမိတ်ဖွဲ့ရေး နည်းလမ်းတစ်ခုပဲရှိပြီး ပါတီငယ်တွေက နေရာပိုရလာတဲ့အတွက် ဆွေးနွေးမှုတွေမှာ သဘောကွဲလွဲမှုတွေ ကြီးထွားလာပါလိမ့်မယ်" ဟု ဖော်လ်တာက မှတ်ချက်ပေးသည်။

မာကယ်လ်က ခရစ္စမတ်ကာလတွင် အစိုးရအဖွဲ့သစ် အစားထိုးရန် မျှော်လင့်ကြောင်း ပြောကြားထားသော်လည်း လက်ယာယိမ်း ဒီးဝဲ့လ်ဇ် သတင်းစာကမူ ယခု အကျပ်အတည်းကြောင့် ရွေးကောက်ပွဲအသစ် ကျင်းပရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ■ F-04



AFP


VOA

# ၂၀၁၉ ခုနှစ်ကုန်ပိုင်းမှစ၍ အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိစေမည့် စီမံကိန်းကြီး စတင်ပြီဟု အိန္ဒိယဝန်ကြီးချုပ် ကြေညာ

**ဒေလီ၊ စက်တင်ဘာ ၂၇**

လာမည့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းကစပြီး အိန္ဒိယနိုင်ငံတစ်ဝန်းရှိအိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိနိုင်မည့် ဘီလီယံဒေါ်လာနှင့်ချီ တန်ဖိုးရှိသောစီမံကိန်းကြီးကို စတင်ပြီဖြစ်သည်ဟု အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ထုတ်ဖော်ပြောကြားလိုက်ကြောင်း VOA သတင်းဌာနကရေးသားဖော်ပြသည်။

လက်ရှိအိန္ဒိယနိုင်ငံတွင် အိမ်ထောင်စုသန်း ၄၀ ကျော်(နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုစုစုပေါင်း၏ လေးပုံတစ်ပုံ)နှင့် လူဦးရေ ၁ ဒသမ ၃ ဘီလီယံ၏ သန်း ၃၀၀ ကျော်ခန့်မှာ လျှပ်စစ်မီးမရရှိသောဘဝတွင် နေထိုင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအစိုးရအနေနှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ကာ လျှပ်စစ်မီးရရှိရေးအတွက် အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ပြီးအဆိုပါ စီမံကိန်းအတွက် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအသုံးပြုသွားမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်မိုဒီကပြောကြားသည်။

ယင်းစီမံကိန်းအရ လျှပ်စစ်မီးမရရှိသော အိမ်ထောင်စုများအတွက် လျှပ်စစ်မီးသွယ်တန်းမှုကို အခမဲ့လုပ်ဆောင်ပေးသွားမည်ဖြစ်သည်ဟု မိုဒီကဆိုသည်။

"ဆင်းရဲနွမ်းပါးတဲ့သူတွေရဲ့ အိမ်ထောင်စုတွေအားလုံး လျှပ်စစ်မီးရရှိရေးအတွက် အခကြေးငွေကောက်ခံမှာမဟုတ်ပါဘူး" ဟု အဆိုပါ လျှပ်စစ်စီမံကိန်းစတင်ဖွင့်လှစ်သည့် အခမ်းအနားတွင် ဝန်ကြီးချုပ်မိုဒီကပြောကြားသည်။

ယင်းစီမံကိန်းကြီးကို အိန္ဒိယဖက်ဒရယ်အစိုးရက ငွေကြေးပံ့ပိုးပေးမည်ဖြစ်ပြီး နိုင်ငံပိုင် လျှပ်စစ်တပ်ဆင်ရေးကော်ပိုရေးရှင်းက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု အစိုးရကဆိုသည်။

စီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် ဝေးလံခေါင်သီသည့် ဒေသရှိမြို့နှင့်ကျေးရွာများသို့ လျှပ်စစ်မီးသွယ်တန်းရာ၌ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ ယင်းကဲ့သို့ ဒေသများရှိအိမ်ထောင်စုများကို ဆိုလာပါဝါပြားများကို ဘက်ထရီနှင့်အတူ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်ဟု အိန္ဒိယအစိုးရက ဆိုထားသည်။

နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ ပြည်နယ်အသီးသီးတွင် ကြွေးမြီများတင်ရှိနေသော လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီများအနေနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများကို လျှပ်စစ်ဓာတ်အားဝယ်ယူကာ ဖြန့်ဖြူးပေးနိုင်ရေးပင်ဖြစ်သည်။

အိန္ဒိယလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၏ ဒါရိုက်တာအရှုပ်ကုနာရာက အစိုးရအနေနှင့် ယင်းသို့သော ကုမ္ပဏီများ ဘဏ္ဍာရေးအခြေအနေတိုးတက်ကောင်းမွန်အောင် မဖြစ်မနေဖန်တီးပေးရန် လိုအပ်ကြောင်း၊ သို့မှသာအစိုးရ၏ စီမံကိန်းကြီး အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ■ F-04

# ဆော်ဒီအာရေဗျတွင် အမျိုးသမီးများ ကားမောင်းနှင်ခွင့်ရရှိ

**ရီယတ်ဒ်၊ စက်တင်ဘာ ၂၇**

ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသမီးများ မော်တော်ယာဉ်မောင်းနှင်ခွင့် ကန့်သတ်ပိတ်ပင်ထားမှုကို ဆော်ဒီဘုရင်ဆော်လမန်က အမိန့်ဒီကရီတစ်ရပ် ထုတ်ပြန်ကာ ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

ပင်လယ်ကွေ့ဒေသဘုရင်နိုင်ငံဖြစ်သော ဆော်ဒီအာရေဗျသည် အမျိုးသမီးများ မော်တော်ယာဉ်မောင်းနှင်ခွင့်ကို ပိတ်ပင်သည့် တစ်ခုတည်းသောနိုင်ငံဖြစ်ခဲ့သည်။

လက်ရှိအချိန်အထိ အမျိုးသားများကိုသာ ယာဉ်မောင်းလိုင်စင်များထုတ်ပေးလျက်ရှိပြီး အများပြည်သူများအကြား အမျိုးသမီးများ မော်တော်ကားမောင်းသည်ကို စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးခြင်းသို့မဟုတ် ဒဏ်ငွေချမှတ်ခံရခြင်းနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

ယခုလို အမျိုးသမီးများ မော်တော်ကား မောင်းနှင်ခွင့်ပြုလိုက်ခြင်းနှင့်ပတ်သက်၍ အပေါင်းလက္ခဏာဆောင်သော လုပ်ရပ်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများက ဆော်ဒီအာရေဗျကို ချီးမွမ်းပြောဆိုကြသည်။

အမျိုးသမီးများ မော်တော်ကားမောင်းနှင်ခွင့်ရရှိရေးအတွက် တက်ကြွလှုပ်ရှားခဲ့သူ မစ္စဆာဟာနာဆစ်က "အရမ်းကို ခုန်ပေါက်ချင်လောက်အောင် စိတ်လှုပ်ရှားတယ်" ဟု ပြောကြားသွားသည်။

"ကျွန်မစိတ်ကူးယဉ်အိပ်မက်ထဲက ကားလေးကိုဝယ်တော့မယ်။ Mustang အမျိုးအစား အမိုးဖွင့်ကားလေးပေါ့၊ အနက်ရောင် ဒါမှမဟုတ် အဝါရောင်ဖြစ်မယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုဆိုင်ရာ ဆော်ဒီအာရေဗျ သံအမတ်ကြီး ခါလစ်ဘင်ဆာလ်မန်က အမျိုးသမီးများအနေနှင့် ယာဉ်မောင်းသင်မည့်ကိစ္စတွင် အမျိုးသားများ၏ ခွင့်ပြုချက်ရယူရန် မလိုအပ်ကြောင်း၊ ၎င်းတို့အနေနှင့် ကြိုက်နှစ်သက်ရာမည်သည့်နေရာသို့မဆို မော်တော်ယာဉ်ဖြင့် မောင်းနှင်သွားလာနိုင်တော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ယင်းကိစ္စသည် သမိုင်းတွင်သည့် ဖြစ်ရပ်ဖြစ်ပြီး မှန်ကန်သောအချိန်တွင် ချမှတ်သော မှန်ကန်သည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လူ့အခွင့်အရေးအုပ်စုများသည် အမျိုးသမီးများ မော်တော်ကားမောင်းနှင်ခွင့်ရရှိရေးအတွက် နှစ်ပေါင်းများစွာ လှုံ့ဆော်မှုများပြုလုပ်ခဲ့သည်။ မော်တော်ကားမောင်းနှင်ခဲ့သော ဆော်ဒီအမျိုးသမီးအချို့မှာ ဖမ်းဆီးထောင်ချခံခဲ့ရသောကြောင့်ဖြစ်သည်။

ဆော်ဒီအာရေဗျတွင် အဆိုပါဥပဒေကြောင့် ယခင်က မိသားစုအတော်များများသည် ဇနီး၊ သမီးနှင့် အမျိုးသမီးဆွေမျိုးများသွားလာရေးအတွက် ယာဉ်မောင်းများ ငှားရမ်းခန့်အပ်ခဲ့ကြရသည်။ ■ F-01

# ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်းလတ်ကို တာဝန်ပျက်ကွက်မှုဖြင့် တရားရုံးတော်က ထောင်ဒဏ် ငါးနှစ်ချမှတ်

**ဘန်ကောက်၊ စက်တင်ဘာ ၂၇**

ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်းလတ်ရှင်နာဝပ်သည် အငြင်းပွားဖွယ် ဆန်စပါးအစီအစဉ်တွင် တာဝန်ပေါ့လျော့၊ ပျက်ကွက်ခဲ့ကြောင်း ပြစ်မှုထင်ရှားခြင်းကြောင့် ထောင်ဒဏ်ငါးနှစ် ကျခံစေရန် ထိုင်းတရားရုံးတော်က ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြထားသည်။

မစ္စယင်းလတ်သည် ယခုအခါ ပြည်ပနိုင်ငံတစ်နိုင်ငံ၌ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး တရားခွင်သို့လာရောက်ရန် ပျက်ကွက်နေသော်လည်း တရားရုံးတော်က ယင်းသို့ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။

ထိုင်းအစိုးရက စရိတ်ကျခံပေးရသည့် အငြင်းပွားဆန်စပါးအစီအစဉ်တွင် မှားယွင်းမှုများရှိနေသည်ကို မစ္စယင်းလတ်က ကောင်းစွာသိရှိခဲ့သော်လည်း အဆိုပါအစီအစဉ်အတွက် တစ်စုံတစ်ရာပြင်ဆင်ပေးခဲ့ခြင်းမရှိဟု တရားရုံးတော်မှ တရားသူကြီးများက ပြောကြားသည်။

"စွပ်စွဲခံရသူ မစ္စယင်းလတ်ရှင်နာဝပ်သည် အစိုးရအချင်းချင်းချုပ်ဆိုသည့် ဆန်စပါးကန်ထရိုက်သည် တရားဥပဒေနှင့် ကိုက်ညီမှုမရှိမှန်းသိရှိခဲ့သည်။ သို့သော် ယင်းအစီအစဉ်ကို တစ်စုံတစ်ရာအကာအကွယ်မပေးခဲ့ပေ"ဟု တရားရုံးတော်က ကြေညာချက်ထုတ်ပြန်သည်။

'ယင်းလုပ်ရပ်သည် တရားဥပဒေနှင့် မညီသော အကျိုးအမြတ်ရှာဖွေသည့် အပြုအမူဖြစ်သည်။ သို့အတွက်ကြောင့် စွပ်စွဲခံရသူ မစ္စယင်းလတ်၏လုပ်ရပ်ကို တာဝန်ပျက်ကွက်မှုအဖြစ် မှတ်ယူသည်' ဟုလည်း ကြေညာချက်က ဖော်ပြသည်။

အဆိုပါအမှုအတွက် ကြားနာစစ်ဆေးခဲ့သည့်ရုံးချိန်းများတွင် ဝန်ကြီးချုပ်ဟောင်းယင်းလတ်က ၎င်းအနေနှင့် အဆိုပါအစီအစဉ်ကို နေ့စဉ်နှင့်အမျှတာဝန်ယူ လုပ်ဆောင်ပေးရသူမဟုတ်ကြောင်း၊ ယခုအမှုတွင် မိမိသည် နိုင်ငံရေးဖိနှိပ်မှု၏ သားကောင်တစ်ဦးသာဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဘန်ကောက်အခြေစိုက် BBC သတင်းထောက် ဂျိုနသန်ဟက်ဒ်က ယခုအမှုတွင် မစ္စယင်းလတ်ကို အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တရားရုံးတော်က တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ကြောင်း ပြောကြားသည်။

မစ္စယင်းလတ်ရှင်နာဝပ်သည် ပြီးခဲ့သည့်လက ထိုင်းနိုင်ငံမှ ပဟေဠိဆန်ဆန်ပျောက်ဆုံးသွားခဲ့ပြီး အချို့ကမူ သူမ၏ အစ်ကိုကြီးနေထိုင်လျက်ရှိသည့် ဒူဘိုင်းနိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်နိုင်သည်ဟု ထင်ကြေးပေးလျက်ရှိသည်။ ■ F-01


Reuters


AfD ပါတီထူထောင်သူ Reuters

# ဂျာမနီတွင် အမျိုးသားရေးဝါဒီများ ခေါင်းထောင်လာမှုကြောင့် အစ္စရေး ရတက်မအေးနိုင်

**ဂျေရုဆလင်၊ စက်တင်ဘာ ၂၇**

ဂျာမနီရွေးကောက်ပွဲများတွင် လက်ယာယိမ်း အမျိုးသားရေးဝါဒီများ အနိုင်ရရှိမှုကြောင့် အစ္စရေးတို့ စိုးရိမ်သောကနှင့် သည်းခံမှုအကြား ဗျာများနေသည်ဟု AFP/CNAသတင်းတွင်ဖော်ပြထားသည်။

ဝန်ကြီးချုပ် နေတန်ညာဟုက တနင်္ဂနွေနေ့ ရွေးကောက်ပွဲတွင် စတုတ္ထမြောက် သက်တမ်းအတွက် အနိုင်ရရှိသွားသော အဓိပတိမာကယ်လ်ကို ဂုဏ်ပြုခဲ့ပြီး ဂျာမနီတွင် ဂျူးဆန့်ကျင်ရေးဝါဒ ကြီးထွားလာမှုကို စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သော်လည်း AfD ပါတီ၏အမည်ကိုမူ ပြောကြားခြင်း မပြုခဲ့ပေ။

မကြာသေးမီ နှစ်ပိုင်းများတွင် လက်ယာနှင့်လက်ဝဲအုပ်စုများ၊ အစ္စလာမ်အစွန်းရောက်အုပ်စုများ၏နိုင်ငံရေး အသိုင်းအဝိုင်းများထံမှ ဂျူးဆန့်ကျင်ရေးဝါဒ ကြီးထွားလာမှုအပေါ် အစ္စရေးက စိုးရိမ်နေသည်ဟု နေတန်ညာဟု၏ရုံးက ထုတ်ပြန်သည်။

အတိတ်က လူအမြောက်အမြား သတ်ဖြတ်မှုများအပေါ် သမိုင်းကြောင်းအရ တာဝန်ရှိမှုကို လက်ခံသည့် အင်အားစုများအားကောင်းအောင် လုပ်ဆောင်ရန် နာတန်ရာဟူက ဂျာမန်အစိုးရသစ်ကို တိုက်တွန်းသည်ဟုလည်း ၎င်း၏ရုံးက ပြောကြားသည်။

ဟစ်တလာ၏အော့စဝစ်နှင့် ဆက်ဆန်ဟော့ဆန် အကျဉ်းစခန်းများမှ အသက်ရှင်လွတ်မြောက်ခဲ့သော အစ္စရေးများက ဒုတိယကမ္ဘာစစ်နောက်ပိုင်း အမြင့်ဆုံးအဖြစ် AfD ပါတီက ၁၃ ရာခိုင်နှုန်း အနိုင်ရခဲ့ခြင်းကြောင့် တုန်လှုပ်ကာ စိုးရိမ်မိကြောင်း ပြောကြားကြသည်။

ရွေးကောက်ပွဲ ရလဒ်များအရ မာကယ်လ်၏ CDU/CSU နှင့် အတိုက်အခံ ဆိုရှယ်ဒီမိုကရက်များ၏ နောက်တွင် AfD ပါတီသည် လွှတ်တော်တွင် တတိယမြောက် အင်အားအကြီးဆုံး အုပ်စုဖြစ်လာခဲ့သည်။

အသက် ၈၆ နှစ်အရွယ် အစ္စရေးအဖွားအို ဘာသီဘာဒီဟီက သူမ ကလေးဘဝက ဂျာမန်စစ်သားများနှင့် ပထမဆုံးကြုံတွေ့ရစဉ် ခံစားခဲ့ရသော စိုးရိမ်စိတ် ပြန်ပေါ်လာခဲ့သည်ဟု မှတ်ချက်ပေးသည်။

၁၉၉၃ မှ ၁၉၉၉ ထိ ဂျာမနီဆိုင်ရာ အစ္စရေးသံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူ အေဗီပရီမိုက 'ဂျာမနီတွင် AfD ပါတီအပေါ် ထောက်ခံမှု ကြီးထွားလာခြင်းသည် နိုင်ငံရေးပင်မရေစီးကြောင်းအပေါ် တစ်ကမ္ဘာလုံးက အမြင်ပြောင်းလာခြင်းကို ထင်ဟပ်နေကြောင်း၊ အမေရိကတွင် ဒေါ်နယ်ထရမ့်ကို အာဏာရစေခဲ့သော အလားတူ စိတ်ပျက်စရာကိစ္စများသည် အနောက်ကမ္ဘာတစ်ခုလုံးသို့ မြန်ဆန်စွာချဉ်းကပ်လာနေကြောင်း၊ AfD ပါတီတွင် နာဇီလက်သစ်များ ရှိသော်လည်း ပါတီကို မဲပေးခဲ့သူ အများစုမှာ နာဇီအမြင်ကို ပြသခဲ့ခြင်းမဟုတ်ကြောင်း' မာရစ်နေ့စဉ် သတင်းစာတွင် ရေးသားခဲ့သည်။

နယူးယောက် အခြေစိုက် ကမ္ဘာ့ဂျူးလူမျိုးများကွန်ဂရက် WJC ကလည်း ကမ္ဘာအနှံ့တွင် ဂျူးဆန့်ကျင်ရေးဝါဒ ကြီးထွားလာကြောင်း သတိပေး ပြောကြားထားသည်။

လက်ယာစွန်းအမြင်ရှိသူများ ပါဝင်ကာ လူမျိုးရေးမုန်းတီးမှုကို ထုတ်ဖော်လေ့ရှိသော ပါတီတစ်ခု လွှတ်တော်အတွင်းသို့ ဝင်ရောက်လာခြင်းသည် ၁၉၄၉ ခုနှစ် ဖက်ဒရယ်ရီပတ်ဘလစ် ထူထောင်ပြီးနောက်ပိုင်း ဂျာမနီအတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်သည်ဟု ဂျာမနီရှိ ဂျူးဗဟိုကောင်စီက ပြောကြားသည်။

အစ္စရေးလေဘာပါတီ ခေါင်းဆောင်ဟောင်း အေမားရ်ပီရက်စ်ကလည်း လွှတ်တော်အတွင်းသို့ လူမျိုးရေးနှင့် ဂျူးဆန့်ကျင်ရေးပါတီ ဝင်ရောက်လာခြင်းသည် ဂျာမန်ဒီမိုကရေစီအတွက် အမှောင်ဖုံးသောနေ့ဖြစ်ကြောင်း မှတ်ချက်ပေးသည်။

သို့ရာတွင် AfD ပါတီ၏ နံပါတ်နှစ်ခေါင်းဆောင် အလက်ဇန်းဒါးဂေါ်လန်က "ဂျာမနီမှာ နေထိုင်တဲ့ ဂျူးလူမျိုးတွေစိတ်ပူစရာ အစီအစဉ် တစ်ခုတလေမှ ကျုပ်တို့ ပါတီမှာ မရှိပါဘူး" ဟု အာမခံပြောဆိုသည်။

သို့ရာတွင် ဂျာမနီ၏ ပေါင်းစည်းရေးကော်မရှင်နာမင်းကြီးဟောင်း တူရကီနွယ်ဖွား အိုင်ဒန်အိုဇိုဂပ်ဇ်ကိုမူ အန်နက်တိုလီယာဟုခေါ်သော တူရကီနယ်မြေသို့ စွန့်ပစ်ရမည်ဟု အလက်ဇန်းဒါးဂေါ်လန်က ခပ်ကြမ်းကြမ်း ပြောဆိုထားသည်။ ■ F-04

**ကျော်ဖုံး - ရွှေဝါရောင်တော်လှန်ရေးမှ သမိုင်းဝင် ပုလစ်ဇာဆုရ ဓာတ်ပုံတစ်ပုံ၏နောက်ကွယ် မှအဆက်**

ကျလာပြီလို့ ခံစားရတဲ့အချိန်မှာ နောက်ဖေးလမ်းကြားတွေနဲ့ ရထားလမ်းကနေ ဟိုတယ်ကို ပြန်လာခဲ့တယ်။

အစောပိုင်း ကျွန်တော်ပုံစာထိုးတော့ 'စက်တင်ဘာလ ၂၇ ရက်နေ့၊ ၂၀၀၇ ခုနှစ်၊ ရန်ကုန်မြို့လယ်တွင် ထောင်နှင့်ချီသော ဆန္ဒပြသူများအား ရဲနှင့်စစ်ဘက်တာဝန်ရှိသူများက ပစ်ခတ်ပြီးနောက် လူအုပ်ရှိရာသို့ ချီတက်လာချိန်တွင် ထိခိုက်ဒဏ်ရာရသူတစ်ဦးက ဓာတ်ပုံရိုက်ရန်ကြိုးစားနေစဉ်' လို့ ရေးလိုက်တယ်။ ပထမထင်တာက သူ အနင်းခံလိုက်ရတယ်ပဲ ထင်တာ၊ သူ သေတယ်လို့ မသိဘူး။

ဓာတ်ပုံနှစ်ပုံမှာ ဒီလူ့မျက်နှာပါတယ်။ နာရီပိုင်းကြာတော့ ဂျပန်ကသူ့လုပ်ဖော်ကိုင်ဘက်တွေက ဒါဟာဂျပန်ဗီဒီယိုဂျာနယ်လစ် ခန်းဂျိနာဂအိုပဲလို့ အတည်ပြုခဲ့တယ်။

ဒီပုံတွေဟာ အမေရိကန်နဲ့ ကမ္ဘာတစ်လွှားက သတင်းစာမျက်နှာဖုံးတွေမှာ လွှမ်းမိုးခဲ့တယ်။ ဂျပန်မှာ ကျင်းပတဲ့ နာဂအိစျာပနမှာ ဒီဓာတ်ပုံကိုကိုင်ဆောင်ခဲ့ကြပြီး အဲဒီဖြစ်စဉ်ကြောင့် လူထုမကျေနပ်မှုတွေဖြစ်တဲ့အတွက် ဂျပန်ကစစ်အစိုးရအပေါ် အကူအညီပေးတာတွေ လျှော့ချခဲ့ရတယ်။ ■ F-03

## မှုခင်းသတင်းတိုများ

■ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတောလမ်းနှင့် ပုသိမ်လမ်းထောင့်တွင် စက်တင်ဘာလ ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်က မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၁၉ နှစ်နှင့် ၁၈ နှစ်အရွယ် အမျိုးသား နှစ်ဦးကို ရှာဖွေရာ ကော်ဖီမှုန့် လေးဘူး၊ လက်ဆွဲအိတ် တစ်လုံး၊ မျက်နှာသစ်ဆေးနှစ်ဘူးတို့အားတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြပြောဆိုနိုင်ခြင်းမရှိသဖြင့် ယင်းမြို့မရဲစခန်းရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပြည်လမ်း၊ မြန်မာဂေါက်ကလပ် အလုပ်သမားနားနေဆောင်တစ်ခုတွင် စက်တင်ဘာလ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

■ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၆၀)ရပ်ကွက်၊ ရတနာလမ်းအတိုင်း သာကေတဘက်မှ ဒဂုံဆိပ်ကမ်းဘက်သို့ မောင်းနှင်လာသော Hijet အဖြူရောင်ယာဉ်တစ်စီးသည် ရှေ့လီလမ်းထိပ်အကျော်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရပ်ထားသည့် အဖြူရောင် ၂၂ ဘီးကုန်တင်ယာဉ်တစ်စီးကို ဝင်တိုက်ရာ ယာဉ်နှစ်စီး ပျက်စီး၍ အသက် ၃၀ အရွယ် Hijet ယာဉ်မောင်းအမျိုးသားမှာ ပေါက်ပြဲပွန်းပဲ့ဒဏ်ရာများရရှိကာ မြောက်ဥက္ကလာပမြို့နယ်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားသည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၇)ရှိနေအိမ်တစ်လုံးတွင် စက်တင်ဘာလ ၂၆ ရက် ညနေ ၅ နာရီ ခန့်က စိတ်ကျန်းမာရေးမကောင်းဖြစ်နေသည်ဟုဆိုသော အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး နေအိမ်ရှေ့ခန်း၌ ပြင်ပဒဏ်ရာမတွေ့ရဘဲ ကြိုးဆွဲချသေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ယင်းမြို့နယ်ပြည်သူ့ ဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းက သေမှုသေခင်း ဖွင့်စစ်ဆေးနေသည်။

■ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေအရှေ့(၄)လမ်းရှိ တိုက်ခန်းလှေကားတစ်ခုတွင် စက်တင်ဘာလ ၂၆ ရက် မွန်းလွဲ ၃ နာရီခန့်က လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၄၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

J 16

The VOICE Daily CARTOON



# မှတ်ပုံတင်၊ သန်းခေါင်စာရင်းအတုဖြင့် ပတ်စ်ပို့လာလျှောက်သည့် တရုတ်နိုင်ငံသားတစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မှတ်ပုံတင်၊ သန်းခေါင်စာရင်းအတုဖြင့် ပတ်စ်ပို့လာရောက်လျှောက်ထားသည့် တရုတ်နိုင်ငံသားတစ်ဦးကို စက်တင်ဘာလ ၂၅ ရက်နေ့က မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံးတွင် ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ် ဖွဲ့ထံမှ သိရသည်။

တရုတ်နိုင်ငံတွင်နေထိုင်သူ အသက် ၃၉ နှစ်အရွယ် Mr. Zheng Zuchao သည်စက်တင်ဘာလ ၂၅ ရက်နေ့က မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံး(ရန်ကုန်)သို့ ရောက်ရှိကာ ကျိုင်းကျူးကျော်အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/မခတ(နိုင်)၀၀ ၂၉၈ နံပါတ်ဖြင့် မှတ်ပုံတင်၊ သန်းခေါင်စာရင်း အတုပြုလုပ်ကာ လာရောက်လျှောက်ထားစဉ် ဖမ်းဆီးရရှိခဲ့ခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

"သူက တရုတ်နိုင်ငံသားပါ၊ လာအိုနိုင်ငံကနေ တာချီလိတ်ကို တရားမဝင်လမ်းကြောင်းကနေ လာတယ်၊ အဲဒီကနေ လေယာဉ်နဲ့ ရန်ကုန်ကိုရောက်လာတာ၊ မြန်မာစကားလည်းမတတ်ဘူး၊ စကားပြန် ကောင်မလေးတစ်ယောက် ပါတယ်၊ မှတ်ပုံတင်က ရှမ်းပြည်နယ်၊ မြို့နယ်တစ်ခုကပါ၊ ဗဟန်းမြို့မရဲစခန်းက လဝက ကနေ အမှုဖွင့်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

မှတ်ပုံတင်၊ သန်းခေါင်စာရင်းအတုဖြင့် ပတ်စ်ပို့လာရောက် လျှောက်ထားသည့် တရုတ်နိုင်ငံသားကို ဘာသာပြန်အဖြစ် ဆောင်ရွက်ပေးသူမှာ ကျောက်မဲမြို့၊ အမှတ်(၂)ရပ်ကွက်တွင်နေထိုင်သူ အသက် ၂၆ နှစ်အရွယ် မကြယ်တီအောင်ဖြစ်ပြီး ၎င်းတို့နှစ်ဦးကိုဥပဒေအရ အရေးယူပေးရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးရဲစိုးမြင့်က တိုင်ကြားခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းက (ပ) ၄၁၉/၁၇၊ ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၁၃(၁)/၁၃(၅) ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း ရဲစခန်းထံမှ သိရသည်။ ■

J 16

# ငွေလဲကောင်တာဆိုင်ထဲ သေနတ်ပစ်ဖောက် လုယက်ရန် ကြံစည်မှု တရားစွဲဆို

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း အိုးရှင်းစင်တာရှေ့ရှိ Farmer Money Changer ဆိုင်ထဲတွင် သေနတ်ပစ်ဖောက်ပြီး ငွေများ လုယက်ရန် ကြံစည်ခဲ့သူနှင့် ယင်းအမှုမှ ပါဝင်ပတ်သက်သူ စုစုပေါင်း လေးဦးကို စက်တင်ဘာလ ၂၇ ရက်နေ့က မရမ်းကုန်းမြို့နယ်တရားရုံးတွင် ပုဒ်မလေးခုဖြင့် စတင်တရားစွဲဆိုခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

ယခုနှစ် ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းက မော်တော်ယာဉ်နှင့် လူများ ဥဒဟို သွားလာနေသည့် ပြည်လမ်းဘေးရှိ ငွေလဲကောင်တာဆိုင်တွင် မျက်နှာဖုံးများ တပ်ဆင်ထားသည့် အမျိုးသားနှစ်ဦးက ၎င်းတို့၏ ဒေါ်လာ ၃၀ အား မြန်မာငွေဖြင့် လာရောက်လဲလှယ်စဉ် အသင့်ပါလာသည့် သေနတ်ဖြင့် ကျည်တစ်ချက် ပစ်ဖောက်ပြီး ငွေများ လုယက်ရန် ကြံစည်ခဲ့သည်။

ယင်းနောက် အဆိုပါနှစ်ဦးက ဆိုင်ကယ်ဖြင့် မောင်းပြေးခဲ့ပြီး ရဲတပ်ဖွဲ့က အမြန်ဆုံးဖမ်းဆီးအရေးယူနိုင်ရန် စုံစမ်းရှာဖွေခဲ့ရာ တစ်လအကြာတွင် သေနတ်ပစ်ဖောက်ပြီး လုယက်မှု ကျူးလွန်ရန် ကြံစည်ခဲ့သူ နှစ်ဦးနှင့် ယင်းသေနတ်အား ဝယ်ပေးခဲ့သူ နှစ်ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ငွေလဲကောင်တာဆိုင်ထဲ လုယက်မှု ကြံစည်ခဲ့သူနှစ်ဦးမှာ ပြည့်ဖြိုးသူ(ခ) ပြည့်သူနှင့် ကျော်ကျော်ခိုင်(ခ) ကျော်ခိုင်တို့ဖြစ်ပြီး ပစ္စတိုသေနတ်ကို ဝယ်ပေးခဲ့သူ စောမြတ်သူ(ခ) မြတ်သူနှင့် မင်းဟန်တို့အား ရာဇသတ်ကြီး ပုဒ်မ ၃၀၇/၃၉၃/၄၂၇/၁၁၄ တို့ဖြင့် တရားစွဲဆိုထားပြီး လာမည့် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ယင်းအမှုမှ တရားလိုဖြစ်သူကို စတင်စစ်ဆေးမည်ဖြစ်ကြောင်း မရမ်းကုန်းမြို့နယ် တရားရုံးထံမှ စုံစမ်းသိရှိရသည်။

■ S-03

# လှိုင်တက္ကသိုလ်နယ်မြေတွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

လှိုင်တက္ကသိုလ်နယ်မြေထဲတွင် စက်တင်ဘာလ ၂၆ ရက် ည ၁၀ နာရီခန့်က ICE ဟုယူဆရသော မူးယစ်ဆေးဝါးများနှင့်အတူ အသက် ၂၄ နှစ်နှင့် ၃၃ နှစ်အရွယ် အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိခဲ့သူနှစ်ဦးမှာ လှိုင်မြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်တွင်နေထိုင်သူ အသက် ၃၃ နှစ်အရွယ် ဇာနည်စိုး(ခ)ညီညီနှင့် အမှတ် ၁၄ ရပ်ကွက်တွင်နေထိုင်သူ အသက် ၂၄ နှစ်အရွယ်နိုင်ဝင်းတို့ဖြစ်ပြီး လှိုင်တက္ကသိုလ်နယ်မြေ(၂)ပတ်လမ်း၊ ယာဉ်မောင်းသင်တန်းဝင်းအတွင်းတွင် လှည့်ကင်းမီးတန်းယာဉ်အဖွဲ့မှ ဖမ်းဆီးရှာဖွေခဲ့ရာ သိုင်းလွယ်အိတ်အတွင်းမှ ပလတစတစ်အကြည်ဖြင့် ထည့်ထားသော ICE ဟု ယူဆရသည့် မူးယစ်ဆေးဝါးများနှင့် သုံးစွဲရာတွင် အသုံးပြုသောပစ္စည်းများကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"လှည့်ကင်းမီးတန်းယာဉ်နဲ့လှည့်တဲ့အချိန်မှာ မသင်္ကာဖွယ်တွေ့လို့ စစ်ဆေးခဲ့တာ၊ သူတို့လွယ်အိတ်ထဲကနေ မူးယစ်ဆေးတွေ၊ သုံးစွဲတဲ့ပိုက်တွေ၊ မီးခြစ်တွေ တွေ့တယ်၊ အဲဒါကြောင့် ရှာဖွေပုံစံနဲ့သိမ်းဆည်းပြီး အမှုဖွင့်အရေးယူခဲ့တာ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၁ နဲ့ အရေးယူထားပါတယ်"ဟု လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ လှည်းကူးမြို့နယ်၊ အမှတ်(၃)လမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စက်တင်ဘာလ ၂၆ ရက် နံနက် ၂ နာရီခန့်က ပဲခူးဘက်မှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော ၁၂ဘီးကုန်တင်ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးလွယ်ထားသည့် ရှမ်းလွယ်အိတ်တစ်လုံးအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

■ J 16

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၇၂)

**မမ္မဒူတအရှင်ဆေကိန္ဒ**

စစ်ကိုင်းမှာ သင်္ဘောဆိုက်တာ နည်းတယ်၊အရှောက်မှာ မန္တလေးအမရပူရမှာပဲ ဆိုက်တာများတယ်။ မြင်တော့ မြင်နေပါတယ်။ အထက်ချည်းပဲ ဦးခေါင်းထားတာတော့ မြင်နေတယ်။ သိပ်သတိမထားမိဘူး။ ဆယ်တန်းအောင်တဲ့အရွယ် ဆယ်တန်းစာမေးပွဲ ဖြေပြီးတဲ့အရွယ် သွားတာဆိုတော့ အကုန်လုံးလိုက်လေ့လာနေတာ။ ခွာပုံကအစ ကြိုးသိမ်းပုံကအစ အသာလေး ချောင်းကြည့်နေတာ။ သံတန်းလေး ကိုင်ပြီးတော့။ ဪ သင်္ဘောဆိုတာ ဒီလိုလုပ်ရတယ်။ သင်္ဘောဆိုတာ ဒီလို လုပ်ရတယ်။ ကိုယ်က အဲဒါတစ်ခုကတော့ ရှိတယ်။ ဘုန်းဘုန်း ဘာလို့ လိုက်ကြည့်နေတာလဲဆို ဘုန်းဘုန်း ဘာလို့လိုက်မှတ်နေတာတုံးဆိုရင် ဘုန်းဘုန်းတို့ မိဘတွေက ချမ်းသာဖူးတယ်။ ချမ်းသာဖူးရာကနေ မွဲသွားတယ်။ အကြောင်းတစ်ခုကြောင့် မွဲသွားတယ်။ အဲဒီတော့ ချမ်းသာလည်း စံစားဖူးတယ် ဆင်းရဲတာလည်း ခံစားဖူးတော့ ဆင်းရဲမှာတအားစိုးတာ။ တအားစိုးတော့ အလုပ်လုပ်ရင်တော့ ပိုက်ဆံရတယ်။ ပိုက်ဆံရှိရင်တော့ ချမ်းသာတယ်။ မဆင်းရဲဘူး။ မဆင်းရဲအောင် ပိုက်ဆံရှိရမယ်။ ပိုက်ဆံရှိအောင် အလုပ်လုပ်ရမယ်။ အလုပ် ဘယ်အလုပ် လုပ်မှာတုံးဆို ဘုန်းဘုန်း မြင်သမျှ အလုပ်ကို မျက်စိနဲ့ လိုက်သင်တာပဲ။ ကြားသမျှ အလုပ်ကိုလည်း နားနဲ့လိုက်သင်တာပဲ။

အခုလည်းပဲ အဲဒီတုန်းက ဖြစ်တဲ့စိတ်ကလေး မှတ်မိသေးတယ်။ ငါ အလုပ်မရှိ အကိုင်မရှိ သင်္ဘောတက်ရရင် သင်္ဘောလိုက်ရရင် လုပ်တတ်အောင် ခုကတည်းက ကြည့်ထားမှပဲဆို အဲလိုကြည့်တာ ဘုန်းဘုန်းက။ ကြိုးဖြုတ်ပုံ။ အပေါ်ကနေ ကြည့်တာပေါ့။ သိပ်လည်း လွတ်လွတ်လပ်လပ် မကြည့်ရဲသေးဘူးလေ။ နောက်ပိုင်း အခေါက်တွေကျတော့ အမလေး ရဲသွားပြီ။ ဟိုလည်းရောက် ဒီလည်းရောက် သင်္ဘောပေါ် လျှောက်သွားနေတာ။ အဲလို ကြည့်တဲ့အကျင့်လေးက ဘုန်းဘုန်းကပါတယ်။ တဖြည်းဖြည်းချင်း သင်္ဘောကြီးကသွားသွား။ ကျောက်တွင်းနဲ့ ဝင်သွားတာ မောင်းသွားတာပေါ့။ မိုးချုပ်သွားပြီ မှောင်သွားပြီ။ မှောင်နဲ့မည်းမည်းထဲ နည်းနည်းလေးတော့ ဘုန်းဘုန်းတို့က သစ်ဖောင်သွားချမယ်ဆိုလည်း ရေမကြောက်တတ်ဘူးလေ။ အဲဒါတွေနဲ့ ရှေ့လှမ်းကြည့် ဘာညာနဲ့ မျက်လုံးနဲ့ လှမ်းကြည့်တော့ ညမှောင်သွားပြီ။ သင်္ဘောစီးတဲ့အချိန်က ညနေစောင်း။ ညနေစောင်း နေမဝင်တဝင်မှာဆိုတော့ အဲဒီအချိန်ကတော့ အရသာရှိတယ်။ သင်္ဘောကြီး စထွက်ပြီ။ အဆင်ပြေ။ အရသာရှိတယ် ရာသီဥတုရော ဘာရော သင်္ဘောစခွာတာ။ နောက်ကျတော့ မှောင်ရင်းမှောင်ရင်းနဲ့ ကျောက်တွင်းထဲမှာတော့ သိသိသာသာ ဘာမှမဖြစ်ပါဘူး။

အမှန်ကတော့ အိပ်ချိန်ရောက်ပြီ။ ထမင်းစားကြမယ် စားပြီး အိပ်မယ်ပေါ့။ ဘုန်းဘုန်းတို့ကတော့ သင်္ဘောပေါ်စားလည်းရတယ်။ ဟိုကတည်းက ညနေစောစောစားခဲ့တာ။ ဆာမှပဲ တစ်ခုခုစားမယ်ဆို အိုသားအဖသုံးယောက်။ စားကို မစားလိုက်ရပါဘူး သင်္ဘောပေါ်မှာ ကျောက်တွင်းသွားတော့။ တစ်ညလုံး မှောင်မည်းပြီးတော့ အိပ် အိပ်တာ။ ဒါပေမဲ့ မအိပ်ခင်လေးတော့ ရှေ့မှာ သင်္ဘောက မီးထိုးရော။ စောစောကပြောသလိုပေါ့ အခု သစ်ဖောင်သွားချမယ် ဘယ်လိုချမယ်လို့ ကိုယ်မသိဘူး။ ဘယ်လိုလုပ်ရမယ်လို့ မသိဘူး။ အတွေ့အကြုံမှ မရှိတာ။ ဒါပေမဲ့ ကျောက်တွင်းထဲ



ဓာတ်ပုံ-အောင်နိုင်

သွားတဲ့အခါမှာ သင်္ဘော ပေါ်ဘူဆို အော်လိုက်ရင်လေ ဘာလဲဟလို့ကြည့်လိုက်။ အဲဒီ ကျောက်တွင်းထဲမှာ။ ကျောက်တွင်းဆိုတာက နားလည်အောင်ပြောရရင် မြစ်ကျဉ်းပေါ့။ ဟိုဘက်ကလည်း ကျောက်တောင်ကြီး ဒီဘက်ကလည်း ကျောက်တောင်ကြီး။ ကျောက်ကမ်းပါးကြီးတွေကြားထဲမှာ မြစ်ကျဉ်းပေါ့။ ကျောက်မြောင်းက နောက်ဆုံးပေါ့။ ကျောက်မြောင်းက ထွက်လာတာပေါ့။ ကျောက်မြောင်းအထက်နားမှာ တတိယမြစ်ကျဉ်းတို့ ပထမ ဒုတိယမြစ်ကျဉ်းတို့ အထဲမှာ ရွာနီးချုပ်စပ်မရှိဘူး။ ကျောက်တွေချည်းပဲ။ အဲဒီအထဲ ရေစီးကလည်း သန်ကသန်။

သင်္ဘောကြီးကသွားတော့ ပေါ်ဘူဆို သူမီးထိုးထားတယ်။ ဘယ်သူ့ကို ထိုးထားလဲဆိုတော့ သစ်ဖောင်တွေ။ မတိုက်အောင်လို့ သူလာတဲ့အကြောင်း ပြောပြီး သစ်ဖောင်ပေါ်ကိုထိုး။ အမယ် သစ်ဖောင်ကလည်း မီးတွေ တုတ်မီးတွေနဲ့ပြ မီးခွက်ကလေးတွေနဲ့ ထောင်ပြ။ အဲသလိုမျိုးနဲ့ပဲ သူတို့ သူတို့ နားလည်မှုနဲ့ ရှောင်သွားကြတာ။ ရှောင်သွားကြတာ။ ဒါလေးတွေလည်း မျက်စိနဲ့၊ အသံ နားနဲ့။ မျက်စိနဲ့ မြင်ရတာနဲ့ မှတ်မှတ်ထားတာပေါ့။ နောင်ကျတော့ ကိုယ်သစ်ဖောင်ချရင် ဒီလိုလုပ်မယ်လို့ အဲဒီအချိန်လေးတော့ မသိလိုက်ဘူးလေ။ ဒါပေမဲ့ ကြုံရတာလေးကို ကြည့်ရင်းကြည့်ရင်းနဲ့ ဪ။ အဲဒါနဲ့ သွား။ ထွက်သွားပြီပေါ့လေ။ အညာသီဟတောတွေဘာတွေရောက်တယ်။ အညာသီဟတောဘုရား ဆိုတာ ကျောက်တွင်းမှာ ရှိတယ်။ ကျောက်တွင်း အထက်နားလေးမှာ။ အဲဒါလေး ကျော်သွားပြီးတော့ သွားရင်းသွားရင်းနဲ့ အမှန်ကတော့လေ အဲဒီတုန်းကတော့ စိတ်ကူးကောင်းသွားတယ်ပဲ ပြောရမှာ။ အဘကလည်း ဝါသနာပါတယ်။ ဝတ္ထုစာအုပ်တွေ ပါလာတယ်။ သင်္ဘောပေါ်မှာ ဒီအတိုင်းကြီး ငုတ်တုတ်ထိုင် လိုက်သွားရင် ပျင်းစရာကြီး။ ခုခေတ်လိုလေ သီချင်းဆို၊ နားထောင် ဘာညာလည်း ဘယ်ရှိမှာတုံး။ ဝတ္ထုစာအုပ် ယူသွားတယ်။ ဘုန်းဘုန်းတို့တုန်းကတော့ ဆရာဇော်ဇော်အောင်တို့ ရေးတဲ့စာအုပ်တွေ။ ဇော်ဇော်အောင်တို့၊ တက္ကသိုလ်ဘုန်းနိုင်တို့၊ တက္ကသိုလ်တင်မြင့်တို့ ဘာတို့ပေါ့လေ။ အဲဒီဟာတွေ။ ဝတ္ထုတွေယူသွား ဝတ္ထုဖတ်။

အို ဒါနဲ့ပဲသွားတာ။ မနက်ရောက် မျက်နှာသစ်။ မျက်နှာသစ်တော့လည်းပဲ နောက်ဘက် အိမ်သာခန်းဘက်မှာ ရေကသိတဲ့အတိုင်းပဲ ဘယ်ကရေရမှာတုံး။ ဒီဘေးကရေပဲ ရတာပေါ့။ သူ့စက်နဲ့ထုတ်တင် ရေပိုက်ဖွင့်လိုက်ရင် ထွက်လာ။ အဲဒါနဲ့ မျက်နှာသစ်။ ပြောရမှာတောင် ဟိုး ညကြီးမောင်းသွားကျတာ အိပ်နေလိုက်ကျတာ တုံးလုံးပက်လက်။ ဒါပေမဲ့ တစ်ခုတော့စည်းရှိတယ်။ ကိုယ့်အိပ်ရာကိုယ်အိပ် ကိုယ့်ဟာကိုယ် အိပ်နေကြတာပဲ။ တစ်ယောက်နဲ့တစ်ယောက် မိသားစု မဟုတ်ဘူးလေ။ သူစိမ်းတွေချည်းပဲ အိပ်ကြတဲ့အခါ ခြင်ထောင်ထောင်အိပ်တဲ့သူ ရှားတာပေါ့။ ဘယ်သူက ခြင်ထောင်ပါမှာတုံး။ ပြီးကျတော့ သင်္ဘောကြီးပေါ်မှာ ဘယ်ခြင်မှလည်း မကိုက်ဘူးလေ မြစ်ထဲလျှောက်သွားနေတာ။ ပြီးကျတော့ ဒီလိုသင်္ဘောကြီးနဲ့ သွားတဲ့သူတွေဟာ ခြင်ထောင်ထောင်ပြီး အိပ်တဲ့အဆင့်မျိုးဆိုတာ အိမ်တိုင်းအိမ်တိုင်း ရှိမှာမှ မဟုတ်တာ။ ခရီးသွားရင်လည်း ခြင်ထောင်ကြီးယူသွားပြီး ထောင်တယ်ဆိုတာ အလွန်ရှားတယ်၊ဟာ ယောကျ်ားလေးတွေလည်းအိပ် မိန်းကလေးတွေလည်းအိပ်။ ဘုန်းဘုန်း အဲဒါလေးတော့ စိတ်ထဲကြည်နူးမိတယ်။ ဪ ကြည့်စမ်း။ လူတွေဟာ ကိုယ့်အသိတရားနဲ့ ကိုယ့်စည်းနဲ့ကိုယ် နေတာပါလား။ စည်းရယ်ကမ်းရယ်ဆိုတာ ကိုယ့်စည်းနဲ့ကိုယ် ကိုယ့်ကမ်းနဲ့ကိုယ်။ ကိုယ့်သတ်မှတ်ချက်နဲ့ကိုယ်။ ကန်တော့ ကန်တော့ပဲ ပြောရမလားမသိဘူး။ မဟုတ်တရုတ်လုပ်တဲ့သူ မပါဘူး။ အေး ဟုတ်တယ် ဘုန်းဘုန်းတို့ ငယ်တုန်းကတော့လေ သူခိုးလည်းမပါဘူး။ သူခိုးဆိုတာ သိသတဲ့။ နောက်မှသိတာ။ ဒီသင်္ဘောသားတွေက သိသတဲ့။ သူခိုးတစ်ယောက် တက်ရင် သိသတဲ့။ ဒါ သူတို့ အတွေ့အကြုံပေါ့လေ။ ဘယ်ရွာကနေ ဘယ်သူက သူခိုး တက်လာတတ်တယ် ဘာညာဆို သိတယ်။ အဲလိုလူမျိုး သူတို့လည်း လက်မခံဘူး။ ပစ္စည်း ပစ္စယ ပျောက်တာလည်း မကြားဘူး။ ဒီသင်္ဘောကြီးပေါ်မှာ အိပ်သွားကြတာ။ တွက်ကြည့်ပေါ့ကွယ်။ ဟိုကလည်း မိသားစု၊ ဒီကလည်း မိသားစု။ ဟိုကလည်း ခရီးသွား။ ဒီကလည်း ခရီးသွား။ ဟို ပျိုပျိုအိုအို ငယ်ငယ်ရွယ်ရွယ် လတ်လတ်ကြီးကြီး အကုန်လုံး အိပ်သွားကြတာလေ။ စည်းဖောက်တဲ့သူ တစ်ယောက်မှ မရှိဘူး။ ဪ အဲဒီမှာ မနက်မိုးလင်း မျက်နှာသစ်တော့ စိတ်ထဲမှာ ဪ စည်းဖောက်တဲ့သူ တစ်ယောက်မှ မရှိပါလား။ စည်းကမ်းဆိုတာ ကိုယ့်အသိတရားနဲ့ကိုယ် နေရတာပါလား။ ကိုယ့်အသိတရားနဲ့ကိုယ် ထိန်းရတာပါလား။ ဒီပေါ်ကြီးမှာ တုတ်ထမ်းဓားထမ်း စောင့်တဲ့သူလည်း မရှိဘူး။ သူ့ဟာနဲ့သူ သူ့ဟာနဲ့သူ။

ဒါလေးကိုတော့ ဘုန်းဘုန်း မြင်မိပါတယ်။ ဒီခရီးသွားတဲ့အခါမှာ တွေ့ရကြုံရတာလေးတွေကြောင့် ဒီအသိလေးတော့ ပေါ်မိပါတယ်။ ဘယ် သင်္ဘောကြီး စခွာတယ်။ သတိပေးတယ်။ အပေါ်မှာလည်း ကိုယ့်စည်း ကိုယ့်ကမ်းနဲ့။ သူပိုင်တာလည်း မဟုတ်ဘူး။ ကိုယ်ပိုင်တာလည်း မဟုတ်ဘူး။ သူလည်း သူကြိုက်ရင် ဆင်းသွားမှာ။ ကိုယ်လည်း ကိုယ်လိုချင်တဲ့နေရာ ရောက်ချင်တဲ့နေရာကျရင် ဆင်းသွားမှာ။ ဒါပေမဲ့ ရောက်တုန်းနေရာလေးမှာ ကိုယ့်ဟာကိုယ် သတ်မှတ်ပြီးတော့နေ။ ဘေးလည်း ရန်မလုပ်ဘူး။ ဘေးလည်း အတင်းမတိုးဘူး။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပေး။ ဒီဘက်နည်းနည်း တိုးပါဦးနော်။ ဟုတ်ကဲ့ ကျွန်တော်တိုးပေးမယ်။ ကျွန်မ တိုးပေးမယ်။ ဒီလိုလေးတွေနဲ့ ကိုယ့်ပစ္စည်းလေးတွေ ပထမတော့ ဘေးထားရာကနေ အိပ်တော့မယ်ဆို ခေါင်းရင်းထား ဒီလိုလေးအိပ်။ ခေါင်းရင်းကလည်း သွားကြတယ်။ လမ်းသွားတဲ့အခါမှာလည်းပဲ တစ်ယောက်နဲ့တစ်ယောက် တရိုတသေ ဟုတ်ကဲ့ ဖြတ်သွားတော့မယ်နော်။ ဟုတ်ကဲ့ ခေါင်းလေးနော် ခိုက်မိမယ်နော်။ ဪ တို့မြန်မာတွေရဲ့ယဉ်ကျေးမှု။ တို့တောဓလေ့ရဲ့ ဆက်ဆံမှုလေးတွေ အများကြီး အများကြီး စိတ်ထဲ ကြည်နူးမိတာပေါ့။ အဓိကတော့ အများနဲ့ ဆက်ဆံရတဲ့အလုပ်ဟာ ကိုယ်လုပ်ချင်တိုင်း လုပ်မရဘူး။ အသိပေးပြီးမှ လုပ်ရတယ်ဆိုတာ ဒါလေး တစ်ချက် အသိတိုးလိုက်ပါတယ်။

ဒါတင်မကဘူး အများနဲ့ ဆက်ဆံတဲ့အခါ ကိုယ့်စည်းကိုယ်ထိန်းရတယ်။ သူ့စည်းသူထိန်းရတယ်။ ကိုယ်လည်းနားလည်မှု သူလည်း နားလည်မှုနဲ့ နေသွားရင်။ အမှန်ကတော့ သင်္ဘောပေါ်မှာသာ မိသားစု မတူတာတွေ နေတာမဟုတ်ပါဘူး။ ရပ်ကွက်တွေ ရွာတွေမှာလည်း မိသားစု မတူတာတွေ နေတာပဲ။ မြို့တွေမှာလည်း မိသားစု မတူတာတွေ နေတာပဲ။ နိုင်ငံတွေမှာလည်း ကမ္ဘာပေါ်မှာ မိသားစုမတူတာတွေ နေတာပဲ။ အဲဒါလေးဟာ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေသွားရင် တကယ်တမ်းကျတော့ တစ်ညအိပ်ခရီးဆိုရင် တစ်ညလေးလင်းသွား ပြီးသွားတာပဲ။ နှစ်ညအိပ်ခရီးဆို နှစ်ညလေး မိုးလင်းသွား ပြီးသွားတာပဲ။ ဘာမှ စည်းမဖောက်ကြရင် အေးအေးချမ်းချမ်း ရှိလိုက်တာလို့ ဒီအသိလေးလည်း ရလိုက်တာပေါ့လေ။ ဒီအသိလေးနဲ့ပဲ စည်းကမ်းမဖောက်ဘဲနဲ့ အများနဲ့ ဆက်ဆံတဲ့အခါမှာ အသိပေးပြီးတော့ ဆောင်ရွက်ရပါလားလို့အဲဒီအသိတစ်လုံးနဲ့ပဲ ဘုန်းဘုန်းက အများနဲ့ဆက်ဆံတဲ့အခါမှာ ဘဝဖြောင့်အောင် နည်းနည်းလေး နေတတ်လာတယ်။ အဲသလိုပဲ အများနဲ့ဆက်ဆံတဲ့ပုဂ္ဂိုလ်တွေဟာ ငါတကောကောပြီး လုပ်တာမရှိဘဲနဲ့ ဒီအသိတရားလေးနဲ့ပဲ ဘဝဖြောင့်အောင် လျှောက်လှမ်းနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။ ■

**မမ္မဒူတအရှင်ဆေကိန္ဒ**


ဓာတ်ပုံ – မောင်မျိုးထက်

# ပန်းတနော် သင်ဖြူးဖျာထုတ်လုပ်မှု ကုန်ကြမ်းနှင့် လုပ်သား ရှားပါး

ပုသိမ်၊ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိသင်ဖြူးဖျာ ရက်လုပ်မှုနှင့် သင်ပင်အခြေပြုအသုံးအဆောင် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်းတွင် အခြေခံကုန်ကြမ်းသင်ပင်နှင့် လုပ်သားရှားပါးနေကြောင်း ပန်းတနော်မြို့ရှိ သင်ဖြူးဖျာနှင့် သင်ပင်အခြေပြု အသုံးအဆောင်ပစ္စည်း အမျိုးမျိုးထုတ်လုပ် ရောင်းဝယ်သည့် လုပ်ငန်းရှင်များထံမှ သိရသည်။

ဒေသတွင်း၌ ကျွမ်းကျင်လုပ်သားများ ရှိသော်လည်း သင်ပင်ကို သင်မခွဲသူ၊ စိတ်ဖြာသူ၊ ငင်သူ၊ သင်ဖျာ ရက်လုပ်သူ၊ ချုပ်လုပ်သူများ၏ နေ့စဉ်ဝင်ငွေမှာ မိသားစုအတွက် မလုံလောက်ခြင်း၊ ကျွမ်းကျင်လုပ်သားများမှာ အခြားလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်း၊ ပြည်ပသို့သွားရောက်ကာ အလုပ်လုပ်ကိုင်ခြင်းကြောင့် လုပ်သားရှားပါးကြောင်း ၎င်းတို့ထံမှ သိရသည်။

ယင်းအပြင် သင်ဖြူးဖျာနှင့် သင်ပင်မှ ထုတ်လုပ်သည့် အသုံးအဆောင် ပစ္စည်း ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်း သင်ပင်များ စိုက်ခင်းများ ဖျက်သိမ်းခံရခြင်း၊ အခြားစျေးကွက်ဝင် သီးနှံများ စိုက်ပျိုးခြင်း၊ ငါးကန်များ တူးဖော်ခြင်းတို့ကြောင့် ကုန်ကြမ်းရှားပါးကြောင်း ၎င်းတို့ထံမှ သိရသည်။

"သင်ပင်ကိုခုတ်ပြီး သင်မ၊ သင်စိတ်ဖြာ၊ သင်ငင်၊ သင်ရက်စတဲ့ လုပ်ငန်းအဆင့်တွေမှာ လုပ်သားတစ်ဦးကို တစ်နေ့ငွေနှစ်ထောင်ရဖို့ အနိုင်နိုင် ဖြစ်နေတယ်၊ သင်လွှာတွေကို သင်ဖြူးဖျာဖြစ်အောင် အနားကွပ်ချုပ်တဲ့ သူတွေကတော့ တစ်နေ့ငွေသုံးထောင်လောက်ရတယ်။ ဝင်ငွေနည်းတယ်၊ ပင်ပန်းပြီး အလုပ်ချိန် များများပေးရတယ် ဒါကြောင့် မလုပ်ဖြစ်တော့တာပါ" ဟု သင်ဖြူးဖျာရက်လုပ်သည့် အတတ်ပညာ ကျွမ်းကျင်သော်လည်း စက်သုံးဆီအရောင်းဆိုင်တွင် ဝင်ရောက်လုပ်ကိုင်နေသူ မအေးအေးခိုင် က ပြောဆိုသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ၊ ညောင်တုန်း၊ မအူပင်မြို့နယ်များတွင် သင်ဖြူးဖျာ ထုတ်လုပ်ရောင်းဝယ်မှုများ ရှိသော်လည်း ပန်းတနော် မြို့နယ်ရှိ သင်ပင်စိုက်ခင်းများကို အားထားရကြောင်း၊ ပန်းတနော်မြို့၏ သင်ဖြူးဖျာ အမျိုးမျိုးနှင့် သင်ပင်ကို အခြေပြု၍ ထုတ်လုပ်သော ဖိနပ်၊ ဦးထုပ်၊ လက်ကိုင်အိတ်၊ ဟန်းဖုန်းထည့်သည့်အိတ်စသော လက်ဆောင် ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရောင်းချကြောင်း ပန်းတနော်မြို့ရှိ သင်ပင် အခြေပြု သင်ဖြူးဖျာနှင့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သူများက ပြောဆိုသည်။

ပုသိမ်၊ ချောင်းသာ၊ ငွေဆောင် ကမ်းခြေလာသော ခရီးသွားယာဉ်များ တစ်နှစ်ပတ်လုံး ရှိနေသဖြင့် ရောင်းအားပိုကောင်းလာကြောင်း၊ သင်ဖြူးဖျာနှင့် သင်ပင်အခြေပြု လက်ဆောင်ပစ္စည်းများကို နိုင်ငံခြားသား ဧည့်သည်များ ဝယ်ယူသကဲ့သို့ ရန်ကုန်နှင့် မြန်မာနိုင်ငံရှိ အထက်ပိုင်းမှ ဒိုင်များကလည်း လာရောက်ဝယ်ယူကြောင်း၊ ယင်းအပြင် ကုန်သည်နှင့် ထုတ်လုပ်သူများကလည်း ၁၂ရာသီ ပွဲတော်များတွင် ရောင်းချသဖြင့် ထုတ်လုပ်သည့်ဖျာများမှာ အရောင်းသွက်ကြောင်း 'ချိုချို' သင်ဖြူးဖျာနှင့် သင်ပင်အခြေပြုလက်ဆောင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းရှင်ဦးစိုးဟန်ကပြောသည်။

ကျွမ်းကျင်လုပ်သားများ ရှိနေခြင်း၊ ဒေသတွင်း ကုန်ကြမ်းမှာလည်း လိုအပ်လျှင် လိုသလောက် ရနိုင်သော အခြေအနေရှိနေခြင်း၊ နိုင်ငံခြားသား အကြိုက်ထုတ်ကုန်ပစ္စည်းဖြစ်နေခြင်းတို့ကြောင့် ပြည်ပစျေးကွက်ရှာရန် လုပ်သားများ၏ လုပ်အားခခေတ်နှင့် အညီတိုးမြှင့် ရရှိနိုင်ရန်နှင့် သင်ဖျာရက်လုပ်သည့် ရိုးရာလက်မှုပညာ မကွယ်ပျောက်ရေးအတွက် အစိုးရ၏ အစီအမံ အကူအညီများလိုနေကြောင်း ပန်းတနော်မြို့မှ ဘိုးဘွားစဉ်ဆက် သင်ဖြူးဖျာလုပ်ငန်း လုပ်ကိုင်လာသူ ဦးသန်းဆောင်က အကြံပြုသည်။ ■

# မြောင်းမြမြို့နယ်မှ ကျောင်းအုပ်ကြီးအမှု ကျောင်းသားများကို ဖိအားမပေးရန် လူမှုရေးဝန်ကြီးသတိပေး

ပုသိမ်၊ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကဝက်ကျေးရွာ အ.ထ.က.မှ ကျောင်းအုပ်ဆရာကြီးကို တရားစွဲဆိုထားသည့် အမှုနှင့်ပတ်သက်၍ တရားစွဲဆိုသည့် ကျောင်းသားများနှင့် မိသားစုဝင်များကို ဖိအားမပေးကြရန် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကဝက်ကျေးရွာ အထကကျောင်းမှ ဆရာ၊ ဆရာမများကို သတိပေးပြောကြားသည်။

"တရားလိုကျောင်းသားအတွက် လိုက်ပါဆောင်ရွက်ပေးတဲ့ သက်သေတွေက တရားလိုရဲ့ ကျောင်းသား သူငယ်ချင်းတွေဖြစ်တယ်။ အဲဒီသူတွေ ကိုယ်တိုင်ဒီဆရာကြီးရဲ့အကြောင်းကိုကောင်းကောင်း သိတယ်။ တရားလိုနဲ့ သူ့ရဲ့သက်သေတွေကို အမှန်တရားမထွက်ဆိုနိုင်အောင် ဆရာ၊ ဆရာမတွေက ဖိအားပေးနေတာကို တိုင်ကြားစာများအရ ကျွန်မတို့သိထားတယ်။ ကျောင်းသားလေးတွေကျောင်းဆက်မတက်ချင်တော့ လောက်အောင်ကိုပဲ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်" ဟု ၎င်းကရှင်းပြသည်။

ကျောင်းအုပ်ဆရာကြီး၏ တရားရင်ဆိုင်နေရမှုတွင် မည်သည့်ဘက်ကမျှ ဘက်လိုက်ဆောင်ရွက်မှုမျိုး မရှိစေရန် ယခင်ကတည်းက ပြောကြားထားပြီး ဖြစ်ကြောင်း မြောင်းမြခရိုင် ပညာရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကဝက်ကျေးရွာ အထကကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးအောင်အောင်က လိင်တူဆက်ဆံခြင်း၊ အလိုမတူဘဲအတင်းအဓမ္မ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဖေဖော်ဝါရီလ ၁၆ ရက်တွင် မြောင်းမြမြို့မရဲစခန်းသို့ ကျောင်းသားများက အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျောင်းအုပ်ကြီးကို ဖမ်းဆီးကာ ပုဒ်မ-၃၇၇ ဖြင့် မြောင်းမြခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ပြီး အမှုကို စစ်ဆေးနေဆဲဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးရုံးထံမှသိရသည်။ ■R-11

# မြစ်ကြီးနားယာဉ်ရပ်နားစခန်းသစ် ယခုလကုန် ဖွင့်မည်

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင် ဆောက်လုပ်နေသည့်ယာဉ်ရပ်နားစခန်းသစ်ကို စက်တင်ဘာလကုန်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရရုံးထံမှ သိရသည်။

အဆိုပါ ကားဝင်းကို မျှော်သာ ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်ပြီး လက်ရှိဆောက်လုပ်မှု ၉၅ ရာခိုင်နှုန်း ပြီးစီးနေသဖြင့် စက်တင်ဘာလကုန်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက ပြောကြားသည်။

"ကားဂိတ်တော့ တော်တော်များများပြီးပြီ။ ကားဝင်းဖွင့်မယ်ဆိုတော့ အခန်းတန်ဖိုးတွေဖြတ်ရမှာပေါ့။ ကုမ္ပဏီကလည်း ကုန်ကျစရိတ်ကိုတင်တဲ့ဟာ စစ်ခိုင်းထားတယ်။ ဒါပြီးရင်တော့ဖွင့်မယ်" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ ကားဝင်းဆောက်လုပ်ရာတွင် ကုမ္ပဏီက ကုန်ကျငွေအဖြစ် ကျပ်သိန်းပေါင်း ၆၃၀၀ ကျော် တင်သွင်းခဲ့သည့်အတွက် ယင်းကုန်ကျငွေကို လက်ရှိပြန်လည်စိစစ်နေပြီး အမှန်တကယ်ကုန်ကျငွေပေါ်မူတည်ကာ အကျိုးအမြတ်ကို ပြည်နယ်အစိုးရက အတည်ပြု ဆုံးဖြတ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရရုံးထံမှ သိရသည်။

လက်ရှိ အသုံးပြုနေသည့် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ကားကြီးဝင်းသည် ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနပိုင်မြေဖြစ်ပြီး ယခုနောက်ပိုင်းမော်တော်ယာဉ်အစီးရေများပြားလာခြင်းကြောင့် ကားကြီးဝင်းကို ပြီးခဲ့သည့် သုံးနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ■ R-06

သတင်းကိုစွဲဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁



ဓာတ်ပုံ – စတ္တာနွန်

# မော်လမြိုင်တွင် မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းရန်စီစဉ်

**မော်လမြိုင်၊ စက်တင်ဘာ ၂၇**

မွန်ပြည်နယ်ရှိရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းနိုင်ရန်အတွက် မော်လမြိုင်မြို့တွင် မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ကို ယခုနှစ်မကုန်ခင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

"အရင်ကလည်း ကျွန်မရှေးဟောင်းအဆောက်အအုံ ကိစ္စနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ မေးဖူးတယ်၊ ဒါပေမယ့် ပြင်ဖို့ ဘတ်ဂျက်မရှိဘူး၊ အစီအစဉ်မရှိဘူး၊ ခုလည်း စတုတ္ထသမီးတော်ရဲ့ အဆောင်ကိစ္စပေါ်လာတယ်၊ အဲဒီကိစ္စကို ဝန်ကြီးချုပ်ကို ပြောတယ်၊ ဓာတ်ပုံတွေပြတယ်။ အဲဒီမှာ ဝန်ကြီးချုပ်က ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့လိုပဲ မွန်မှာလည်း တစ်ခုရှိကိုရှိရမယ်ဆိုပြီး ပြောလာတယ်" ဟု ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

ယင်းအဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ကို မွန်ပြည်နယ်သို့ ဖိတ်ကြားကာ မွန်ပြည်နယ်ရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို လေ့လာစေခဲ့ကြောင်း၊ ထိုအဖွဲ့က စက်တင်ဘာလ ၂၆ ရက်နေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်တို့နှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံမှုတွင် မွန်ပြည်နယ် ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွက်မွန်(သို့မဟုတ်) မော်လမြိုင်မြို့ပြ အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ကိုဖွဲ့စည်းလိုကြောင်း ပြောဆိုခဲ့ကြောင်း၊ ထိုသို့ ဖွဲ့စည်းနိုင်ရန်နှင့် အဆောက်အအုံများကို ထိန်းသိမ်းနိုင်ရန် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့မှ နည်းပညာအကူအညီများ တောင်းဆိုခဲ့ကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ရှင်းပြသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့မှ မွန်ပြည်နယ်သို့ လာရောက်၍ မော်လမြိုင်မြို့ပေါ်ရှိရှေးဟောင်း အဆောက်အအုံများနှင့် ကတိုးကျေးရွာရှိ မွန်သူဌေးဦးနာအောက် တည်ဆောက်ခဲ့သည့် ရှေးဟောင်း အဆောက်အအုံများကိုသွားရောက် လေ့လာခဲ့သည်။

"ကျွန်မတို့အနေနဲ့ကတော့ အခုလက်ရှိလေ့လာထားတာတွေကို အစည်းအဝေးပြန်ထိုင်ပြီး ဘယ်လိုလုပ်ဆောင်သင့်လဲ ဆိုတာကို မွန်ပြည်နယ် အစိုးရကို ပြန်လည်ပြီးအစီရင်ခံစာ တင်ပေးပါမယ်၊ အောက်တိုဘာလလောက်မှာ အစီရင်ခံစာ ပြန်တင်ပေးမှာပါ" ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။

မွန်ပြည်နယ်အတွက် မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းရန်ကိုလည်း ထိုအစီရင်ခံစာ ရရှိပြီးနောက် ယခုနှစ်မကုန်မီ ဖွဲ့စည်းနိုင်ရန် စီစဉ်ထားကြောင်း၊ ထိုအဖွဲ့အစည်းတွင်လည်း ရှေးဟောင်းသုတေသနပညာရှင်များ၊ ရှေးမီနောက်မီ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများပါဝင်နိုင်မည့် အဖွဲ့ကို ဖွဲ့စည်းကာ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့်မြို့များကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

မွန်ပြည်နယ်တွင် ထိန်းသိမ်းရန်လိုအပ်နေသည့် ရှေးဟောင်းအဆောက်အအုံ ၁၀၀ ကျော်ရှိကြောင်း၊ ထို့အပြင် မြို့ဟောင်းများလည်း တည်ရှိနေသည့်အတွက် ထိန်းသိမ်းရန်အဖွဲ့လိုအပ်ကြောင်း၊ အချို့အဆောက်အအုံများမှာ ပြန်လည်ပြုပြင်ခြင်းနှင့်ဖြိုဖျက်ကာ အဆောက်အအုံအသစ်ဆောက်လိုက်သည့်အဆောက်အအုံများလည်းရှိကြောင်း ဒေသခံများထံမှ သိရသည်။ ■

# ပြည်မြို့လူသတ်မှု ရက် ၂၀ကျော်အကြာတွင် သံသယရှိသူ လာအဖမ်းခံ

**ပြည်၊ စက်တင်ဘာ ၂၇**

ပဲခူးတိုင်းအနောက်ခြမ်း ပြည်မြို့ ရွှေတံခါးရပ်ကွက်တွင် အမျိုးသားတစ်ဦး သေဆုံးမှုနှင့် ပတ်သက်၍ ရက် ၂၀ကျော်အကြာစက်တင်ဘာလ ၂၆ရက်တွင်သံသယရှိသူ လာရောက် အဖမ်းခံခဲ့ကြောင်း ပြည်မြို့အမှတ် (၃)နယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စက်တင်ဘာလ ၆ရက် နံနက်ပိုင်းက မူလရွှေတံခါး ၃လမ်း ၆ ကွက်တွင် အသက် ၂၅နှစ်အရွယ် လူငယ်တစ်ဦးမှာ ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ ၁၂ ချက် ၊ ဝဲနံစောင်းထိုးသွင်းဒဏ်ရာ ၂ချက်၊ နောက်စေ့ပြတ်ရှဒဏ်ရာတစ်ချက် အပါအဝင် ဓားဒဏ်ရာ ၁၅ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ ယင်းအမှုနှင့် ပတ်သက်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ထားရာ ရဲတပ်ဖွဲ့က စုံစမ်းနေစဉ် ကျူးလွန်သူက လာရောက် အဖမ်းခံခဲ့ခြင်းဖြစ်ကြောင်း အမှတ် (၃)နယ်မြေရဲစခန်း တာဝန်ရှိသူတစ်ဦးကပြောသည်။

လာရောက်အဖမ်းခံသူမှာ ပြည်မြို့ ဥယျာဉ်စုရပ်ကွက်တွင်နေထိုင်သူ ကိုသက်နိုင်ဝင်း(ခ) ဘဲဥဖြစ်ကြောင်း၊ ဓားဖြင့်ထိုးသတ်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က အသေးစိတ်မေးမြန်းနေကြောင်း၊ ၎င်းကဆက်ပြောသည်။

■M-06

# မုံရွာ ချယ်ရီတည်းခိုခန်း လူသတ်မှု ကျူးလွန်သူကို တစ်နှစ်ခန့်အကြာတွင် ဖမ်းမိ

**မုံရွာ၊ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် ချယ်ရီတည်းခိုခန်းတွင် လွန်ခဲ့သော တစ်နှစ်ခန့်က ဖြစ်ပွားခဲ့သည့် အမျိုးသားတစ်ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ကျူးလွန်သူ အမျိုးသားကို စက်တင်ဘာလ ၂၅ ရက်က ဖမ်းမိကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

လူသတ်မှု ဖြစ်ပြီးနောက် ကျူးလွန်သူက ထွက်ပြေးတိမ်းရှောင်ကာ မန္တလေးမြို့ နာမည်ပြောင်းကာ နေထိုင်နေကြောင်း၊ ယင်းအမျိုးသားကို မဟာအောင်မြေ မြို့နယ်တွင် တံမြက်စည်း ရပ်ကွက်တွင် စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

"သေသူရဲ့ ဆွဲကြိုးလိုချင်လို့သတ်မိတယ်ပြောတယ်၊ အထက်မှာနေသူချင်းတူတော့ လမ်းခရီးမှာတွေ့ပြီး တည်းခိုခန်းတည်းရာက ပိုက်ဆံလည်းပြတ်တော့လုပ်မိတယ်လို့ ထွက်ဆိုတယ်" ဟု မုံရွာမြို့မရဲစခန်းမှူး ဒုရဲမှူးကျင်စိန်ကပြောကြားသည်။

အဆိုပါတည်းခိုခန်းတွင် ၂၀၁၆ခုနှစ် အောက်တိုဘာလ ၇ ရက်က အသက် ၄၀ အရွယ်အမျိုးသားတစ်ဦးနှင့် အသက် ၂၃ နှစ် အရွယ် ကိုရဲဝင်းကိုတို့က လာရောက်တည်းခိုခဲ့ကြောင်း၊ ယင်းနောက် တစ်ရက်ကြာတည်းခိုပြီး ကိုရဲဝင်းကိုက ပြန်သွားကြောင်း၊ အောက်တိုဘာလ ၈ရက်တွင် အတူတည်းခိုသူမှာ ဦးခေါင်းပွင့်ထွက်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း၊ ယင်းလူသတ်မှုကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ထားပြီး ဖမ်းမိထားသူကို ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။ ■

# လားရှိုးတွင် ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုး

**လားရှိုး၊ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် စက်တင်ဘာလ ၂၈ရက်က အိမ်မွေးခွေးနှင့် ကြောင်များကို ခွေးရူးပြန် ကာကွယ်ဆေးအခမဲ့ထိုးပေးမည်ဖြစ်ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနထံမှ သိရသည်။

စက်တင်ဘာလ ၂၈ရက်တွင်ကျရောက်မည့် (၁၁)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယင်းနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခွေးရူးပြန် ကာကွယ်ဆေးများကို အခမဲ့ထိုးပေးခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးမှာ တစ်နှစ်တစ်ကြိမ် ထိုးရမည်ဖြစ်ပြီး ဆေးကုသမှတ်တမ်းကို ခွေးနှင့်ကြောင်ပိုင်ရှင်များထံ ပေးအပ်မည်ဖြစ်ပြီး အချိန်စေ့ပါက ဦးစီးဌာနတွင် လာရောက်ကာ အခမဲ့ ဆေးထိုးရမည်ဖြစ်ကြောင်း အဆိုပါ ဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်ဝင်းက ပြောဆိုသည်။

အဆိုပါနေ့တွင် ခွေးရူးရောဂါနှင့် ပတ်သက်သော ကာကွယ်ခြင်းနှင့် သိကောင်းစရာများကို ပညာပေးဟောပြောမည်ဖြစ်ပြီး ပညာပေးလက်ကမ်းစာစောင်ဝေငှခြင်း ဗီဒီယိုများပြပြီး ပညာပေးမည်ဖြစ်ကြောင်း၊ မွန်းလွဲပိုင်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးနှံပေးမည့်အဖွဲ့များက လားရှိုးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ သွားရောက်ကာ ခွေးနှင့်ကြောင်များကို ကာကွယ်ဆေးထိုးပေးမည် ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

လားရှိုးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာသင်ကျောင်းများမှ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန် အခက်အခဲရှိပါကတာဝန်ခံများက လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖုန်း ၀၉၇၉၇၃၆၁၅၁၁၊ ၀၉၂၀၄၀၁၁၅၊ ၀၉၅၂၃၁၉၁၉ သို့ဆက်သွယ်နိုင်ကြောင်း လားရှိုးမြို့နယ် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံမှ သိရသည်။ ■

## NEWS IN BRIEF

### တာလေတွင် ပြည်သူ့စစ်တစ်ဦး မိမိကိုယ်ကိုယ်သေနတ်ဖြင့် ပစ်ခတ်သေဆုံး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့ မိုင်းလင်း(အရှေ့)အုပ်စု လန့်တောင်းကျေးရွာတွင် စက်တင်ဘာလ ၂၆ ရက် ညပိုင်းက အိမ်ထောင်ရေးအဆင်မပြေသည့် ပြည်သူ့စစ်တစ်ဦးက မိမိကိုယ်ကိုယ်သေနတ်ဖြင့် ပစ်ခတ်ကာ သေဆုံးခဲ့ကြောင်း မိုင်းလင်းနယ်မြေရဲစခန်းထံမှ သိရသည်။

ယင်းကျေးရွာ ပြည်သူ့စစ်ဝင်းအတွင်းရှိ တန်းလျားအိပ်ခန်းတွင် ပြည်သူ့စစ်အရန်အဖွဲ့ဝင် အသက် ၂၃ နှစ်အရွယ် ကိုအားလဲ့က AK-47 သေနတ်ဖြင့် မိမိကိုယ်ကိုယ်ပစ်ခတ်ခဲ့ရာ ယာဘက်နားထင်တွင် ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက် နှင့် ဝဲဘက်ချိုစောင်းတွင် ကျည်ဖောက်ထွက်ဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးခဲ့ကြောင်း၊ ယင်းသေဆုံးမှုကို သေမှုသေခင်း အမှတ်စဉ်ရေးဖွင့်ကာ စစ်ဆေးလျက် ရှိကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ R-16

# အင်ပူတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ခြေ ၄၅၀ကျော် ရွှေ့ပြောင်း

ဟသ်ာတ၊ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းမှ စက်တင်ဘာလ ၂၅ ရက်အထိ မြစ်ကမ်းပါး ပြိုကျမှုကြောင့် ဘုန်းကြီးကျောင်းများ အပါအဝင် အိမ်ခြေ ၄၅၀ကျော်ကို ရွှေ့ပြောင်းပေးထားကြောင်း ဟသ်ာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးသန်းစိုးက ပြောကြားသည်။

ဧရာဝတီမြစ်ရေ တိုက်စားခြင်းကြောင့်ကမ်းပြိုမှုများ ဖြစ်ပေါ်ရာ ကမ်းပါးများ ပြိုကျခဲ့ကြောင်း၊ ဒေသခံများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အစီအစဉ်ဖြင့် ဝိုင်းဝန်းရွှေ့ပြောင်းခဲ့ကြောင်း၊ စတင်ရွှေ့ပြောင်းချိန်မှ စက်တင်ဘာလ ၂၅ ရက်အထိ အိမ်ထောင်စုပေါင်း ၄၅၀ ကျော်မှ လူဦးရေ ၁၆၂၀ ဦးအတွက် ဆန်ဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးနှင့် ဘုန်းတော်ကြီးကျောင်း ၇ ကျောင်းအတွက် ကျပ် ၇ သိန်းအပါအဝင် ကျပ်သိန်း ၄၈၀ ကျော်ဖိုး ကူညီထောက်ပံ့ထားကြောင်း ၎င်းက ရှင်းပြသည်။

စက်တင်ဘာလ ၂၅ရက်က ဇွေတောက်ချောင်းကျေးရွာအုပ်စုရှိ ကျေးရွာခွဲများ၌ ဧရာဝတီမြစ်ရေတိုက်စားခြင်းကြောင့် မြစ်ကမ်းပါးများ ဆက်တိုက်ပြိုကျသဖြင့် အိမ် ၇လုံး ထပ်မံရွှေ့ပြောင်းထားရကြောင်း ယင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က ပြောကြားသည်။

အဆိုပါ ကျေးရွာအုပ်စုရှိ နံကပ်ကြီးကျေးရွာ၊ လန်တာကျေးရွာ၊ ညောင်ကုန်းကျေးရွာများ၊ နံကပ်ပြင် ကျေးရွာများ၌ မြစ်ကမ်းနှင့် အနီးဆုံး နေထိုင်သည့် အိမ်ခြေ ၁၇၀ ကျော်ကို ဇူလိုင်လဆန်းပိုင်းမှ စက်တင်ဘာလ ၂၅ ရက်နေ့အထိ ရွှေ့ပြောင်းခဲ့ရကြောင်း ၎င်းကရှင်းပြသည်။

မြစ်ကမ်းပါးများ ပြိုကျနေခြင်းကြောင့် ဒေသခံ မိသားစုများ သဘာဝဘေး ရင်ဆိုင်နေရခြင်းမှာ မြစ်နှစ်စင်းဆုံရာဒေသ မြစ်ကြောင်းလွှဲခြင်းနှင့် မြစ်ကမ်းထိန်းလုပ်ငန်းများ ရန်ပုံငွေများစွာလိုအပ်မှာဖြစ်ကြောင်း၊ ယခင်အစိုးရဟောင်းလက်ထက် စီမံကိန်းများကိုဖြစ်စေ၊ အစိုးရသစ်လက်ထက် စီမံကိန်းများကိုဖြစ်စေ ရန်ပုံငွေအားနည်းနေပါက အကောင်အထည်ဖော်နိုင်မည်မဟုတ်ကြောင်း ခရိုင်အဆင့် ဌာနဆိုင်ရာတစ်ဦးက ရှင်းပြသည်။ ▪ R-13

# မြစ်ကြီးနားမြို့တွင်းသို့ ရေဂါလန် ၁၄ သိန်းကျော် ယခုနှစ်အတွင်း ဖြန့်မည်

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

မြစ်ကြီးနားမြို့ မြစ်ဆုံအနီးရှိ ကျိန်ခရန်ရေပေးဝယ်ရေးစီမံကိန်းမှ မြစ်ကြီးနားမြို့တွင်းသို့ နေ့စဉ် ရေဂါလန် ၁၄ သိန်းကျော်ကို ယခုနှစ်မကုန်ခင် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက ပြောသည်။

"အခု ပြီးတော့မယ်။ ရေပိုက်တွေ တပ်တာ နည်းနည်းကြန့်ကြာတာပေါ့၊ ဒီနှစ်မကုန်ခင် ဖြန့်ဝေပေးသွားမယ်၊ ပေးတောင်မပေးသေးဘူး၊ တောင်းတဲ့ရပ်ကွက်တွေလည်းရှိတယ်"ဟု ဦးနေဝင်းက ပြောဆိုသည်။

မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များဖြစ်သည့် တပ်ကုန်း၊ စီတာပူ၊ ရန်ကြီးအောင်၊ ဒူကထောင်၊ ရှမ်းစုတောင်၊ ရှမ်းစုမြောက်၊ ယုဇန၊ မြို့မနှင့် မြို့သစ်စသည့် ၉ ရပ်ကွက်ကို နေ့စဉ် ရေဂါလန် ၁၄ ဒသမ ၄ သိန်းကျော်ကို စတင် ဖြန့်ဝေမည်ဖြစ်ကြောင်း၊ ဖြန့်ဝေခ ၁ ယူနစ်ကို ၃၀၀ (သို့) ၄၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

အဆိုပါ စီမံကိန်းကို ကုန်ကျငွေ ကျပ်သန်းလေးထောင်ကျော်ဖြင့် JACA နှင့် စာချုပ်ချုပ်ကာ လုပ်ကိုင်နေပြီး ရေပေးဝေရေးကို ချစ်ကမ္ဘာကုမ္ပဏီမှာ တင်ဒါယူ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ လက်ရှိ မြစ်ကြီးနားမြို့ပေါ်တွင် စည်ပင်သာယာရေးဌာနက တစ်ရက်ကို ရေဂါလန် ၄ သိန်းဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေကြောင်း ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနထံမှ သိရသည်။

ကျိန်ခရန်ချောင်းသည် ဧရာဝတီမြစ်ဆုံအနီးတွင် တည်ရှိပြီး ယင်းချောင်းမှ ရေဂါလန် ၁၄ သိန်းကျော်နှင့် မြစ်ကြီးနားမြို့၏ ၇၀ ရာခိုင်နှုန်းကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဆက်လက်၍ ကျန်ရှိနေသည့် အခြား ရပ်ကွက်များကိုလည်း ရေပေးဝေရေးကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။ ▪ R-06

# လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများကို တရားစွဲမှု လာမည့်ရုံးချိန်းတွင် လျှောက်လဲချက်တင်မည်

ပုသိမ်၊ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တွင် ညောင်တုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးအပါအဝင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများကို နစ်နာကြေး ကျပ်သိန်းနှစ်သောင်းရလိုမှုကြောင့် တရားစွဲဆိုမှုနှင့် ပတ်သက်၍ လာမည့်ရုံးချိန်းတွင် လျှောက်လဲချက် ၃ခုကို နှစ်ဖက်စလုံးမှ တင်ပြမည်ဖြစ်ကြောင်း တိုင်းဒေသကြီး တရားလွှတ်တော်ထံမှ သိရသည်။

စက်တင်ဘာလ ၂၆ရက် ရုံးချိန်းတွင် တရားစွဲခံထားရသော လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က ပြန်ကြားလွှာတင်ခဲ့ကြောင်း၊ တရားလိုဘက်က အချေလွှာတွင် ပါသောအချက်မှ ပိုနေသည်များကို ပယ်ဖျက်ပေးရန်နှင့် အချေလွှာတွင်ပါသော အချက်များကို မေးမြန်းရန်၊ အချေလွှာတွင် ပါသောစာရွက်စာတမ်း မူရင်းများကို ကြည့်ရှုခွင့်တောင်းကြောင်း၊ တရားပြိုင်များ၏ အကျိုးဆောင်တရားရုံးချုပ်ရှေ့နေ ဦးမြင့်သွင်က ရှင်းပြသည်။

"ကျွန်တော်တို့က စာရွက်စာတမ်းတွေဟာ ဌာနဆိုင်ရာ စာရွက်စာတမ်းတွေ ဖြစ်နေတဲ့အတွက် မူရင်းပြသဖို့မဖြစ်နိုင်ကြောင်း လျှောက်လဲတယ်၊ လာမယ့်ရုံးချိန်းမှာ အဲဒီအချက် ၃ ချက်ကို ဥပဒေအကိုးအကားနဲ့လျှောက်လဲတင်ပြရမှာဖြစ်တယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူများ၏ ခံစားရမှု နစ်နာမှုများကို အမှန်ပေါ်ပေါက်စေရန် ဖြေရှင်း ဆောင်ရွက်ရကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို တရားစွဲဆိုမှုသည် အစိုးရပုံရိပ်ကို ထိခိုက်စေကြောင်း၊ အဆိုပါ တရားစွဲခံရမှုကို အမှန်တရားပေါ်ပေါက်ရေးအတွက် ဥပဒေနှင့် အညီ ဖြေရှင်းနေကြောင်း တရားစွဲခံရသည့် ညောင်တုန်းမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးက ပြောကြားသည်။

တရားစွဲဆိုမှုနှင့် စက်တင်ဘာလ ၈ ရက်က ရုံးချိန်းတွင် စွပ်စွဲခံရသူ ၇ ဦးက အချေလွှာ တင်သွင်းခဲ့ကြောင်း၊ အမှုကို စက်တင်ဘာ ၂၆ ရက်တွင် ဆက်လက်စစ်ဆေးခဲ့ရာ တရားလိုဘက်က တင်ပြချက် ၄ခုကို တင်ပြခဲ့ပြီး တရားပြိုင်များ၏ အကျိုးဆောင်ရှေ့နေက ကန့်ကွက်ခဲ့ကြောင်း၊ ကန့်ကွက်ချက်များကို ကျယ်ပြန့်စွာ ကြားနာနိုင်ရန် အောက်တိုဘာလ ၁၂ ရက်နေ့ ရုံးချိန်းတွင် လျှောက်လဲချက်များကို စာဖြင့် တင်ပြစေကြောင်း တိုင်းတရားလွှတ်တော်ထံမှ သိရသည်။

ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်ကွင်းရှိ ၁၁၅၀ဧကကို ၂၀၀၃ ခုနှစ်တွင် ပင်လုံရတနာဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက ငါးကန်လုပ်ကိုင်ခွင့်ကို ရရှိခဲ့ကြောင်း၊ မြေယာအငြင်းပွားမှုများကြောင့် ၂၀၁၆ ခုနှစ်မှ စတင်ကာ ကုမ္ပဏီက ငါးမွေးမြူရေး လုပ်မရခြင်း၊ တရားစွဲခံရခြင်းတို့ ဖြစ်ပေါ်သဖြင့် ညောင်တုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂ဦး၊ ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး (ယခု ကလောမြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် ဌာနဆိုင်ရာ သုံးဦး၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးအပါအဝင် ၇ဦးကို ကျပ်သိန်းနှစ်သောင်းရလိုမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြောင်းအရ တရားစွဲဆိုထားကြောင်း ပင်လုံရတနာဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီထံမှ သိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်းများကို တရားစွဲဆိုမှုနှင့် ပတ်သက်၍ ရပ်တန့်ပေးရန်၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ထောက်ခံသည့်အနေနှင့် လူ ၂၀၀၀ ခန့်က ညောင်တုန်းမြို့တွင် စက်တင်ဘာလ ၂၄ရက်က ဆန္ဒထုတ်ဖော်ခဲ့ပြီး စက်တင်ဘာလ ၂၆ရက် ရုံးချိန်းတွင် ဒေသခံ ၅၀ ခန့် လာရောက်ခဲ့သည်။ ▪ R-11

NEWS PHOTO




ဓာတ်ပုံ – ရန်နိုင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မဲခေါင်ဒေသလုံခြုံရေး ညှိနှိုင်းမှုဗဟိုဌာန ဖွင့်လှစ်၍ မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းပြီး သုံးလကြာ တာဝန်ထမ်းဆောင်ခဲ့ရာ စက်တင်ဘာ ၂၇ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ Amazing Kyaingtong Resort တွင် အဆိုပါဌာန ပိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

ကျိုင်းတုံမြို့ အမှတ်(၂၈)မူးယစ်တပ်ဖွဲ့စုရုံးဝင်းတွင် ဩဂုတ်လ ၁၀ ရက်နေ့က မဲခေါင်ဒေသလုံခြုံရေး ညှိနှိုင်းမှု ဗဟိုဌာန စတင်ဖွင့်လှစ်ရာ ခြောက်နိုင်ငံ မူးယစ်အထူးတပ်ဖွဲ့ဝင်များ စုပေါင်းရုံးထိုင်ကာ မူးယစ်ဆေးဝါးသတင်းများ ဖလှယ်ခဲ့ကြောင်း၊ ယင်းခြောက်နိုင်ငံတွင် သုံးလ တစ်ကြိမ်ပြောင်းရွှေ့ပြီး စုပေါင်း ရုံးထိုင်မည်ဖြစ်ရာ လက်ရှိတွင် လာအိုနိုင်ငံသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ယင်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ဇော်ဝင်းထွန်းက ပြောကြားသည်။

# အိမ်ကွင်းဂွတ်ဒီဆင်ပါ့ခ်မှာ အနိုင်သုံးမှတ်ကို အဲဗာတန် အရယူပါလိမ့်မယ်

## ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၂)ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



### အက်စ်တာနာ - ဆလားဗီးယားပရပ်

ကာဇက်စတန်ကလပ် အက်စ်တာနာက အဝေးကွင်းကစားပုံ ညံ့ဖျင်းပေမယ့် အိမ်ကွင်းမှာတော့ ပုံစံကောင်းတစ်ရပ် အမြဲတစေ ပြသနိုင်လေ့ရှိပါတယ်။ ချက်ကလပ် ဆလားဗီးယားပရပ်ဟာ သတိကြီးကြီးထားပြီး ကစားနိုင်မှသာ ရလဒ်ကောင်းမွန်နိုင်မှာပါ။ ဒီလိုပွဲမျိုးမှာ ဂိုးအနည်းကို ရွေးချယ်တာက ပိုပြီး သင့်တော်လိမ့်မယ်။

### မက္ကာဘီတဲလ်အဗစ် - ဗီလာရီးရဲလ်

ဗီလာရီးရဲလ်အတွက် အမှတ်ရယူနိုင်ဖို့ အားကုန်ကြိုးပမ်းရမယ့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်လုပ်အားနှုန်း လျော့ကျသွားပြီး ခံစစ်ကြောင်း အမှားများလွန်းတာက ဗီလာရီးရဲလ်ရဲ့အကြီးမားဆုံးသော အားနည်းချက်ပါပဲ။ မက္ကာဘီတဲလ်အဗစ်နဲ့ စွန့်စားကြည့်သင့်တယ်။

### ပါတီဇန်ဘဲလ်ဂရိတ် - ဒိုင်နမိုကိဗ်

ဆားဘီးယားကလပ် ပါတီဇန်ဘဲလ်ဂရိတ်ရဲ့ခြေစွမ်းက အတိတ်ကာလတုန်းကလောက် မာကျောတောင့်တင်းခြင်း မရှိတော့ပါဘူး။ ပြည်တွင်းပြိုင်ပွဲမှာ ထိပ်သီးအသင်းတစ်သင်းအဖြစ် ပါတီဇန်ဘဲလ်ဂရိတ် ရပ်တည်နေနိုင်သေးပေမယ့် ဥရောပအဆင့်မှာတော့ သူတို့ဟာ ထင်တိုင်းမပေါက်နိုင်ဖြစ်လို့နေပါပြီ။ ဒိုင်နမိုကိဗ်ကို အားပေးလိုက်ရအောင်။

### စကင်ဒါဗျူး - ယန်းဘွိုင်းစ်

ကစားသမားအင်အားအရ ဆွစ်ဇာလန်ကလပ် ယန်းဘွိုင်းစ်က အပြတ်သာပါတယ်။ ဒါပေမဲ့ အယ်လ်ဘေးနီးယားကလပ် စကင်ဒါဗျူးဟာ အိမ်ကွင်းပွဲစဉ်တွေဆိုရင် ဘယ်လိုပြိုင်ဘက်မျိုးကိုမဆို မာမာထန်ထန်နဲ့ တုံ့ပြန်တတ်လေ့ရှိလို့ ယန်းဘွိုင်းစ် အခက်တွေ့ရမှာပါ။ သရေကျဖို့ ရာခိုင်နှုန်းများပါတယ်။ စကင်ဒါဗျူးကို ရွေးမယ်။

### လာဇီယို - ဝါရီဂျမ်း

ဒီပွဲကို အနိုင်ရလိုက်မယ်ဆိုရင် လာဇီယိုက နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် အရမ်းကို အခြေအနေကောင်းသွားတော့မှာပါ။ ဘယ်လ်ဂျီယံကလပ် ဝါရီဂျမ်းဟာ ခံစစ်ကိုပိတ်ဆို့ရင်းနဲ့ပဲ အချိန်ကုန်သွားရဖို့ ရှိနေပါတယ်။ လာဇီယိုနဲ့လက်တွဲလိုက်တာက အမှန်ကန်ဆုံးဖြစ်မှာပါ။

### နိုက်စ် - ဗီတက်ဆေး

မနှစ်ကဘောလုံးရာသီတုန်းက ယူရိုပါလိဂ်ကို အာရုံသိပ်မထားခဲ့တဲ့ နိုက်စ်ဟာ ဒီနှစ်မှာတော့ အုပ်စုအဖွင့်မှာတင် ဝါရီဂျမ်းကို ငါးဂိုး တစ်ဂိုးနဲ့ အနိုင်ယူပြီး ယူရိုပါလိဂ်အပေါ်ထားရှိတဲ့ သူတို့ရဲ့သဘောထား ပြောင်းလဲသွားပြီဖြစ်ကြောင်း သက်သေပြလိုက်ပါပြီ။ ဂိုးပြတ်မရှုံးခဲ့ရင် ဗီတက်ဆေးအတွက် ကျေနပ်စရာပါပဲ။ နိုက်စ်ကို သဘောကျမိတယ်။

### ဘိုရီဆော့ဗ် - အာဆင်နယ်

ဘီလာရုစ်ကလပ် ဘိုရီဆော့ဗ်ဟာ နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် လိုအပ်တဲ့အမှတ်တွေကို အိမ်ကွင်းပွဲစဉ်တွေကနေပြီး စုဆောင်းသွားပါလိမ့်မယ်။ အာဆင်နယ်ရဲ့အဝေးကွင်းကစားပုံက သိပ်အကောင်းကြီး ဖြစ်မလာသေးပါဘူး။ အာဆင်နယ်နိုင်ခဲ့ရင်တောင် ဂိုးပြတ်ဖို့ မလွယ်ပါဘူး။ ဘိုရီဆော့ဗ်ကို အကြိုက်တွေ့မိတယ်။

### အေစီမီလန် - ရီဂျိကာ

အေစီမီလန်တိုက်စစ်နဲ့ ရီဂျိကာခံစစ်တို့ အားပြိုင်ကြမယ့်ပွဲစဉ်ပါပဲ။ ဆမ်ဒိုးရီးယားကို နှစ်ဂိုး ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့ရတာကြောင့် ဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့ အေစီမီလန်ဟာ ရီဂျိကာကို ဂိုးပြတ်အနိုင်ယူပြီး အသင်းရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်ကို ပြန်လည်တည်ဆောက်ဖို့ ကြိုးပမ်းသွားပါလိမ့်မယ်။ အေစီမီလန်နဲ့ လက်တွဲလိုက်ကြရအောင်။

### အဲဗာတန် - လီမတ်စ်ဆော

အဲဗာတန်ဟာ အုပ်စုအဖွင့်ပွဲစဉ်တုန်းက စီးရီးအေကလပ် အတ္တလန္တာကို သုံးဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ ထပ်မှားခဲ့ရင် နောက်တစ်ဆင့်တက်ရောက်ခွင့်အတွက် မရေရာတဲ့အခြေအနေတစ်ရပ်ကို ကျိန်းသေရင်ဆိုင်လိုက်ရတော့မှာပဲဖြစ်ပါတယ်။ အိမ်ရှင်အခွင့်အရေးပိုင်ဆိုင်ထားတဲ့ အဲဗာတန်ကို ယုံကြည်ပေးကြပါ။

### ဇင်းနစ် - ဆိုစီဒက်

နှစ်သင်းလုံးက အုပ်စုအဖွင့်ပွဲစဉ်တွေကို ဂိုးပြတ်ရလဒ်တွေနဲ့ချည်း အနိုင်ရရှိခဲ့ကြပါတယ်။ တိုက်စစ်ကို အားပြုကစားကြပုံချင်း တူညီတဲ့အသင်းတွေဖြစ်လို့ အပြန်အလှန်သွင်းဂိုးတွေကို မြင်တွေ့ကြရမှာပါ။ အသင်းရွေးချယ်အားပေးတာထက် ဂိုးအများနဲ့စွန့်စားတာက ပိုပြီး မှန်ကန်မှုရှိနိုင်ပါတယ်။

### ဆဲလ်ဘတ် - မာဆေး

မာဆေးဟာ အုပ်စုအဖွင့်ပွဲစဉ်တုန်းက တူရကီကလပ် ကွန်ယာစပေါကို အနိုင်ရလိုက်ပေမယ့် ခြေစွမ်းက အားရစရာအနေအထားမျိုး မဟုတ်ခဲ့ပါဘူး။ ဩစတြီးယားကလပ် ဆဲလ်ဘတ်က အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ဂိုးမြူးခြေမြူးဖြစ်တတ်လေ့ရှိတဲ့အသင်းပါ။ ဆဲလ်ဘတ်နဲ့ပဲ စွန့်စားလိုက်ရအောင်လား။

### လူဒိုဂိုရက်စ် - ဟော့ဖ်ဖန်ဟိမ်း

ဘူဂေးရီးယားကလပ် လူဒိုဂိုရက်စ်ဟာ ဥရောပပြိုင်ပွဲတွေနဲ့ အမြဲတစေ ထိတွေ့နေတဲ့အသင်းဖြစ်ပါတယ်။ ဟော့ဖ်ဖန်ဟိမ်းက ဘွန်ဒက်စ်လီဂါဆီက စွမ်းဆောင်ရည်တွေကို ဥရောပစစ်မျက်နှာဘက်ဆီ မီးမကူးနိုင်သေးပါဘူး။ သရေကျဖို့ ရာခိုင်နှုန်းများပါတယ်။ လူဒိုဂိုရက်စ်ကို အားပေးလိုက်ကြပါ။

### လိုင်ယွန် - အတ္တလန္တာ

အိမ်ကွင်းကစားပုံကောင်းတဲ့ လိုင်ယွန်ဟာ အတ္တလန္တာကို ပွဲစကတည်းက တိုက်စစ်ဖွင့်ပြီး ဖိအားပေးသွားပါလိမ့်မယ်။ လိုင်ယွန်အတွက် အမှားခံလို့မရတဲ့ ပွဲစဉ်ပါပဲ။ ဒီပွဲမှာသာ တလွဲတချော်တွေဖြစ်သွားခဲ့ရင် ရှေ့လာမယ့် ပွဲစဉ်အားလုံးက လိုင်ယွန်အတွက် ပိုပြီးခက်ခဲသွားတော့မှာပါ။ လိုင်ယွန်ကို ရွေးမယ်။

### အော့စ်တာဆန်းဒ် - ဟာသာဘာလင်

ဟာသာဘာလင်ဟာ အဝေးကွင်းပွဲစဉ်ဖြစ်ပေမယ့် အော့စ်တာဆန်းဒ်ကို အသာစီးကနေ ကစားသွားဖို့ အခက်အခဲ မရှိလောက်ပါဘူး။ ပြိုင်ပွဲအတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားကောင်းတွေကို ပိုင်ဆိုင်ထားတာက ဟာသာဘာလင်ရဲ့အားသာချက်ပဲဖြစ်ပါတယ်။ ဟာသာဘာလင် ကပ်နိုင်သွားပါလိမ့်မယ်။

### စပို့တင်းဘရာဂါ - ဘာဆက်ခ်ဆီဟာ

အုပ်စုအဖွင့်ပွဲမှာ ဟော့ဖ်ဖန်ဟိမ်းကို အနိုင်ရရှိလိုက်တဲ့အချက်က စပို့တင်းဘရာဂါအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ရပ်ကို ဖြစ်ပေါ်သွားစေခဲ့ပါပြီ။ ဒီပွဲကိုထပ်နိုင်လိုက်မယ်ဆိုရင် စပို့တင်းဘရာဂါက နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် အရမ်းကို အခြေအနေကောင်းသွားတော့မှာပါ။ စပို့တင်းဘရာဂါနဲ့ပဲ စွန့်စားလိုက်ပါရစေ။

■ E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၂၈-၉-၂၀၁၇(ကြာသပတေးနေ့)**
**ယူရိုပါလိဂ် အုပ်စုပွဲစဉ်(၂)**

| | |
|---|---|
| ည ၉း၃၀ နာရီ | အက်စ်တာနာ(ကာဇက်စတန်) - ဆလားဗီးယားပရပ်(ချက်) |
| ည ၁၁း၃၀ နာရီ | ကွန်ယာစပေါ(တူရကီ) - ဂွီမာရေစ့်(ပေါ်တူဂီ) |
| ည ၁၁း၃၀ နာရီ | ဆဲလ်ဘတ်(ဩစတြီးယား) - မာဆေး(ပြင်သစ်) |
| ည ၁၁း၃၀ နာရီ | ရိုစင်ဘော့(နော်ဝေ) - ဇာဒါ(မက်ဆီဒိုးနီးယား) |
| ည ၁၁း၃၀ နာရီ | ဇင်းနစ်(ရုရှား) - ဆိုစီဒက်(စပိန်) |
| ည ၁၁း၃၀ နာရီ | လာဇီယို(အီတလီ) - ဝါရီဂျမ်း(ဘယ်လ်ဂျီယံ) |
| ည ၁၁း၃၀ နာရီ | နိုက်စ်(ပြင်သစ်) - ဗီတက်ဆေး(နယ်သာလန်) |
| ည ၁၁း၃၀ နာရီ | ဘီလ်ဘာအို(စပိန်) - ဇော်ယာ(ယူကရိန်း) |
| ည ၁၁း၃၀ နာရီ | အော့စ်တာဆန်းဒ်(ဆွီဒင်) - ဟာသာဘာလင်(ဂျာမနီ) |
| ည ၁၁း၃၀ နာရီ | လူဂါနို(ဆွစ်ဇာလန်) - စတူအာဘူဂါရက်(ရိုမေးနီးယား) |
| ည ၁၁း၃၀ နာရီ | ပလာဇန်(ချက်) - ဟာပိုးလ်ဘီယာရှီဗာ(အစ္စရေး) |
| ည ၁၁း၃၀ နာရီ | ဘိုရီဆော့ဗ်(ဘီလာရုစ်) - အာဆင်နယ်(အင်္ဂလန်) |
| ည ၁၁း၃၀ နာရီ | ကိုလုံး(ဂျာမနီ) - ဇဗက်ဒါ(ဆားဘီးယား) |

**၂၉-၉-၂၀၁၇(သောကြာနေ့)**
**ယူရိုပါလိဂ် အုပ်စုပွဲစဉ်(၂)**

| | |
|---|---|
| နံနက် ၁း၃၅ နာရီ | မက္ကာဘီတဲလ်အဗစ်(အစ္စရေး) - ဗီလာရီးရဲလ်(စပိန်) |
| နံနက် ၁း၃၅ နာရီ | ရှီရစ်ဖ်(မော်လ်ဒိုဗာ) - ကိုပင်ဟေဂင်(ဒိန်းမတ်) |
| နံနက် ၁း၃၅ နာရီ | အေအိုကေအေသင်(ဂရိ) - ဩစတြီးယားဗီယင်နာ(ဩစတြီးယား) |
| နံနက် ၁း၃၅ နာရီ | အေစီမီလန်(အီတလီ) - ရီဂျိကာ(ခရိုအေးရှား) |
| နံနက် ၁း၃၅ နာရီ | လူဒိုဂိုရက်စ်(ဘူဂေးရီးယား) - ဟော့ဖ်ဖန်ဟိမ်း(ဂျာမနီ) |
| နံနက် ၁း၃၅ နာရီ | စပို့တင်းဘရာဂါ(ပေါ်တူဂီ) - ဘာဆက်ခ်ဆီဟာ(တူရကီ) |
| နံနက် ၁း၃၅ နာရီ | လိုင်ယွန်(ပြင်သစ်) - အတ္တလန္တာ(အီတလီ) |
| နံနက် ၁း၃၅ နာရီ | အဲဗာတန်(အင်္ဂလန်) - လီမတ်စ်ဆော(ဆိုက်ပရပ်စ်) |
| နံနက် ၁း၃၅ နာရီ | ပါတီဇန်ဘဲလ်ဂရိတ်(ဆားဘီးယား) - ဒိုင်နမိုကိဗ်(ယူကရိန်း) |
| နံနက် ၁း၃၅ နာရီ | စကင်ဒါဗျူး(အယ်လ်ဘေးနီးယား) - ယန်းဘွိုင်းစ်(ဆွစ်ဇာလန်) |
| နံနက် ၁း၃၅ နာရီ | လိုကိုမိုးတစ်မော်စကို(ရုရှား) - ဇလင်း(ချက်) |

# သမ္မတ ဒေါ်နယ်ထရမ့်၏ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်မှုကြောင့် မိသားစုနှင့် တစ်နှစ်နီးပါး မတွေ့ခဲ့ရကြောင်း ဂူးချန်နက်ဂျ်ဟတ်ဒ် ဖွင့်ဟ


Daily Star

**အမ်စတာဒမ်၊ စက်တင်ဘာ ၂၇**

နယ်သာလန်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဝင် ဟီရန်ဗင်းအသင်းထံ၌ ကစားသမားဘဝဖြတ်သန်းနေသည့် အီရန်လက်ရွေးစင်တိုက်စစ်မှူး ဂူးချန်နက်ဂျ်ဟတ်ဒ်သည် ၎င်းအနေနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်မှုအစီအစဉ်ကြောင့် ၎င်း၏မိသားစုနှင့် တစ်နှစ်နီးပါး မတွေ့ခဲ့ရသည့်အခြေအနေကို ရင်ဆိုင်ခဲ့ရကြောင်း Daily Star က ဖော်ပြထားသည်။

ဂူးချန်နက်ဂျ်ဟတ်ဒ်သည် နယ်သာလန်နှင့် အီရန် နှစ်နိုင်ငံလုံး၏နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ထားသူဖြစ်ကာ ဟီရန်ဗင်းမတိုင်မီတွင် အင်္ဂလန်ကလပ် ချာလ်တန်အသင်းကို ကိုယ်စားပြု၍ အင်္ဂလန်ချန်ပီယံရှစ်တွင် ဂူးချန်နက်ဂျ်ဟတ်ဒ်က ကစားသမားဘဝ လာရောက်ဖြတ်သန်းခဲ့ဖူးသေးသည်။

ဂူးချန်နက်ဂျ်ဟတ်ဒ်၏ဇနီးသည် အပါအဝင် အခြားသောမိသားစုဝင်များသည် လက်ရှိတွင် အမေရိကန်ပြည်ထောင်စု၌ အခြေချနေထိုင်လျက်ရှိပြီး မိသားစုဝင်များထံသို့ အလည်အပတ်သွားရန် ကြိုးပမ်းရာတွင် ယင်းသို့သောအခြေအနေကို ၎င်းအနေနှင့် ရင်ဆိုင်ကြုံဆုံခဲ့ရခြင်းဖြစ်ကြောင်း ဂူးချန်နက်ဂျ်ဟတ်ဒ်က ဆက်လက်ရှင်းပြသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဂူးချန်နက်ဂျ်ဟတ်ဒ်က "ကျွန်တော့်လက်ထဲမှာ နယ်သာလန်နိုင်ငံကူးလက်မှတ်ရော အီရန်နိုင်ငံကူးလက်မှတ်ပါ နှစ်ခုလုံး ရှိနေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဇနီးသည်ဟာလည်း အမေရိကန်နိုင်ငံသူပါ။ နယ်သာလန်နိုင်ငံမှာရှိတဲ့ အမေရိကန်သံရုံးဆီကို ကျွန်တော် ဗီဇာ သွားလျှောက်ခဲ့ပေမယ့် အချိန်တစ်နှစ်ကြာတဲ့အထိ အခြေအနေ မထူးခဲ့ပါဘူး။ ကျွန်တော်လည်း မခံမရပ်နိုင်တာနဲ့ ဒီအကြောင်းကို နယ်သာလန်သတင်းစာတစ်စောင်ဆီ ဖွင့်ချလိုက်ပါတယ်။ အဲ့ဒီတော့မှပဲ ကျွန်တော့်ကို ပြည်ဝင်ခွင့် ပြန်ပေးခဲ့တာပါ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# အသင်းကို ကုစားမှုများ ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း ဂျာဂင်ကလော့ပ် ဝန်ခံ


Getty Images

**လီဗာပူး၊ စက်တင်ဘာ ၂၇**

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် လီဗာပူးနှင့် စပါးတပ်မော်စကိုတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အပြီးတွင် အသင်းကို ကုစားမှုများ ဆောင်ရွက်ရတော့မည်ဟု ဖွင့်ဟဝန်ခံသွားခဲ့ကာ ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ် နှစ်ပွဲဆက်တိုက် သရေရလဒ်ဖြင့် ကြုံဆုံခဲ့ရသည်ကိုလည်း ဂျာဂင်ကလော့ပ်က ဒေါသပေါက်ကွဲနေကြောင်း BBC က ဖော်ပြထားသည်။

နည်းပြ ဂျာဂင်ကလော့ပ်သည် စပါးတပ်မော်စကိုနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဖာမင်ညို၊ ဆာလားဟ်၊ မာနေးနှင့် ကော်တင်ညိုတို့ကို လက်ရှိဘောလုံးရာသီအတွင်း ပထမဆုံးအကြိမ်အဖြစ် အသင်းပွဲထွက်လူစာရင်းတွင် လူစုံထည့်သွင်းသွားခဲ့ကာ ၎င်းတို့အနေနှင့် ပွဲကို စိတ်ကြိုက်ထိန်းချုပ်ခွင့်ရခဲ့သော်လည်း အခွင့်အရေးများကို တိကျသေချာစွာ အဆုံးမသတ်နိုင်ခဲ့ခြင်းက အနိုင်ရလဒ်ဖြင့် ဝေးကွာသွားစေခဲ့ခြင်းဖြစ်သည်ဟု ဂျာဂင်ကလော့ပ်က ထောက်ပြပြောဆိုသွားခဲ့သည်။

စပါးတပ်မော်စကိုနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လီဗာပူးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကော်တင်ညိုက သွင်းယူပေးခဲ့ပြီး ယင်းဂိုးမှာ ကော်တင်ညို၏ပရော်ဖက်ရှင်နယ် ကစားသမားဘဝဖြတ်သန်းမှုအတွင်း ပထမဆုံးသော ချန်ပီယံလိဂ်သွင်းဂိုးအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီလည်း ဖြစ်သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဂျာဂင်ကလော့ပ်က "ကျွန်တော်တို့ အခွင့်အရေးပေါင်းများစွာကို ဖန်တီးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကော်တင်ညိုသွင်းယူခဲ့တဲ့ ဂိုးတစ်ဂိုးကလွဲပြီး နောက်ထပ် ဂိုးမရခဲ့ပါဘူး။ အသင်းကို ပြန်လည်ကုစားရပါတော့မယ်။ ရာနှုန်းပြည့်နီးပါး ကုစားရမှာပါ။ ကျွန်တော်တို့ဘက်က အကောင်းဆုံးအားထုတ်ကစားပါလျက်နဲ့ နိုင်ပွဲမရဖြစ်ရတာကို ကျွန်တော် လက်မခံနိုင်ပါဘူး"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဂျပန်နိုင်ငံ၌ ယနေ့ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြန်မာမီဒီယာဂရုက စီစဉ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဂျပန်နိုင်ငံ၌ စက်တင်ဘာလ ၂၈ ရက် (ယနေ့) ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

Lethwei in Japan 5 အမည်ရှိ အဆိုပါလက်ဝှေ့ပွဲကို တွဲဆိုင်းခြောက်ဆိုင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ခိုလကုအန်ခန်းမ၌ မြန်မာစံတော်ချိန် ညနေ ၄ နာရီအချိန်တွင် ထိုးသတ်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ လေးချီစိန်ခေါ်ပွဲများအဖြစ် ၆၀ ကီလိုတန်းတွင် ဟံသာဝတီသား (မြန်မာ) နှင့် မာကိုကို (ဂျပန်)၊ ၁၀၀ ကီလိုတန်းတွင် ဟာလီဂျက်စင် (ဩစတေးလျ) နှင့် ရာဘု (ဂျပန်) တို့ ထိုးသတ်ကြမည်ဖြစ်ကာ ငါးချီစိန်ခေါ်ပွဲများအဖြစ် ၆၅ ကီလိုတန်းတွင် သားအသဲတစ်ပွင့် (မြန်မာ) နှင့် ပါဝိ (ထိုင်း)၊ ဝင်းထွန်း (မြန်မာ) နှင့် ဟိကာယူကာဆူမိ (ဂျပန်)၊ ၇၀ ကီလိုတန်းတွင် ဖျံသွေး (မြန်မာ) နှင့် ဟာရေယူရာ (ဂျပန်)၊ ရန်နိုင်အောင် (မြန်မာ) နှင့် ခိုဟိခဲရို (ဂျပန်) တို့က မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်အတိုင်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာမီဒီယာဂရုအနေနှင့် ၂၀၁၆ ခုနှစ်ကစ၍ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဂျပန်နိုင်ငံ၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ရာ ယခုပွဲစဉ်သည် ပဥ္စမအကြိမ်မြောက်ကျင်းပသည့်ပွဲစဉ်ဖြစ်သည်။ မြန်မာမီဒီယာဂရုအနေနှင့် နိုဝင်ဘာလလယ်ပိုင်းတွင်လည်း ဂျပန်နိုင်ငံ၌ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကျင်းပရန် ရှိနေသေးသည်။ ■ E-06

# THE VOICE WEDNESDAY SPORTS NEWS

- ပရီးမီးယားလိဂ်ကလပ် လီဗာပူးသည် ပြိုင်ပွဲအရပ်ရပ်တွင် ဂိုးကန်သွင်းချက်စုစုပေါင်း ၂၁၅ ချက် ရှိထားသော်လည်း သွင်းဂိုးစုစုပေါင်း ၂၀ ဂိုးသာ ရရှိထားသည့်အတွက် အခွင့်အရေး အဖြုန်းတီးဆုံးအသင်းအဖြစ် မှတ်တမ်းဝင်လျက်ရှိကြောင်း The Mirror က ဖော်ပြထားသည်။

- အမေရိကန်လက်ဝှေ့ကစားသမား မေဝယ်သာနှင့် အိုင်ယာလန်ကိုယ်ခံပညာစုံတိုက်ခိုက်ရေးကစားသမား မက်ဂရီဂေါ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲကို အမေရိကန်ပြည်ထောင်စု၌ Pay-per-view စနစ်ဖြင့် ရုပ်သံကတစ်ဆင့် ကြည့်ရှုခဲ့သူအရေအတွက်မှာ မေဝယ်သာနှင့် ပက်ကွီယာအိုတို့ ထိုးသတ်ခဲ့သည့်ပွဲစဉ်ကို ကြည့်ရှုအားပေးခဲ့သည့် အရေအတွက်ထက် နည်းပါးခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။ မေဝယ်သာနှင့် မက်ဂရီဂေါ်တို့ ထိုးသတ်ခဲ့သည့်ပွဲစဉ်ကို အမေရိကန်ပြည်ထောင်စု၌ Pay-per-view စနစ်ဖြင့် အားပေးခဲ့သူအရေအတွက်သည် ၄ ဒသမ ၄ သန်းရှိခဲ့ပြီး မေဝယ်သာနှင့် ပက်ကွီယာအိုတို့ ထိုးသတ်ခဲ့စဉ်က ယင်းစနစ်ကတစ်ဆင့် ကြည့်ရှုအားပေးခဲ့သည့် ရုပ်သံပရိသတ်အရေအတွက်မှာ ၄ ဒသမ ၆ သန်းအထိ ရှိခဲ့သည်။

- ချယ်လ်ဆီးနည်းပြ ကွန်တီသည် စပါးတပ်မော်စကိုနှင့် လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ် မတိုင်မီတွင် စပါးတပ်မော်စကိုနည်းပြ ကာရီရာထံသို့ ဆက်သွယ်၍ လီဗာပူးကို မည်သို့သောနည်းဗျူဟာမျိုးဖြင့် ရင်ဆိုင်သင့်ကြောင်း အကြံဉာဏ်များ ပေးအပ်ခဲ့ပြီး လီဗာပူးနှင့်ပွဲစဉ်တွင် ၎င်းတို့အနေနှင့် သရေတစ်မှတ်ကို ရယူနိုင်ခဲ့သည်မှာ ကွန်တီအကြံပေးသည့်အတိုင်း ကစားခဲ့၍ဖြစ်ကြောင်း ကာရီရာကလည်း ဖွင့်ဟဝန်ခံလိုက်ပြီဖြစ်သည်ဟု Sportmail က ဖော်ပြထားသည်။ ကွန်တီနှင့် ကာရီရာတို့သည် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်၌ ဂျူဗင်တပ်ထံတွင် အသင်းဖော်များဖြစ်ခဲ့ကြသည့်အပြင် အီတလီလက်ရွေးစင်အသင်းကို ကွန်တီ တာဝန်ယူခဲ့စဉ်၌လည်း ကာရီရာမှာ ကွန်တီ၏နည်းပြအဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် နေရာပေးခြင်းခံခဲ့ရဖူးသည်။

- စပါးက အေပိုးလ်ကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းယူပေးနိုင်ခဲ့သော စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် ခုနစ်ဦးမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။ ဟယ်ရီကိန်းသည် လက်ရှိ ၂၀၁၇ ခုနှစ်အတွင်း၌ ပြိုင်ပွဲအရပ်ရပ်တွင် ဟက်ထရစ်သွင်းယူနိုင်မှု ခြောက်ကြိမ်အထိ ရှိသွားခဲ့ပြီဖြစ်သည်။

- မန်စီးတီးက ခရစ္စတယ်ပဲလေ့စ်ကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်ကွင်းလယ်လူ တောင်းဆန်၏ဘောလုံးဖျက်ထုတ်မှုကြောင့် ဒူးဒဏ်ရာရရှိသွားခဲ့သော မန်စီးတီးနောက်ခံလူ မင်ဒီသည် ဒဏ်ရာပြင်းထန်သည့်အတွက် လအတန်ကြာ အနားယူပြီးမှသာလျှင် ဘောလုံးပြန်ကစားနိုင်တော့မည်ဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။ မန်စီးတီးသည် ယမန်နှစ်ဘောလုံးရာသီ၌ ကွင်းလယ်လူ ဂန်ဒိုဂန်ကို ဆိုးရွားလွန်းလှသည့် ဒူးဒဏ်ရာကြောင့် ကိုးလကြာ အနားပေးခဲ့ရဖူးသည်။

- နယူးကာဆယ်အသင်း ဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်သူ ဖရက်ဒီရှက်ပတ်သည် လွန်ခဲ့သည့် စက်တင်ဘာလ ၂၅ ရက်နေ့ညတွင် ၎င်း၏နေအိမ်၌ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း နယူးကာဆယ်အသင်းက ကြေညာချက်ထုတ်ပြန်လိုက်ပြီဖြစ်ပြီး ကွယ်လွန်ချိန်တွင် ရှက်ပတ်မှာ အသက် ၇၆ နှစ်အရွယ်ရှိနေပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။ ဖရက်ဒီရှက်ပတ်သည် နယူးကာဆယ်အသင်း ဂန္ထဝင်တိုက်စစ်မှူးအဖြစ် သတ်မှတ်ခြင်းခံထားရသော အလန်ရှီးယားကို မန်ယူနှင့်ယှဉ်ပြိုင်၍ အသင်းထံသို့ အရခေါ်ယူပေးနိုင်ခဲ့သည့်အတွက် နယူးကာဆယ်ပရိသတ်များ၏အသိအမှတ်ပြုခြင်းကို အခိုင်အမာရရှိထားသူဖြစ်သည်။

- အက်သလက်တီကိုအသင်းသည် တိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် ချုပ်ဆိုလိုက်သည့် စာချုပ်၏စာချုပ်ဖျက်သိမ်းခတန်ကြေးကို ပေါင် ၁၇၆ သန်း သတ်မှတ်လိုက်ကြောင်း AS က ဖော်ပြထားသည်။ ချယ်လ်ဆီးနှင့် အက်သလက်တီကိုတို့သည် ဒီယေဂိုကော်စတာအပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၅၇ သန်းဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ဒီယေဂိုကော်စတာ၏စွမ်းဆောင်ရည်များအပေါ်တွင်မူတည်၍ ထည့်သွင်းထားသော နောက်ဆက်တွဲအကျိုးခံစားခွင့်များအရ ယင်းအပြောင်းအရွှေ့၏စုစုပေါင်းတန်ကြေးမှာ ပေါင် ၆၇ သန်းသို့တိုင် မြင့်တက်လာလိမ့်မည်ဟု ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။ ဒီယေဂိုကော်စတာသည် အက်သလက်တီကိုထံတွင် ကျောနံပါတ် ၁၈ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားသွားလိမ့်မည်ဖြစ်သည်။

- Sky Sports ရုပ်သံဌာနသည် အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်းကို ၎င်းတို့ရုပ်သံဌာန၏သံတမန်အဖြစ် စာချုပ်သက်တမ်းတိုးသွားတော့မည် မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပြီဟု The Mirror က ဖော်ပြထားသည်။ Sky Sports သည် ဒေးဗစ်ဘက်ခမ်းကို တစ်နှစ်စပွန်ဆာကြေးပမာဏ ပေါင်ငါးသန်းဖြင့် ၎င်းတို့၏သံတမန်အဖြစ် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားခြင်းဖြစ်ပြီး ၎င်းတို့အနေနှင့် အားကစားပြိုင်ပွဲသစ်များကို စပွန်ဆာပေးရန် အစီအစဉ်ရှိနေသည့်အတွက် ဒေးဗစ်ဘက်ခမ်းကို စာချုပ်သစ် မချုပ်တော့ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း Sky Sports တာဝန်ရှိသူတစ်ဦးက ရှင်းပြသွားခဲ့သည်။

- ဂျာမနီရဲတပ်ဖွဲ့သည် ကိုလုံးနှင့် ပါတီဇန်ဘဲလ်ဂရိတ်တို့ ကိုလုံးအသင်းပိုင်ဘောလုံးကွင်းတွင် ယနေ့(ကြာသပတေးနေ့)ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်အုပ်စုပွဲစဉ်၌ မလိုလားအပ်သည့်ဘေးထွက်ပြဿနာများ ဖြစ်ပေါ်မလာစေရန်အတွက် လုံခြုံရေးတင်းကျပ်မှုများ ဆောင်ရွက်ထားပြီဖြစ်ကြောင်း The Bild က ဖော်ပြထားသည်။ ■ E-11




## ဟယ်ရီကိန်းကို အချစ်ပိုသကဲ့သို့ဖြစ်နေသည့်အတွက် ဇနီးသည်၏မနာလိုခြင်းကိုပင် ခံနေရကြောင်း ပိုချက်တီနို အရွှန်းဖောက်

**လန်ဒန်၊ စက်တင်ဘာ ၂၇**

စပါးနည်းပြ ပိုချက်တီနိုသည် ၎င်းအနေနှင့် တိုက်စစ်မှူး ဟယ်ရီကိန်းကို အချစ်ပိုသကဲ့သို့ ဖြစ်နေသည့်အတွက် ဇနီးသည်ဖြစ်သူ၏ မနာလိုခြင်းဖြင့်ပင် ရင်ဆိုင်နေရကြောင်း အရွှန်းဖောက်ပြောကြားသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

ဟယ်ရီကိန်းသည် စပါးက အေပိုးလ်ကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းယူပေးခဲ့ပြီး လက်ရှိတွင် ဟယ်ရီကိန်းမှာ ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီ၊ ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး စီရော်နယ်ဒိုတို့နှင့် အဆင့်တူ အနေအထားသို့ရောက်လာခဲ့ပြီဖြစ်ကြောင်းလည်း ပိုချက်တီနိုက ဖွင့်ဟချီးကျူးသွားခဲ့ပြီဖြစ်သည်။

ဟယ်ရီကိန်းသည် လွန်ခဲ့သည့် ဩဂုတ်လအတွင်း၌ ဂိုးပေါက်ရှာမတွေ့သည့် အခြေအနေဆိုးဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိအချိန်တွင် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုးကိုးဂိုးအထိ ရယူလိုက်နိုင်ပြီဖြစ်ပြီး ပြင်းထန်လွန်းသည့်ဖိအားများအောက်က ရုန်းထွက်၍ ဂိုးများ ဆက်တိုက်သွင်းယူပြနိုင်သည်မှာလည်း တိုက်စစ်မှူးကောင်းတစ်ယောက်၏စစ်မှန်သောအရည်အချင်းပင်ဖြစ်ကြောင်း ပိုချက်တီနိုက အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ပိုချက်တီနိုက “ကျွန်တော့်ကို သတင်းထောက်တွေက ဟယ်ရီကိန်းရဲ့အကြောင်းကိုမေးတိုင်း သူ့ကို အရမ်းချစ်တဲ့အကြောင်း ကျွန်တော် အမြဲထည့်ပြောမိလေ့ရှိပါတယ်။ ဒီစကားကို သူ့ဇနီးရော ကျွန်တော့်ဇနီးရော မကြိုက်လောက်ပါဘူး။ သူတို့ ကျွန်တော့်ကို မနာလိုဖြစ်တာမျိုးတောင် ရှိနိုင်ပါတယ်။ ဟယ်ရီကိန်းဟာ ထိပ်တန်းအဆင့် တိုက်စစ်မှူးပါ။ ဒါကို သူ့ရဲ့စွမ်းဆောင်ရည်တွေက အာမခံနေပါတယ်။ အသက်အရွယ်အရ သူဟာ ဆက်လက်တိုးတက်လာလိမ့်ဦးမယ်ဆိုတာကလည်း သေချာနေပြီးသားပါ” ဟု ပြောကြားသွားခဲ့သည်။

■ E-11

## စာချုပ်သစ်ချုပ်ဆိုပြီးပါက ပရီးမီးယားလိဂ်၏လုပ်ခလစာအများဆုံးရ ကစားသမားအဖြစ် ဟားဇတ် ရပ်တည်နိုင်မည်

**လန်ဒန်၊ စက်တင်ဘာ ၂၇**




ချယ်လ်ဆီးအသင်းသည် တိုက်စစ်တောင်ပံကစားသမား ဟားဇတ်ကို စာချုပ်သစ်လက်မှတ်ရေးထိုးနိုင်ရန် လွန်စွာနီးစပ်နေပြီဖြစ်ကာ ယင်းစာချုပ်သစ်ကို လက်မှတ်ရေးထိုးပြီးပါက ဟားဇတ်မှာ ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် လုပ်ခလစာအများဆုံးရ ကစားသမားအဖြစ် ရပ်တည်သွားနိုင်တော့မည်ဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ချယ်လ်ဆီးသည် အသက် ၂၆ နှစ်အရွယ်ရှိ ဟားဇတ်ကို တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်အဖြစ် ပေါင်သုံးသိန်းအထိ ပေးချေ၍ စာချုပ်သစ်ချုပ်ရန် စီစဉ်နေခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကြားတွင် စာချုပ်သစ်အထမြောက်ရန် အခြေအနေကောင်းများရှိနေပြီဖြစ်ကြောင်းကို ဟားဇတ်၏အကျိုးဆောင်များကလည်း အတည်ပြုထားကြပြီလည်းဖြစ်သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ လုပ်ခလစာအများဆုံးရ ကစားသမားအဖြစ် ထိပ်ဆုံးနေရာက ရပ်တည်နေသူမှာ မန်ယူကွင်းလယ်လူ ပေါ့ဂ်ဘာဖြစ်ပြီး မန်ယူမှာ ပေါ့ဂ်ဘာကို တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်အဖြစ် ပေါင် ၂၉၀,၀၀၀ ပေးအပ်ထားသည်။

ဟားဇတ်သည် လက်ရှိအချိန်တွင် ချယ်လ်ဆီးထံ၌ တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်အဖြစ် ပေါင် ၂၂၀,၀၀၀ သာ ရရှိနေပြီး ၎င်းတို့၏ကစားသမားဖြစ်သူကို ခေါ်ယူရန် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်က အဆက်မပြတ် စောင့်ကြည့်မှုများရှိနေသည့်အတွက် ယခုကဲ့သို့ စာချုပ်သစ်ဆွေးနွေးမှုကို အလျင်အမြန်အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်ဟု ချယ်လ်ဆီးက သတင်းထုတ်ပြန်ထားပြီလည်းဖြစ်သည်။ ■ E-11

## ကစားသမားဘဝ ဖြတ်သန်းမှုအကြောင်းကို ကိန်းဂဏန်းများက သက်သေခံလိမ့်မည်ဟု စီရော်နယ်ဒို အသိပေး

**မက်ဒရစ်၊ စက်တင်ဘာ ၂၇**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်က ဒေါ့မွန်ကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး ရယူပေးနိုင်ခဲ့ပြီး ယင်းပွဲစဉ်အပြီးတွင် ဘက်တစ်၊ အလာဗက်စ်တို့နှင့်ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်များ၌ ပုံစံကောင်း မရရှိခဲ့ခြင်းအတွက် ၎င်းကို တိုက်ခိုက်ဝေဖန်ခဲ့ကြသော သတင်းမီဒီယာများကို စီရော်နယ်ဒိုက ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကိန်းဂဏန်းများက သက်သေခံလိမ့်မည်ဟု တုံ့ပြန်ပြောကြားသွားခဲ့ကြောင်း Marca က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် ဆိုက်ပရပ်စ်ကလပ် အေပိုးလ်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စု အဖွင့်ပွဲစဉ်တွင်လည်း အသင်းအတွက် သွင်းဂိုးနှစ်ဂိုး ရယူပေးနိုင်ခဲ့ကာ ယင်းအတွက် လက်ရှိဘောလုံးရာသီတွင် စီရော်နယ်ဒို ရယူနိုင်ခဲ့သည့် ချန်ပီယံလိဂ် သွင်းဂိုးအရေအတွက်မှာ လေးဂိုးအထိ ရှိသွားခဲ့ပြီဖြစ်သည်။




ရီးရဲလ်မက်ဒရစ်က ဒေါ့မွန်ကို အနိုင်ရရှိခဲ့သည့် အဆိုပါချန်ပီယံလိဂ်အုပ်စုပွဲစဉ်သည် စီရော်နယ်ဒိုအတွက် ရီးရဲလ်မက်ဒရစ်ထံတွင် ကစားသမားဘဝဖြတ်သန်းမှု ပွဲ ၄၀၀ ပြည့်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ကာ ယခုပွဲစဉ်၌ ရီးရဲလ်မက်ဒရစ်မှာ ဒေါ့မွန်အသင်းပိုင်အိမ်ကွင်းသို့ သွားရောက်ကစားရာတွင် သမိုင်းကြောင်းတစ်လျှောက် ပထမဆုံးအကြိမ် နိုင်ပွဲရရှိခြင်းအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရရှိသွားခဲ့သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် စီရော်နယ်ဒိုက “ကျွန်တော်ဟာ ကျွန်တော်ကစားခွင့်ရရှိတဲ့ အချိန်တိုင်းမှာ အသင်းအတွက် အမြဲတစေ အကောင်းဆုံး ပေးဆပ်ခဲ့ပါတယ်။ ဒါပေမဲ့ ပုံစံကောင်း နည်းနည်းလောက် ပျောက်သွားလိုက်တာနဲ့ ကျွန်တော့်ကို ပြင်းပြင်းထန်ထန် ဝေဖန်ထိုးနှက်တာကတော့ တရားမျှတမှု ကင်းမဲ့လွန်းသလိုပါပဲ။ ကျွန်တော်ဟာ အကောင်းဆုံးကစားသမားတစ်ယောက် ဟုတ်၊ မဟုတ်ကို တစ်နေ့နေ့ရောက်ရင် ကျွန်တော်ချန်ထားရစ်ခဲ့တဲ့ ကိန်းဂဏန်းတွေက အားလုံးကို ပြောပြပါလိမ့်မယ်” ဟု ပြောကြားသွားခဲ့သည်။ ■ E-11

## လိုက်ပ်ဇစ်ဂျ်ကွင်းလယ်လူ တီမိုဝါနာ နားဆို့များတပ်၍ ကစားသော်လည်း အဆင်မပြေခဲ့

**အစ္စတန်ဘူလ်၊ စက်တင်ဘာ ၂၇**

လိုက်ပ်ဇစ်ဂျ်ကွင်းလယ်ကစားသမား တီမိုဝါနာသည် ဘက်ဆစ်တပ်က လိုက်ပ်ဇစ်ဂျ်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘက်ဆစ်တပ်ပရိသတ်များ၏အော်ဟစ်အားပေးသံများကြောင့် နားမခံသာဖြစ်ခဲ့ရပြီး ၎င်းအနေနှင့် နားဆို့များတပ်၍ ကစားခဲ့သော်လည်း အဆင်မပြေခဲ့ကြောင်း တီမိုဝါနာက ဖွင့်ဟပြောကြားသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

တီမိုဝါနာသည် ပွဲကစားနေစဉ်အတွင်း ဦးခေါင်းမူးဝေလာခဲ့သည့်အတွက် အခက်အခဲများဖြင့် ကြုံဆုံခဲ့ရကာ ဘက်ဆစ်တပ်ပရိသတ်များ၏ဆူညံစွာ အော်ဟစ်အားပေးသံများကြောင့် ယင်းမူးဝေမှုမှာ တစ်စထက်တစ်စ ပိုမိုဆိုးရွားလာခဲ့သည့်အတွက် အဆုံးသတ်တွင် လိုက်ပ်ဇစ်ဂျ် နည်းပြ ဟာဆန်ဟတ်တယ်လ်ကို ၎င်းအား လူစားလဲလှယ်ပေးပါရန် တီမိုဝါနာက တောင်းဆိုလိုက်ရသည်အထိ ဖြစ်သွားခဲ့ရသည်။

တီမိုဝါနာသည် လိုက်ပ်ဇစ်ဂျ်က ဖရန့်ဖတ်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်အပြီးတွင် ဘက်ဆစ်တပ်ကို ရင်ဆိုင်ရန်အတွက် အစ္စတန်ဘူလ်မြို့သို့ ကြောက်ရွံ့မှုကင်းမဲ့စွာဖြင့် သွားရောက်မည်ဖြစ်ကြောင်း၊ ဘက်ဆစ်တပ်ဟူသည်မှာ ဘိုင်ယန်မြူးနစ်နှင့်ဒေါ့မွန်မဟုတ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သေးသည်။

ဘက်ဆစ်တပ်နှင့် လိုက်ပ်ဇစ်ဂျ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာ၌ တီမိုဝါနာက “ကျွန်တော့်ဘဝမှာ ဒီလိုအခြေအနေမျိုးကို တစ်ကြိမ်တစ်ခါကမှ မတွေ့မြင်ဖူးပါဘူး။ ပွဲကို အာရုံမစိုက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ အခုအချိန်တိုင်တဲ့အထိ မအီမသာဖြစ်နေသလို ကျွန်တော် ခံစားနေရဆဲပါပဲ။ နည်းပြဆီကနေ နားဆို့တွေ တောင်းယူတပ်ဆင်ပြီး ကစားခဲ့ပေမယ့်လည်း ကျွန်တော့်အတွက် အဆင်မပြေခဲ့ပါဘူး”ဟု အသိပေးသွားခဲ့သည်။

သတင်းမီဒီယာများကမူ တီမိုဝါနာ ဦးခေါင်းမူးဝေနေခဲ့သည်မှာ ပရိသတ်များ၏ အော်ဟစ်အားပေးသံများနှင့် မသက်ဆိုင်လောက်ဘဲ ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှုစနစ်တွင် တစ်စုံတစ်ခု အမှားအယွင်းရှိနေ၍ဖြစ်ဖွယ်ရှိကြောင်း သုံးသပ်မှတ်ချက်ပေးသွားခဲ့သည်။

■ E-11

## အာရှယူ-၁၆ ခြေစစ်ပွဲဝင် မြန်မာအသင်း နှစ်ပွဲဆက်ရှုံး၊ အုပ်စုအဆင့်ဖြင့်ကျေနပ်ရမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသော အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် နှစ်ပွဲဆက် ရှုံးနိမ့်ထားသောကြောင့် အုပ်စုအဆင့်ဖြင့်ကျေနပ်ရမည့်အနေအထားနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

အာရှ ယူ-၁၆ ခြေစစ်ပွဲ၏ အုပ်စု (၉) တွင် ပါဝင်နေသော မြန်မာအသင်းသည် စက်တင်ဘာလ ၂၅ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သောပွဲတွင် တရုတ်အသင်းကို ခြေရည်တူ ယှဉ်ကစားနိုင်ခဲ့သော်လည်း နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ စက်တင်ဘာလ ၂၇ ရက်နေ့က ကစားခဲ့သောပွဲတွင် တောင်ကိုရီးယားအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ လေးဂိုး ဂိုးမရှိ ထပ်မံရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းအနေနှင့် စက်တင်ဘာလဆန်းပိုင်းက ထိုင်းနိုင်ငံသို့ နှစ်ပတ်ကြာသွားရောက်ကာ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲ လေးပွဲကစားကာ ခြေစစ်ပွဲအောင်မြင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သေးသည်။

နည်းပြချုပ် ဦးညီညီလတ် တာဝန်ယူထားသော မြန်မာ ယူ-၁၆ အသင်းအနေနှင့် ခြေစစ်ပွဲအောင်ရန် အခွင့်အရေးနည်းပါးသွားပြီဖြစ်သော်လည်း စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖိလစ်ပိုင်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

အုပ်စု (၉) တွင် ပါဝင်သောအသင်းများအနက် တောင်ကိုရီးယားအသင်းသည် နှစ်ပွဲကစားပြီးချိန်တွင် အုပ်စုပထမ နေရာတွင် ရပ်တည်နေပြီး ခြေစစ်ပွဲအောင်ရန် အလားအလာကောင်းနေကာ တရုတ်အသင်းအနေနှင့်လည်း နှစ်ပွဲဆက် အနိုင်ရထားသောကြောင့် ခြေစစ်ပွဲအောင်ရန် အခွင့်အရေးရှိနေပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့မှာ အုပ်စုအဆင့်ဖြင့် ကျေနပ်ရတော့မည်ဖြစ်သည်။ ■ E- 06


Reuters

# ရွှေဝါရောင်တော်လှန်ရေးမှ သမိုင်းဝင် ပူလစ်ဇာဆုရ ဓာတ်ပုံတစ်ပုံ၏နောက်ကွယ်

ရိုက်တာ(Reuters)သတင်းဌာနမှ အကြီးတန်းဓာတ်ပုံဆရာအန်ဒရီစ် လာတစ်ဖ်(AndreesLatif) က ပူလစ်ဇာဆုရသည့် ဓာတ်ပုံတစ်ပုံ မည်သို့ရိုက်ကူးဖြစ်ခဲ့သည်ဆိုခြင်းအကြောင်း ၂၀၀၈ ခုနှစ်တွင် ပြန်ပြောပြခဲ့သည်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး အရှိန်အမြင့်ဆုံးအချိန်၊ အင်အားသုံး နှိမ်နင်းမှုများစတင်ခဲ့သည့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဂျပန်သတင်းထောက် ခန်းဂျိနာဂအိ ပစ်သတ်ခံခဲ့ရပုံကို လာတစ်ဖ်က အမှတ်မထင် ရိုက်ကူးနိုင်ခဲ့သည့် ဓာတ်ပုံသည် မြန်မာသမိုင်း၏ အချိုးအကွေ့တစ်ခုကို မမေ့လျော့စေကြခြင်းငှာ သမိုင်းမှတ်တမ်းအဖြစ် ကျန်ရှိခဲ့ပါသည်။ လာတစ်ဖ် ပြန်ပြောပြသည့် ဓာတ်ပုံရိုက်ကူးဖြစ်ခဲ့ပုံကို အကျဉ်းမျှ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

လောင်စာဆီဈေးတွေတက်တာကို ဆန့်ကျင်တဲ့ ဆန္ဒပြမှုတွေဖြစ်နေတယ်ဆိုလို့ ကျွန်တော် ရန်ကုန်ကို ၂၀၀၇၊ စက်တင်ဘာလ ၂၃ ရက်နေ့မှာ ရောက်ခဲ့တယ်။ အဝတ်ဟောင်းတချို့ရယ်၊ Canon 5D ကင်မရာရယ်၊ မှန်ဘီလူးနှစ်လုံးရယ်၊ လက်ပ်တော့တစ်လုံးရယ်ပဲပါတယ်။

နောက်လေးရက်လုံး မြို့လယ်က နှစ်ကီလို-သုံးကီလိုမီတာလောက်ပဲ ဝေးတဲ့ ရွှေတိဂုံစေတီတော်ကို သွားတယ်၊ မွန်းတည့်ချိန်ဆို အဲဒီမှာစုတဲ့ သံဃာတော်တွေကို သွားစောင့်တာပါ။

ကျွန်တော်က ဒီစေတီတော်ပဲ နေ့တိုင်းသွားတော့ သံဃာတော်တွေအပါအဝင် တချို့လူတွေက ကျွန်တော်ဘယ်သူလဲ၊ ဘယ်ဝါလဲ၊ ဘာလုပ်သလဲ မေးကြတယ်။ အာဏာရ စစ်အစိုးရက အရမ်းလျှို့ဝှက်မှန်း သိတော့ ကျွန်တော်လည်း သတိနဲ့ပဲ ပြန်ဖြေရတယ်။

ခြေဗလာနဲ့ကြွချီလာတဲ့ သံဃာတွေကို အရပ်သားတွေက ဝိုင်းရံပေးကြတယ်။ သံဃာတော်တွေက မေတ္တာပို့ ဆုတောင်းပြုပြီးရင် ရန်ကုန် မြို့လယ်ကဆူးလေစေတီတော်ဆီ နှစ်ကီလို-သုံးကီလိုမီတာ လောက်ဝေးတဲ့ ခရီးကို ချီတက်ကြတယ်။ နေ့တိုင်း အရေအတွက်က များများလာတယ်၊ ရာဂဏန်းကနေ ထောင်ချီရှိလာတယ်။

စက်တင်ဘာလ ၂၇ မှာ မြို့ထဲမှာ စစ်သားတွေ ပြည့်နေပြီ။ စစ်သားတွေနဲ့ ထောက်လှမ်းရေးတွေက လမ်းထောင့်တွေမှာစောင့်နေကြတယ်။

ရွှေတိဂုံဘုရားကို ပိတ်ထားတော့ ကျွန်တော်လည်း ဆူးလေမှာ စစ်သားတွေကို စိန်ခေါ်တဲ့လူငယ်အုပ်စုတွေ ဘာတွေ တွေ့မလားဆိုပြီး မြို့လယ်ကိုထွက်လာတာ။

မိနစ်ပိုင်းအတွင်းမှာ လူအုပ်က ရာဂဏန်းကနေ ထောင်နဲ့ချီဖြစ်လာတယ်။ လမ်းတစ်လျှောက်မှာ စစ်သားတွေက သံဆူးကြိုးတွေ ကာထားတယ်။

၁၉၈၈ လူထုအုံကြွမှုကြီးတုန်းက အလားတူအခြေအနေမျိုးမှာ လူရာနဲ့ချီ ပစ်သတ်ခံရဖူးတယ်ဆိုတာ သိထားတော့ အပေါ်ကမိုးကြည့်လို့ရတဲ့ ခုံးတံတားဟောင်းတစ်ခု (ဆူးလေလူကူးခုံးကျော်ကို ဆိုလိုဟန်ရှိသည်) အပေါ် တက်လိုက်တယ်။ ရှင်းရှင်းလင်းလင်း မြင်နိုင်လောက်တဲ့ နေရာတစ်နေရာပေါ့။

ကျွန်တော့်အောက်မှာတော့ ဆန္ဒပြသူတွေက သီချင်းတွေဆိုပြီး အလံတွေ ဝှေ့ယမ်းနေကြတယ်။ လူငယ်အချို့က စစ်သားတွေကို ပြောင်ပြနေတယ်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီမိနစ် ၃၀ မှာ အစိမ်းပုတ်ရောင် အမိုးမပါတဲ့ စစ်ကားနှစ်စီး ရောက်လာတယ်။ အဲဒီနောက်မှာ လုံထိန်းတွေပါတဲ့ နောက်ထပ်ကားတွေ ဒါဇင်နဲ့ချီရောက်လာတယ်။ သူတို့ကို လူအုပ်ကြီးက ရော်ဘူးတွေ၊ အသီးတွေနဲ့ပေါက်တာ၊ ပြောဆိုတာတွေရှိခဲ့တယ်။

ကျွန်တော်က ၁၃၅ မီလီမီတာ မှန်ဘီလူးနဲ့ချိန်ပြီး ကင်မရာ shutter speed ကို 1000၊ aperture ကို F/7.1၊ ISO 800 မှာ ချိန်ထားလိုက်တယ်။ ကင်မရာ Manual ဖြစ်သွားတာနဲ့ ဖြစ်နိုင်သမျှ ကွက်ကွက်ကွင်းကွင်း ရိုက်နိုင်အောင် လုပ်ရှားမှုတွေ ရပ်သွားစေချင်တာ။

နှစ်မိနစ်လောက်ကြာတော့ စပြီး ပစ်တော့တာပဲ။ ကျွန်တော့်မျက်လုံးထဲမှာ နောက်ကိုလွင့်လာတဲ့ လူတစ်ယောက်ကို တွေ့လိုက်တယ်။ တစ်ချိန်တည်းမှာအဲဒီလူရဲ့ ကျောပေးထားတဲ့ပုံအတိုင်း လေးပုံလောက် ရိုက်လိုက်နိုင်တယ်။

ပထမပုံမှာ ကျည်ဆန်အဝင်လမ်းက ရှင်းတယ်။ ညှပ်ဖိနပ်စီးထားတဲ့ စစ်သားတစ်ယောက်က အဲဒီလူပေါ် မိုးရပ်နေပြီး ရိုင်ဖယ်နဲ့ချိန်ထားတယ်။ ဒုတိယပုံမှာကျတော့ အဲဒီလူက လက်ဆန့်ပြီးဗီဒီယို ရိုက်ဖို့လုပ်နေတာ။

နောက်ထပ် ပစ်ခတ်မှုတွေဆက်ဖြစ်တယ်။ နောက်ထပ်နှစ်ပုံလောက်ထပ်မရိုက်မီ ကျွန်တော်ပါ လက်တွန့်သွားတယ်။ နောက်နှစ်ပုံက အဲဒီလူက စစ်သားကို ကင်မရာနဲ့ ချိန်ထားတဲ့ပုံရယ်၊ နောက်တစ်ပုံက သူ့မျက်နှာမှာ နာကျင်မှုခံစားနေရတဲ့ပုံရယ်။

သူ့နောက်မှာတော့ စစ်သားတွေ တိုးဝင်မလာမီ လူအုပ်က ပြန့်ကြဲသွားတယ်။ တစ်ကမ္ဘာလုံးမှာ ပဲ့တင်ထပ်သွားတဲ့ ဖြစ်စဉ်ကြီးတစ်ခုလုံးက နှစ်စက္ကန့်အတွင်း ပြီးသွားတယ်။

ကျွန်တော် တံတားပေါ်မှာဆက်ပုန်းနေပြီး လူအုပ်ကြားကနေ ဓာတ်ပုံတချို့ ထပ်ရိုက်တယ်။ ဒါပေမဲ့ စစ်သားတွေက သေနတ်နဲ့ပစ်နေပြီး မီးခိုးဗုံးတွေကအောက်မှာရှိနေတော့ ကျွန်တော်လည်း တံတားပေါ်ကဆင်းရတယ်။

ကျွန်တော့် တစ်ကိုယ်လုံးလည်း တုံယင် စိတ်လှုပ်ရှားနေပြီး ကင်မရာကို အိတ်ထဲထည့်ပြီး ဆန္ဒပြသူတွေနောက်ကို နောက်ထပ် တစ်နာရီခွဲလောက်ကြာအောင် လျှောက်လိုက်နေမိတယ်။ ဆန္ဒပြအင်အား

စာ - 23

ALSO IN NEWS

## ဗြိတိန်ရဲ့အသက်အကြီးဆုံး ဆိုင်ကယ်စီးရိုက်ဒါကြီး အသက် ၁၀၁ နှစ်ပြည့်ပြီ

ဗြိတိန်ရဲ့အသက်အကြီးဆုံး ဆိုက်ကယ်စီးရိုက်ဒါကြီးလို့ ယူဆရတဲ့ ဘဘကြီးဟာ ခုဆိုရင် အသက် ၁၀၁ နှစ် ဖြစ်သွားခဲ့ပါပြီ။ ဒါပေမဲ့ အနီးအနားလမ်းတွေပေါ်မှာ ဆိုင်ကယ်သံ တညံညံနဲ့ ပွဲခံစီးနင်းနေတုန်းပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀ လောက်ကတည်းက ဆိုင်ကယ်ကို စီးလာခဲ့တဲ့ဘဘကြီး အမည်ကတော့ ဂျက်ခ်စတဲစ် ဖြစ်ပါသတဲ့။ သူ့မှာ ဆိုင်ကယ်အမျိုးအစားပေါင်းစုံရှိပြီး မော်တော်ဆိုင်ကယ်စီးလိုင်စင်ကိုလည်း ၁၀ ကြိမ်တိုင်တိုင် သက်တမ်းတိုးခဲ့ရတယ်လို့ ဆိုထားပါတယ်။ ကျွန်တော် အသက် ၇ နှစ်မှာ အဖေက ဆိုင်ကယ်ဝယ်ပေးခဲ့ပါတယ်။ တစ်ချိန်လုံး စီးနေတော့တာပါ။ ကျောင်းကို ဆိုင်ကယ်နဲ့လာတာ ကျွန်တော်တစ်ယောက်တည်းရှိတယ်လို့ ဘကြီး ဂျက်ခ် က ပြောကြားခဲ့ပါတယ်။ သူ့ရဲ့အသက် ၁၀၁ နှစ်ပြည့်မွေးနေ့မှာ ဆိုင်ကယ်စီးစွမ်းရည်ကို ဗြိတိန်ရုပ်သံအစီအစဉ်တစ်ခုအတွက် ပြခဲ့ပါသေးတယ်။ ■ F-02



## တက္ကဆက်မှာ ကြောက်စရာ လူရွှင်တော်က ဒိုးနတ်မုန့် လိုက်ပို့

အမေရိကန်ပြည်ထောင်စု ဒိုးနတ်မုန့် အရောင်းဆိုင်တစ်ဆိုင်က အရောင်းမြှင့်တင်ရေး ထူးထူးဆန်းဆန်းအိုင်ဒီယာ တစ်ခုလုပ်ခဲ့ပါတယ်။ ဒါကတော့ လူသတ်သမားပုံ ပေါက်နေတဲ့ လူရွှင်တော်(ကလောင်းကြီး)ကို အိမ်တိုင်ရာရောက် ဒိုးနတ်မုန့်ပို့ခိုင်းတာပဲ ဖြစ်ပါသတဲ့။ တကယ်လို့ သင်ဟာ မိတ်ဆွေ သူငယ်ချင်း မိသားစုကို ခြောက်လှန့်ချင်ရင်တော့ ဒိုးနတ်မုန့်ဝယ်ပေးပြီး အိမ်လိပ်စာပေးလိုက်ပါ။ ခုတစ်လောရေပန်းစားနေတဲ့ IT ဇာတ်ကားထဲက လူရွှင်တော်မကောင်းဆိုးဝါးကြီး ပန်နီဝိုက်စ်လို ဒီဇိုင်းနဲ့ လူရွှင်တော်ကြီးက ဘောလုံးအနီလေးတွေကိုင်ပြီး သွားပို့ပါလိမ့်မယ်။ Hurts လို့ အမည်ရတဲ့ အဲဒီဒိုးနတ်ဆိုင်ဟာ မုန့်လိုက်ပို့နေတဲ့ကလောင်းကြီးကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက် မီဒီယာပေါ် တင်ထားပါတယ်။ ဟောလိုးဝင်းရာသီ အရောင်းမြှင့်တင်မှု အထိမ်းအမှတ်အဖြစ် အဲဒီလိုမျိုး လူသတ်သမား မကောင်းဆိုးရွားလူရွှင်တော်ကြီးပုံ ဆင်မြင်းထားတဲ့ကလောင်းကို ငှားရမ်းခဲ့တာပါတဲ့။ ■ F-02

